# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၍

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။ **ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)**


၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဧပြီ ၁ ရက်၊ စနေနေ့ | အတွဲ (၅၆)၊ အမှတ် (၁၈၃)


# ပြည်သူနှင့်အတူ

## အမျိုးသားကျန်းမာရေးစီမံကိန်းသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့် စီမံကိန်းဖြစ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်မှုအသိပေးခြင်းအခမ်းအနား၌ ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ် (သတင်းစဉ်)

**နေပြည်တော် မတ် ၃၁**

အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်မှု အသိပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်ခြင်းသည် နိုင်ငံတစ်ခုအတွက် အကောင်းဆုံး လာဘ်လာဘဖြစ်သည်ဟု ဆိုချင်ပါကြောင်း၊ သို့သော် လာဘ်လာဘဟုပြောသည့်အခါ အများကပေးသည့် လွယ်လွယ်နှင့် ရသောလာဘ်လာဘမျိုးမဟုတ်ဘဲ ဉာဏ်ပညာ၊ ဝီရိယတို့နှင့် ယှဉ်တွဲပြီး စနစ်တကျရယူသည့် ဆုလာဘ်မျိုးဖြစ်ရမည်ဖြစ်ပါကြောင်း၊ ယခုလိုအတွေးအခေါ်နှင့် မိမိတို့၏ အမျိုးသားကျန်းမာရေးစီမံကိန်းကို ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ စိတ်ကူးယဉ်၍လည်းကောင်း၊ ယေဘုယျအားဖြင့်လည်းကောင်း ရေးဆွဲထားခြင်းမဟုတ်ဘဲ တစ်နှစ်ပြီးတစ်နှစ် ဘယ်လိုဆက်လက်၍ ဆောင်ရွက်သွားမလဲဆိုတာကို ဆုံးဖြတ်ပြီး ရေးဆွဲထားသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအတွက် ပြည်သူ ပြည်သားများ၏ ကျန်းမာရေးသည် အင်မတန်အရေးကြီးပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## ကြားဖြတ်ရွေးကောက်ပွဲရလဒ်များ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက် (စနေ)နေ့တွင် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်နေသည့် မဲဆန္ဒနယ်(၁၉)နယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲရလဒ်များအား နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး Result Center တွင် ယင်းနေ့ ညနေပိုင်းမှစတင်၍ ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ရာ တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားသည်။


KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# တစ်နှစ်သားလွှတ်တော်နှင့် စွမ်းဆောင်ချက်များ


၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့ အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ဒုတိယအကြိမ် လွှတ်တော်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့ရာ ယခုဒုတိယအကြိမ်လွှတ်တော်သည် သက်တမ်းတစ်နှစ်စွန်းစွန်းကို ဖြတ်သန်းခဲ့ပြီး ဖြစ်ပါသည်။ ဒုတိယအကြိမ် လွှတ်တော်သည် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ နိုင်ငံရေးလှုပ်ရှားတက်ကြွသူများနှင့် ဒီမိုကရေစီရေးအတွက် အနစ်နာခံဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များစွာ ပါဝင်နေရာ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထူးခြားသောလွှတ်တော်ဟု ဆိုရမည်ဖြစ်သည်။

လွှတ်တော်၏ အဓိကတာဝန်များမှာ ကိုယ်စားပြုခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဥပဒေပြုခြင်းတို့ပင်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်သည် မိမိကိုယ်စားပြုရာ မဲဆန္ဒနယ်မြေမှ ပြည်သူများ၏ ကိုယ်စားလွှတ်တော်တွင် ပြောဆိုပိုင်ခွင့်ရှိသူ ဖြစ်သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်သည် အစိုးရကို စောင့်ကြည့်ရန် တာဝန်ရှိသကဲ့သို့ အစိုးရ၏ မူဝါဒများ၊ လုပ်ငန်းများ၊ စီမံကိန်းများနှင့် ဥပဒေအကောင်အထည်ဖော်မှုများကို စောင့်ကြည့်ရမည်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်၏ နောက်ဆုံးနှင့် အဓိကအကျဆုံးတာဝန်မှာ ပြည်သူအကျိုးပြုဥပဒေများ ပြုစုပြဋ္ဌာန်းရန်ပင် ဖြစ်ပါသည်။ ထိုတာဝန်တွင် လွှတ်တော်၏ ကော်မတီများမှ ပြုစုသော ဥပဒေများနှင့် အစိုးရအဖွဲ့မှ တင်သွင်းသော ဥပဒေများကို ဆွေးနွေးခြင်းအပြင် ယခင်ဥပဒေအဟောင်းများကို ခေတ်နှင့်လျော်ညီအောင်စောင့်ကြည့်ပြင်ဆင်ပြီး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်ပေသည်။

ထိုလုပ်ငန်းစဉ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းများကို ပြုလုပ်ရသည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ စတင်ခဲ့သော လွှတ်တော်များသည် တစ်နှစ်အတွင်း လွှတ်တော်သုံးရပ်၏ လွှတ်တော်တွင်းလုပ်ငန်းစဉ်များအဖြစ် ဆွေးနွေးမှု၊ အဆိုတင်သွင်းမှု၊ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှု၊ ဥပဒေကြမ်းတင်သွင်းမှု စုစုပေါင်း ဆောင်ရွက်ခဲ့သည့် အကြိမ်ရေ(၁၁၆၈) ကြိမ်ရှိခဲ့သည်ဟု သိရသည်။ ထိုအထဲတွင် ဆွေးနွေးမှု (၄၁၃)ကြိမ်၊ အဆိုတင်သွင်းမှု(၄၅)ကြိမ်၊ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှု (၇၀၉)ကြိမ် ရှိခဲ့သည်ဟု သိရသည်။ ထိုသို့ တစ်နှစ်အတွင်း ပါတီအလိုက် လွှတ်တော်သုံးရပ်အတွက် လွှတ်တော်လုပ်ငန်းစဉ် ဆောင်ရွက်ခဲ့သည့်စာရင်းတွင် NLD ပါတီသည် ၈၁၉ ကြိမ်ဖြင့် အများဆုံးနေရာတွင် တည်ရှိပြီး ရခိုင်အမျိုးသားပါတီ ၁၀၉ ကြိမ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ၉၂ ကြိမ်နှင့် တပ်မတော်မှ ၅၃ ကြိမ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ၃၄ ကြိမ် စသည်ဖြင့် အသီးသီးရှိကြသည်ကို တွေ့ရသည်။

ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သော အဆိုများအနက် အတည်ပြုခဲ့သော အဆို ၁၀ ခုရှိပြီး အမျိုးသားလွှတ်တော်တွင် တစ်ခုရှိခဲ့သည်။ ထိုအဆိုများတွင် နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ကျဆင်းလျော့ပါးရေးအဆို၊ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးအဆို၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးရန်အဆို၊ ရွေးကောက်ပွဲပြီးနောက်ပိုင်း၊ အစိုးရတာဝန်မလွှဲပြောင်းမီ၊ နိုင်ငံပိုင်သယံဇာတများအား အလျင်အမြန် စီမံခန့်ခွဲနေမှုများကို စိစစ်ဟန့်တားပေးရန် အဆို၊ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို အများပြည်သူအကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းရန်အဆို စသည်တို့ ပါဝင်ပါသည်။ ယခု လွှတ်တော်သက်တမ်းအတွင်း ဥပဒေပေါင်း ၂၀ ပြဋ္ဌာန်းနိုင်ခဲ့သည်ကို တွေ့ရသည်။ ယင်းဥပဒေများတွင် ထူးခြားသော ဥပဒေများအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ စသော ဥပဒေများပါဝင်သည်ကို တွေ့ရပါသည်။

လွှတ်တော်သက်တမ်းအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများနှင့် ပြည်ပလေ့လာရေး ခရီးစဉ်များလည်း စေလွှတ်နိုင်ခဲ့သည်။ ဥပဒေပြုစုရာတွင် လွှတ်တော်ကော်မတီများ၏ အခန်းကဏ္ဍကို ပိုမိုမြှင့်တင်လာနိုင်ပြီး၊ ပြင်ပကိုယ်ကျိုးစီးပွားများ ပါဝင်ပတ်သက်မှုမရှိဘဲ ပွင့်လင်းမြင်သာမှုရှိသည်ကို တွေ့ရသည်။ ဥပဒေပြုစုရန်အတွက် လိုအပ်သောကြားနာမှုများ ပိုမိုပြုလုပ်နိုင်ခဲ့သည်။ ဒုတိယအကြိမ် လွှတ်တော်သည် အစိုးရနှင့်အကြား အပြန်အလှန်ထိန်းကျောင်းမှုကိုလည်း သင့်တော်မှန်ကန်စွာ ပြုလုပ်နိုင်ခဲ့သည်ကို တွေ့ရပြီး ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ကို ပိုမိုဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း တင်ပြလိုက်ရပါသည်။ ။





မွန်ပြည်နယ် ရဲတပ်ဖွဲ့က ကြီးမှူး၍ အမှတ် (၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ကျိုက်မရောတွင် ၁၅-၁၁-၂၀၁၆ ရက်နေ့မှ ၃၁-၃-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် အခြေခံရဲတပ်သားသစ် သင်တန်းအမှတ်စဉ် (၂၉၆/၂၀၁၆) သင်တန်းဆင်းအခမ်းအနားကို သင်တန်းစစ်ရေးပြကွင်း၌ မတ် ၃၁ ရက်က ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက ထူးချွန်ဆုရသင်တန်းသား များအား ဆုချီးမြှင့်ပေးအပ်စဉ်
မော်လမြိုင်(ကိုယ်ပွား)

## လက်တွဲစို့

* ပန်းဝေ ထုံသင်း
ယုံကြည်ခြင်းလေ
ကျေနပ်စေဖို့
လက်တွဲစို့....။

* မှန်းခြေ မျှော်ရင်း
ရန်ပြုခြင်းတွေ
ပြေငြိမ်းစေဖို့
လက်တွဲစို့....။

* စမ်းရေကျဆင်း
ပျော်ရွှင်ခြင်းဝေ
ခညောင်းစေဖို့
လက်တွဲစို့....။

(ပြည်သူနှင့်အစိုးရ ကြည်ဖြူစွာလက်တွဲမှ ပြည်သူ့ဆန္ဒ အမြန်ပြည့်ဝ)

မြင့်ကျော်(ဇလွန်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၃၁-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၅၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၈၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် | (လက်ကားဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ . ၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၇၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၅ . ၁၂ |
| ထိုင်း | တစ်ဘတ် | ၃၉ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ . ၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ . ၂၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

## တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လက်တွဲပူးပေါင်း

**နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ပြည်ထောင်စု၏ နယ်မြေဒေသအားလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စားဝတ်နေမှုပြည့်စုံလုံခြုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း တောင်ပေါ်မြေပြန့်၊ ပြည်နယ် ပြည်မ မခွဲခြားဘဲ မိမိကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုအစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်လှပေသည်။**

((၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သော နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ သဝဏ်လွှာမှ ကောက်နုတ်ချက်)

## အဟောသိကံ ဖြစ်သွားစေနိုင်

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့အဓိကလိုအပ်ချက်ဟာ ယုံကြည်မှုပဲဖြစ်ပါတယ်။ တစ်ဦးနဲ့ တစ်ဦး ယုံကြည်မှုရှိရင် အခြားပြဿနာတွေကို ဖြေရှင်းနိုင်ပါတယ်။ ယုံကြည်မှုမရှိရင် စာချုပ်တွေ ဘယ်လိုပဲ ချုပ်ထားစေဦးတော့ အဟောသိကံ ဖြစ်သွားစေနိုင်ပါတယ်။ ယုံကြည်မှုရရှိဖို့ဆိုရင် တစ်ဦးနဲ့တစ်ဦးဆက်ဆံရာမှာ ပွင့်လင်းဖို့နဲ့ တည့်မတ်မှုရှိဖို့ လိုအပ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုပေမယ့် တစ်ဖက်သား နားလည်ဖို့ လိုအပ်ပြီး အကျိုးရှိ၊ မှန်ကန်၊ တစ်ဖက်သားခံသာတဲ့စကားကို ပြောရမှာ ဖြစ်ပါတယ်။**

(နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဩဂုတ် ၂၄ ရက်တွင် ကျင်းပသည့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

*ရွှေဖုံးမှ*

သူနာပြုဆရာမတစ်ဦးဖြစ်ခဲ့သည့် မိခင်ဖြစ်သူက အမြဲပြောလေ့ရှိပါကြောင်း၊ ကျန်းမာမှုဖြစ်မယ်၊ မကျန်းမာလျှင် ဘာမှလုပ်လို့မရဘူးဟု ပြောပါကြောင်း၊ ဉာဏ်ပညာ၊ အလုပ်အကိုင်၊ နေအင်အားများစွာရှိသည့်ပုဂ္ဂိုလ်များသည် ကျန်းမာရေး ပျက်စီးယိုယွင်းသွားသည့်အခါ မည်သည့်စွမ်းရည်မှ မရှိတော့သည်ကို သူနာပြုဆရာမတစ်ဦးအနေဖြင့် ၎င်းကိုယ်တိုင်မြင်ခဲ့၍ ဖြစ်ပါကြောင်း၊ ကျန်းမာရေးကို အလွန်အလေးထားခဲ့ပါကြောင်း၊ ပြည်သူပြည်သားများ၏ ကျန်းမာရေးသည် မိမိတို့နိုင်ငံ၏ အဖိုးမဖြတ်နိုင်သည့် သယံဇာတတစ်ခုဖြစ်သည်ဟု ပြောလိုပါကြောင်း၊ ထို့ကြောင့် စနစ်တကျ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အားလုံးဝိုင်းပြီး ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ယခု မိမိတို့၏ အမျိုးသားကျန်းမာရေးစီမံကိန်းသည် ပြည်သူကို အခြေပြုသည့် စီမံကိန်းမျိုးဖြစ်ပါကြောင်း၊ ပြည်သူကို အခြေပြုသည့် စီမံကိန်းဖြစ်၍ ကျန်းမာရေးသည် အိမ်တွင်းမှ စသည်ဟူသည့်အမြင်ဖြင့် မိမိတို့ဆက်သွားရန် လိုပါကြောင်း။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်မှုအသိပေးခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမျိုးသားကျန်းမာရေး စီမံကိန်း (၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်မှုအသိပေးခြင်းအထိမ်းအမှတ် လက်ဆောင်ပေးအပ်စဉ် (သတင်းစဉ်)

### ကျန်းမာရေးအတွက် တာဝန်ယူ

ဆေးရုံရောက်မှ ကျန်းမာရေးကုသမှုယူရခြင်းမဟုတ်ပါကြောင်း၊ ကိုယ့်အိမ်အတွင်းမှစပြီး ကျန်းမာရေးကို ဂရုစိုက်သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်သူနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် သူဆိုပြီး ခွဲခြားပြီးမြင်ကြကြောင်း၊ သို့သော် အမှန်တွင် ထိုသို့ခွဲခြား၍ မရပါကြောင်း၊ တချို့က ပြောကြသည်မှာ တကယ်ကုတာက ဆရာဝန်များက ကုခြင်းမဟုတ်ပါဘဲ လူနာက ကိုယ့်ကိုယ်ကိုယ် ကုရပါကြောင်း၊ ဆရာဝန်များက လမ်းပြရုံပဲ ဖြစ်သည်ဟု ဆိုပါကြောင်း၊ ဒါလည်းမှန်ပါကြောင်း၊ ဆရာဝန်များက ကျန်းမာရေးနှင့်ပတ်သက်၍ တာဝန်ယူရသည့် ပုဂ္ဂိုလ်များဖြစ်ပြီး ပညာပေး၊ လမ်းပြရန် ဖြစ်ပါကြောင်း၊ ပြည်သူပြည်သားများသည် မိမိ၏ ကျန်းမာရေးအတွက် ကိုယ့်ဘာသာကိုယ် တာဝန်ယူရမည်ဖြစ်ပါကြောင်း၊ ဒီလိုကိုယ့်ကိုယ်ကိုယ် ကျန်းမာရေးအတွက် တာဝန်ယူနိုင်သည့် အခြေအနေရောက်အောင် မိမိတို့၏ အမျိုးသားစီမံကိန်းကို ရေးဆွဲထားခြင်းဟု မိမိအနေဖြင့် နားလည်ပါကြောင်း ပြောကြားသည်။

### ကိုယ်စွမ်းမှလည်း ကိုယ့်ကိုကူညီချင်တဲ့ စိတ်တွေဖြစ်

"မိခင်ရဲ့ဝမ်းထဲကနေ စပြီးတော့ ကျန်းမာရေးဂရုစိုက်မှုက အထူးပဲအရေးကြီးပါတယ်။ ငယ်ငယ်တုန်းက ကျန်းကျန်းမာမာနဲ့ မွေးမြူလာတဲ့ ပြုစုထားတဲ့ ကလေးများဟာ ကြီးလာတော့လည်း ပိုပြီးတော့ ကျန်းမာရေးလည်းကောင်းပါတယ်၊ ဉာဏ်ရည်လည်း ကောင်းပါတယ်။ အဘက်ဘက်ကနေပြီးတော့ နိုင်ငံအတွက်လည်း အကူအညီအထောက်အပံ့ဖြစ်နိုင်ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ရင် အားလုံးဝိုင်းပြီးလုပ်ဖို့ လိုတဲ့နေရာမှာ ကျွန်မတို့နိုင်ငံအတွင်းတင် မဟုတ်ဘဲနဲ့ ပြည်ပက မိတ်ဆွေတွေကလည်း ကူညီထောက်ပံ့မှုတွေ အများကြီးရပါတယ်။ ဒါပေမယ့်လည်း လူစွမ်းမနတ်မတယ်ဆိုသလို ကိုယ်စွမ်းမှလည်း ကိုယ့်ကိုကူညီချင်တဲ့ စိတ်တွေဖြစ်မှာ ဖြစ်ပါတယ်။

### ဦးဆောင်မှုကောင်းရင် နောက်လိုက်တွေကလည်း ကောင်းဖို့လို

"ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ကျွန်မတို့အနေနဲ့တောင်မှ ဂုဏ်ယူရတဲ့ ရောဂါသုံးမျိုး တိုက်ဖျက်ရေးကိစ္စမှာ ကျွန်မတို့ရဲ့နိုင်ငံက တိုးတက်မှုရှိလို့၊ အောင်မြင်မှုရှိလို့ ပိုမိုပြီးတော့ တစ်ကမ္ဘာလုံးကနေ ပံ့ပိုးချင်တဲ့စိတ်တွေဖြစ်လာပါတယ်။ လက်တွေ့ကျကျနဲ့ ပံ့ပိုးဖို့အစီအစဉ်တွေကို အခုအကောင်အထည်စပြီး ဖော်နေတာဖြစ်ပါတယ်။ ကျွန်မတို့ ကိုယ့်ကိုယ်ကိုယ် ကူညီနိုင်မှလည်း တခြားသူတွေက ကျွန်မတို့ကို ကူညီချင်မှာဖြစ်ပါတယ်။ အခုကျွန်မတို့ ကျန်းမာရေးနဲ့ပတ်သက်လို့ ကိစ္စရပ်များဟာ အင်မတန်မှ ကျယ်ပြန့်ပါတယ်။ အင်မတန်မှ များပါတယ်။ ကျွန်မတို့ရဲ့ ဘဏ္ဍာရေးအခြေအနေကတော့ အကန့်အသတ်နဲ့ရှိပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ဘဏ္ဍာရေးအခြေအနေအရ ပြည်သူပြည်သားများကို အကောင်းဆုံးကျန်းမာရေးပေးနိုင်ဖို့အတွက် ဦးတည်ပြီးတော့ ဒီစီမံကိန်းကို ရေးဆွဲထားတာပါ။ ငွေရေးကြေးရေးနဲ့ ရေးဆွဲထားတဲ့ စီမံကိန်း မဟုတ်ပါဘူး။ ဖြစ်နိုင်ခြေရှိတဲ့ စီမံကိန်းပဲ ကျွန်မတို့ ဆွဲထားတာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဟာ အထူးသဖြင့် ပြည်သူကိုအခြေပြုတဲ့ ကျန်းမာရေးဘက်မှာ အားသန်တာကြောင့် ကျွန်မတို့အတွက် ရထားတဲ့ လာဘ်လာဘတစ်ခုပဲလို့ ပြောချင်ပါတယ်။ အဲဒါကြောင့် ဦးဆောင်မှုကောင်းရင် နောက်လိုက်တွေကလည်း ကောင်းဖို့လိုပါတယ်။

### ပြည်သူလူထုရဲ့ကျန်းမာရေးကို ဂရုစိုက်

"ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဝန်ထမ်းများအားလုံးဟာ ဝန်ကြီးရဲ့ ဦးဆောင်မှုနဲ့ ဝိုင်းဝန်းပြီး ပြည်သူများရဲ့ ကျန်းမာရေးတိုးတက်ဖို့အတွက် လုပ်ဆောင်သွားကြမယ်လို့ ယုံကြည်ပါတယ်။ လူတိုင်းလက်လှမ်းမီတဲ့ ကျန်းမာရေးကို ဦးတည်ပါတယ်။ လူတိုင်းလည်း လုပ်နိုင်တဲ့ ကျန်းမာရေးဆိုတော့ အထူးဂရုစိုက် လိုတာကတော့ ကျေးလက်တောရွာနေတဲ့ ပြည်သူလူထုပဲ ဖြစ်ပါတယ်။ အများသိတဲ့အတိုင်းပါပဲ လူဦးရေရဲ့ ၇၀ ရာခိုင် နှုန်းလောက်က ကျေးလက်တောရွာမှာ နေတာပါ။ မြို့တွင်းမှာနေတာ မဟုတ်ပါဘူး။ ကျေးလက်တောရွာမှာ နေတဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို ဂရုစိုက်ဖို့ ဦးစားပေးဖို့ ဒီစီမံကိန်းထဲမှာ ထည့်သွင်း ရေးဆွဲထားပါတယ်"ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့ပြည်သူများ၏ စွမ်းရည်များကို မြှင့်တင်ပေးရန် အမြင့်ဆုံးမြှင့်တင်နိုင်အောင် ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ မိမိတို့က ယခုလို ကြိုးစားသည့်အခါ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းနှင့်လည်း မပြီးပါကြောင်း၊ အခြားဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပြီး ကူညီပေးရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာန အသီးသီးကလည်း ဝိုင်းဝန်းပြီး ကူညီရန်လိုအပ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်၏ ကဏ္ဍကလည်း အလွန်အရေးကြီးပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ လိုအပ်သည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေကို ပြဋ္ဌာန်းသည့်နေရာတွင် လွှတ်တော်၏ အကူအညီလည်း လိုအပ်ပါကြောင်း၊ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေးကို စောင့်ရှောက်သည့်နေရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကဏ္ဍကလည်း အလွန်အရေးပါပါကြောင်း၊ မိမိတို့ ပြည်သူပြည်သားများ ကျန်းမာရေးကောင်းရန်ဆိုသည်မှာ အားလုံးဝိုင်းဝန်းပြီး လုပ်ဆောင်ရမည့် ကိစ္စဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

မိမိတို့၏ အမျိုးသားကျန်းမာရေးစီမံကိန်းသည် မိမိတို့ပြည်သူ ပြည်သားများ၏ ကျန်းမာရေးအတွက်ဖြစ်သလို မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူ ပြည်သားများ ကျန်းမာသည့်အခါ လုပ်ရည်ကိုင်ရည်လည်း တက်လာပါကြောင်း၊ လုပ်ရည်ကိုင်ရည်တက်လာသည့်အခါ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက်လည်း အများကြီးပံ့ပိုးနိုင်ပါကြောင်း၊ နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေးဆိုသည်မှာ နိုင်ငံ၏တည်ငြိမ်အေးချမ်းရေးကို အများကြီးအထောက်အကူပြုပါကြောင်း၊ နိုင်ငံကတည်ငြိမ်သည်၊ အေးချမ်းသည်၊ တိုးတက်သည်ဆိုလျှင် ကမ္ဘာကလည်း လေးစားကြောင်း၊ ဝိုင်းဝန်းပြီး ကူညီပံ့ပိုးချင်သည့် စိတ်ဓာတ်များလည်း များပြားလာပါကြောင်း၊ ထို့ကြောင့် အမျိုးသား ကျန်းမာရေးစီမံကိန်းသည် မိမိတို့နိုင်ငံအတွက် အလွန်အရေးကြီးသည့်စီမံကိန်းတစ်ခုဖြစ်သည်ကို အားလုံးသဘောပေါက်စေလိုပါကြောင်း။

### အောင်မြင် အောင်လုပ်နိုင်ခဲ့

ပညာတတ်သည့်၊ ကျန်းမာသည့် ပြည်သူပြည်သားများသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် အကောင်းဆုံးအာမခံချက်ပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည် တိုးတက်မလား၊ မတိုးတက်ဘူးလားဆိုသည်ကို နိုင်ငံ၏ ကျန်းမာရေး၊ ပညာရေးအခြေအနေကို ကြည့်ပြီး ဆုံးဖြတ်၍ရပါကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံကို တစ်ကမ္ဘာလုံးက လေးစားရသည့် အကြောင်းရင်းတစ်ခုမှာ မိမိတို့နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေးနှင့် ပညာရေးကို အလေးထားပြီးအောင်မြင်အောင်လုပ်နိုင်ခဲ့လို့ဖြစ်ပါကြောင်း။

မိမိတို့ယခုစီမံကိန်းကို မြန်မာပြည်တစ်ဝန်းလုံး အောင်အောင်မြင်မြင်နှင့် အကောင်အထည်ဖော်နိုင်ရန်အတွက် မိမိတို့ဝန်ကြီးဌာနက ဦးဆောင်သွားမည်၊ ကျန်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး ပြည်နယ်အစိုးရများကလည်း ဝိုင်းဝန်းပြီး ပံ့ပိုးသွားရမည်ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ ပြည်သူပြည်သားများ ပါဝင်လာရန် ဖြစ်ပါကြောင်း၊ မိမိတို့ပြည်သူပြည်သားများ ပါဝင်လာနိုင်အောင်လုပ်ရန်မှာ မိမိတို့တာဝန်ဖြစ်ပါကြောင်း၊ အစိုးရကတာဝန်ပေးမှ နိုင်ငံသူ နိုင်ငံသားများကလည်း တာဝန်သိမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေး ကောင်းမွန်ရန်အတွက် တတ်နိုင်သမျှ မှန်မှန်ကန်ကန်နှင့် လုပ်နေသည်မှာ ပေါ်လွင်လျှင် ပြည်သူပြည်သားများကလည်း မိမိတို့၏ ကျန်းမာရေးကို မိမိတို့ စောင့်ရှောက်ရန် တာဝန်ရှိသည်ဆိုသည့်အသိဖြင့် ဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ပံ့ပိုးသွားမည်မှာ သံသယရှိစရာကိစ္စ မဟုတ်ပါကြောင်း ပြောကြားသည်။

### လုပ်ငန်းစဉ်များကို ရှင်းလင်း

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

### အထိမ်းအမှတ်လက်ဆောင်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁) စတင်ဆောင်ရွက်ခြင်း အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

### မှတ်တမ်းဓာတ်ပုံများကြည့်ရှု

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

### ဟန်ချက်ညီပူးပေါင်းဆောင်ရွက်

အမျိုးသား ကျန်းမာရေးစီမံကိန်း (၂၀၁၇-၂၀၂၁)၏ အဓိကပန်းတိုင်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံသားအားလုံးအတွက် အခြေခံအကျဆုံးသောမရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများကို ငွေကြေးကုန်ကျမှုနည်းပါးစွာဖြင့် နေရာမရွေး၊ ဒေသမရွေး ပေးစွမ်းနိုင်ရေးဖြစ်ပြီး အဆိုပါပန်းတိုင်ရောက်ရှိရေးအတွက် အမျိုးသား ကျန်းမာရေးစီမံကိန်းကို ကျန်းမာရေးစောင့်ရှောက်မှု စီမံချက်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များ၊ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှု အကောင်အထည်ဖော်နေသည့် အဖွဲ့အစည်းများကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်မှု အသွင်ရရှိရေးကို ရည်မှန်းဆောင်ရွက်ကြောင်း သိရသည်။

အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ပြန်လည်စိစစ်သုံးသပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) နှစ်ရှည်ငှားရမ်းရေး စာချုပ်လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၃၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် POSCO DAEWOO Myanmar Corporation Ltd. မှ Managing Director ဖြစ်သူ Mr. Won Yoo Joon ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမဆောင်၌ တွေ့ဆုံခဲ့သည်။ ယင်းနောက် နံနက် ၁၁ နာရီတွင် အမှတ် (၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) အား နှစ်ရှည်ငှားရမ်းရေးစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပသည်။

POSCO DAEWOO Myanmar Corporation Ltd. မှ Managing Director ဖြစ်သူ Mr. Won Yoo Joon ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံရာတွင် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ Truck များ၊ Bus များ၊ Model မြင့်မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များကို SKD, CKD စနစ်ဖြင့် တင်သွင်းထုတ်လုပ်နိုင်ရေးအတွက် အဆိုပြုလွှာတင်သွင်းနိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ Phase အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်းစဉ်များအလိုက် လုပ်သားများ ခန့်အပ်သွားမည်ဖြစ်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည့် အခြေအနေများနှင့် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ AoDရေးထိုးဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမှတ်(၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်) အား နှစ်ရှည်ငှားရမ်းရေး လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပရာ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒေါ်ခင်မာရီနှင့် International Glass Co., Ltd. ၏ Managing Director ဖြစ်သူ ဦးဇော်ဝင်းတို့က အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်) အား နှစ်ရှည်ငှားရမ်းခြင်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။



အဆိုပါ အခမ်းအနားသို့ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဥပဒေဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး

**နေပြည်တော် မတ် ၃၁**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာရှယ်လ် **(အပေါ်ပုံ)**၊ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူးပက်ထရစ်နှင့် ဥရောပသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာတို့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-1) ညှိခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။
**(သတင်းစဉ်)**

# 1st Myanmar's Smart Living Expo 2017 ဖွင့်ပွဲကျင်းပ

**တောင်ကြီး မတ် ၃၁**

Thaunggyi Business Center နှင့် iMyanmar House.com တို့ ပူးပေါင်းကျင်းပသည့် 1st Myanmar's Smart Living Expo 2017 (အိမ်ခြံမြေ၊ ကားနှင့် လူသုံးကုန်ပစ္စည်းပြပွဲ) ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဝမင်းအုပ်စုကုမ္ပဏီလီမိတက် နာယက ဦးမြင့်ဝေ၊ ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ CEO ဦးနောင်ခွန်မြင့်ဝေနှင့် ဖြူစင်အုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဝေစိုး၊ iMyanmar House.com မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ ရှမ်းပြည်နယ် ဝန်ကြီးများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က အမှာစကားပြောကြားပြီး iMyanmar House.com မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူက 1st Myanmar's Smart Living Expo 2017 အကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းပြပွဲကို တောင်ကြီးမြို့ရှိ Thaunggyi Business Center ၌ မတ် ၃၁ ရက်မှ ဧပြီ ၂ ရက်အထိကျင်းပမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြုလုပ်မည်ဖြစ်သည်။ အဆိုပါပြပွဲတွင် စာပေဟောပြောပွဲများ၊ DJ ၊ Model နှင့် Dancer Show ပွဲများ၊ နာမည်ကြီးအနုပညာရှင်များနှင့် တွေ့ဆုံပွဲများ၊ ရှမ်းယူနိုက်တက်ဘောလုံးအသင်းမှ လက်ရွေးစင်ကစားသမားများ၏ အလှပြပွဲနှင့် တွေ့ဆုံပွဲများ၊ ကံစမ်းမဲအစီအစဉ်များ ထည့်သွင်းကျင်းပလျက်ရှိသည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-စိုးညွန့်**



# အစိုးရသစ်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များအပေါ် ဦးဝင်းထိန်၏ သုံးသပ်ချက်

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်အား အစိုးရသစ် တစ်နှစ်တာ ဆောင်ရွက်ချက်များအပေါ် သုံးသပ်ပြောကြားနိုင်ရန် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည် -**

**မေး။ ။ လက်ရှိအစိုးရ သက်တမ်းတစ်နှစ်တာအတွင်း အစိုးရရဲ့ဆောင်ရွက်ချက်တွေအပေါ် အမြင်လေးကို သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ ။ လွှတ်တော်ကတော့ နည်းနည်းစောပါတယ်။ အစိုးရအဖွဲ့က ၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်ကစပြီး တာဝန်ယူရတာပါ။ တိုင်းပြည်ကို တာဝန်ယူရတဲ့အခါကျတော့ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကို အုပ်ချုပ်တဲ့ကဏ္ဍ ၃ ခုရှိပါတယ်။

အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍရှိပါတယ်။ အုပ်ချုပ်ရေးကဏ္ဍကတော့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရယ်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ ဝန်ကြီးချုပ်ခေါင်းဆောင်တဲ့ အစိုးရအဖွဲ့ရယ် တာဝန်ယူပါတယ်။ အစိုးရအဖွဲ့တာဝန်ယူခါစမှာ ဒီအစိုးရ နှစ်လမှ ခံပါ့မလား၊ နောက်ကြာတဲ့အခါကျတော့ ၆ လမှ ခံပါ့မလားလို့ ဖြစ်တယ်။

### အခက်အခဲတွေ ကျော်လွှား

အခုတစ်နှစ်လောက် ရှိပြီဆိုတော့ အသံလေးတော့ တိတ်သွားတယ်။ ဒါကို ဘယ်လို သုံးသပ်သလဲဆိုရင် ကျွန်တော်တို့ အစိုးရအဖွဲ့ဝင်တွေဟာ အတွေ့အကြုံက မရှိပါဘူး။ ဒါပေမယ့် စေတနာရှိတယ်။ စေတနာရှိရှိနဲ့ အုပ်ချုပ်လာတဲ့အခါမှာ အခက်အခဲတွေရှိသော်လည်း အဲဒီအခက်အခဲတွေကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကျော်လွှားပြီးတော့ အုပ်ချုပ်ရေးယန္တရားကို မောင်းတဲ့အခါမှာ ခုထိတော့ မှန်မှန်မောင်းနှင်နိုင်ပြီ။

အလားတူပဲ ဥပဒေပြုရေးကဏ္ဍမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက လွှတ်တော်တွေဟာ အစတုန်းက အဲ့ဒီလိုပဲ။ အရပ်စကားနဲ့ပြောရမယ်ဆိုရင် အိုးနင်းခွက်နင်းပေါ့။ ဘာကြောင့်လဲဆိုတော့ အကုန်လုံးက အတွေ့အကြုံမရှိတဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်။ အခုလို တာဝန်ယူတဲ့အခါမှာ အရင်တုန်းက အစိုးရဆောင်ရွက်ခဲ့တဲ့ကိစ္စတွေကိုလည်း နမူနာယူရတာရှိသလို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကိုယ့်ပါတီကချတဲ့ မူဝါဒအတိုင်း ဆောင်ရွက်ရတာရှိတယ်။

### မှန်မှန်ကန်ကန် မောင်းနှင်နေ

လွှတ်တော်အသီးသီး ဥပဒေပြုရေးကဏ္ဍဆိုတဲ့ ယန္တရားကလည်း အထိုက်အလျောက် မှန်မှန်ကန်ကန် မောင်းနှင်နေပြီ။ အုပ်ချုပ်ရေးယန္တရားနဲ့ ဥပဒေပြုရေး ယန္တရား နှစ်ခုဟာ ပြည်သူလူထုက ကြိုက်တာလည်းရှိမယ်၊ မကြိုက်တာလည်းရှိမယ်၊ ဝေဖန်တာတွေလည်းရှိမယ်။ ဝေဖန်လာတဲ့ကြားထဲက မှန်မှန်မောင်းနှင်တဲ့အတွက်ကြောင့် တစ်နှစ်တာကာလကို အောင်မြင်စွာဖြတ်သန်းခဲ့ပြီ။

တရားစီရင်ရေးကဏ္ဍကတော့ အားနည်းချက်တွေ၊ ချို့ယွင်းချက်တွေ အများကြီးရှိပါတယ်။ တိုင်စာတွေလည်း အများကြီးရှိပါတယ်။ သို့သော်လည်းပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့မူဟာ ဘာလဲဆိုရင် ပြည်သူတွေမနာစေချင်ဘူး။ ပြည်သူတွေဆိုတာ အားလုံး။ အစိုးရအဖွဲ့ဝင်တွေရော၊ ဝန်ထမ်းတွေရော၊ ပြည်သူတွေရော၊ တပ်မတော် အပါအဝင်ပါပဲ။ မေတ္တာနဲ့ အုပ်ချုပ်မှာဆိုတဲ့အခါကျတော့ သူတို့ကို ရက်ရက်စက်စက် အရေးယူတာမျိုး မလုပ်ဘဲနဲ့ ပညာပေးခြင်းဖြင့်သော်လည်းကောင်း၊ နမူနာပြခြင်းဖြင့်သော်လည်းကောင်း တရားစီရင်ရေးကဏ္ဍကို ကြိုးစားပြီးတော့ တည့်မတ်အောင် ကြိုးစားနေတယ်။

ဥပမာအားဖြင့် **တရားဥပဒေစိုးမိုးရေးဌာနတွေဖြစ်တဲ့ Rule of Law Center** တွေ မြစ်ကြီးနား၊ တောင်ကြီး၊ ရန်ကုန်၊ မန္တလေးမှာဖွင့်တယ်။ ဒီဖွင့်တာတွေက အစိုးရဘတ်ဂျက်နဲ့ မဟုတ်ဘူး။ နိုင်ငံတကာ အကူအညီ UNDP ရဲ့ အကူအညီ၊ တခြားစေတနာရှင်နိုင်ငံတွေရဲ့အကူအညီနဲ့ ဖွင့်ထားတယ်။ ဖွင့်လိုက်တဲ့အခါမှာ တရားသူကြီးများ၊ ရဲအရာရှိများရဲ့ ကဏ္ဍကို တိုးမြှင့်ဖို့အတွက် သင်တန်းတွေပေးတယ်၊ Workshop တွေလုပ်တယ်။

အထူးသဖြင့် ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်မှာ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးတဲ့အတွက်ကြောင့် ပြည်သူရဲရဲ့ကဏ္ဍကို တိုးမြှင့်မယ်၊ အရည်အချင်းလည်းတိုးမြှင့်သလို အရေအတွက်လည်း တိုးမြှင့်ဖို့ ရည်ရွယ်ထားတဲ့အတွက်ကြောင့် ဒီလိုဌာနတွေရဲ့အနေအထားတွေကို ပိုပြီးတော့ တည့်မတ်လာအောင်၊ အဂတိတရားနည်းပါးသထက်နည်းပါးလာအောင် ကြိုးစားရမယ်။ ဒီလိုဆောင်ရွက်တဲ့အတွက်ကြောင့် အုပ်ချုပ်ရေးကဏ္ဍ၊ ဥပဒေပြုရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍတွေဟာ အထိုက်အလျောက်တော့ လည်ပတ်မှုရှိနေပြီဟု သုံးသပ်ပြောလို့ရပါတယ်။

### ငြိမ်းချမ်းရေးကြိုးပမ်းမှုတွေ

**မေး။ ။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွေနဲ့ အစိုးရရဲ့လုပ်ဆောင်ချက်တွေအပေါ်ကို ဘယ်လိုမြင်သလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ငြိမ်းချမ်းရေး ကြိုးပမ်းချက်ကတော့ အရင်အစိုးရ ဦးသိန်းစိန်တို့လက်ထက်ကတည်းက ဆောင်ရွက်ခဲ့တယ်။ ဆောင်ရွက်တဲ့အခါမှာ NCA လို့ခေါ်တဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကို အဖွဲ့ရှစ်ဖွဲ့နဲ့ ဆောင်ရွက်နိုင်ခဲ့တယ်။ အဲ့ဒီလို ဆောင်ရွက်တဲ့ဟာကို ဒီအစိုးရလက်ထက်က လုံးဝအသိအမှတ်ပြုပြီးမှ ယူဆောင်ပြီး ဒီအခြေအနေနဲ့တိုးတက်အောင်ကြိုးစားမယ်။ ကြိုးစားဖို့လည်း ရည်ရွယ်ချက်ရှိတယ်။

ဘာကြောင့်လဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စထောင်တဲ့ ၁၉၈၈ ခုနှစ်က စပြီးတော့ အခုထိချမှတ်ထားတဲ့ မူဝါဒက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို ငြိမ်းချမ်းတဲ့၊ ဆွေးနွေးတဲ့ နည်းလမ်းနဲ့ အဖြေရှာမယ်ဆိုတဲ့ ဆုံးဖြတ်ချက်က ဟိုတုန်းကတည်းက ချထားတဲ့အတွက်ကြောင့် ချထားတဲ့ မူဝါဒကို အခုအကောင်အထည်ဖော်ခြင်းဖြစ်တယ်။

ဒီလိုအကောင်အထည်ဖော်ရာမှာလည်း ဦးသိန်းစိန်လက်ထက်က ချမှတ်ခဲ့တဲ့ မူဝါဒတွေကို အသိအမှတ်ပြုပြီးမှ ဆက်လက်ပြီးဆောင်ရွက်မယ်။ သို့သော် အခု အားလုံးသိတဲ့အတိုင်း အခက်အခဲတွေအများကြီးရှိတယ်။ ရခိုင်ပြည်နယ်မှာ ပြဿနာကြီးထွားလာတာရှိတယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ ပြဿနာတွေဖြစ်တာရှိတယ်။

### ကြိုးစားပြီးဆောင်ရွက်ဖို့ ရည်ရွယ်ထား

သို့သော်လည်း ပြဿနာဘယ်လောက်ပဲရှိရှိ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဆုံးဖြတ်ချက်အရ စိတ်ရှည်သည်းခံပြီးတော့ အချိန်ဘယ်လောက်ပဲကြာကြာ ငြိမ်းချမ်းရေးရအောင် သန္နိဋ္ဌာန် ချထားတယ်။ ဘာကြောင့်လဲဆိုတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၈၈ ခုနှစ်ကစပြီး အခုထိ နှစ်ပေါင်း ၃၀ နီးပါးလောက် အခက်အခဲအမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး ပါတီအဖျက်ခံရမယ့်ကိစ္စ၊ ရုံးတွေအပိတ်ခံရမယ့်ကိစ္စတွေကနေ ဖြတ်ကျော်လာပြီး ဒီအနေအထားကိုရောက်လာတယ်။ အဲဒီလိုရောက်လာသလိုပဲ ငြိမ်းချမ်းရေးကိစ္စလည်း ဘယ်လောက်အခက်အခဲရှိရှိ ဒေါ်အောင်ဆန်းစုကြည်က ကြိုးစားပြီးဆောင်ရွက်မယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ကဏ္ဍလည်း ကျွန်တော်တို့ပါဝင်ရမယ့်ကဏ္ဍရှိပါတယ်။ ဒါတွေကို ကြိုးစားပြီးဆောင်ရွက်ဖို့ ရည်ရွယ်ထားပါတယ်။

**မေး။ ။ အဘတို့အနေနဲ့ အစိုးရနဲ့ ဆက်လက်ပြီးဆောင်ရွက်မယ့် ကဏ္ဍတွေမှာ ဘယ်လိုမျိုးပါဝင်ပြီး ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ အစိုးရလုပ်ငန်းတွေနဲ့ပတ်သက်လို့ ပြောရမယ်ဆိုရင် ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စပြီးရွေးကောက်ပွဲဝင်ကတည်းက ပြောင်းလဲချိန်တန်ပြီဆိုပြီး အဲ့ဒီကြွေးကြော်သံနဲ့ ဝင်ခဲ့တာပါ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၈၀ ရာခိုင်နှုန်း လောက် နိုင်တယ်။ အခု တစ်နှစ်ရှိပြီ။ လူတွေက မေးကြတယ်။ ဘာတွေပြောင်းလဲသလဲ။ ကျွန်တော်ကတော့ ပြောလေ့ပြောထရှိတယ်။ ၁၉၆၂ ခုနှစ်ကစပြီးတော့ ဗိုလ်ချုပ်ကြီး နေဝင်းက နေပြီး တိုင်းပြည်အုပ်ချုပ်လာခဲ့တယ်။

၁၉၈၈ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရကနေ ဗိုလ်ချုပ်မှူးကြီးစောမောင် အစိုးရကတာဝန်ယူတယ်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တာဝန်ယူတယ်။ ၂၀၁၀ အကုန် ၂၀၁၁ ခုနှစ်ထိပေါ့။ အဲ့ဒီတောက်လျှောက် တာဝန်ယူခဲ့တာမှာ ဗိုလ်ချုပ်ကြီးတွေက ပုံစံမျိုးစုံနဲ့ တိုင်းပြည်ကိုအုပ်ချုပ်ခဲ့တာ။ အဲဒီလိုအုပ်ချုပ်ခဲ့ရာမှ ၂၀၁၅ ခုနှစ်မှာ လုံးဝအရပ်သားပါဝင်တဲ့အစိုးရ ဖြစ်လာတာ ထူးခြားတဲ့ပြောင်းလဲမှုပါ။

### ပူးပေါင်းဆောင်ရွက်

ဒါကိုပြောစရာရှိတာက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထဲရေးရယ်၊ ကာကွယ်ရေးရယ်၊ နယ်စပ်ရေးရာကိုတော့ တပ်မတော်ကိုပေးထားတဲ့အတွက် ဗိုလ်ချုပ်ကြီး သုံးယောက်ကတော့ အဲ့ဒီဌာနတွေကို တာဝန်ယူတယ်။ ဒါကို ကျွန်တော်တို့ လက်ခံတယ်။ ပူးပေါင်းဆောင်ရွက်တယ်။ ဒါပထမပြောင်းလဲချက်ပါ။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးဝင်းထိန်

ဒုတိယပြောင်းလဲချက်က ကျွန်တော်တို့ပါတီရဲ့ မူဝါဒအတိုင်းပဲ အဂတိတရား နည်းသွားအောင် ကြိုးစားပြီး ဆောင်ရွက်မယ်ဆိုတဲ့အတွက်ကြောင့် အခု ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရော၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့က အဂတိတရားအနည်းဆုံးနဲ့ အစိုးရအဖွဲ့ရဲ့ လုပ်ငန်းတွေကို ဆောင်ရွက်နေတယ်။ ဒါ ဒုတိယပြောင်းလဲမှုပါ။

နောက် တတိယပြောင်းလဲမှုက ကျွန်တော်တို့က နိုင်ငံရေးလှုပ်ရှားတာဆိုတော့ တစ်နေရာသွားမယ်၊ လက်ဖက်ရည်ဆိုင်သွားမယ်၊ ထမင်းဆိုင်သွားမယ်၊ လူစည်ကားတဲ့ နေရာရောက်ရင် ကိုယ်ပြောတဲ့စကားကို ဘာလဲဆိုရင် လှည့်ကြည့်နေရတာ။ ဘာလို့လဲဆိုတော့ အကြောက်တရားနဲ့နေနေရတာ။ အခုအဲဒီလိုကြောက်စရာမလိုတော့ဘူး။ ပြောချင်ရာပြောလို့ရတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုပြောလို့ရတယ်၊ ဦးထင်ကျော်လည်းပြောလို့ရတယ်။ အဲဒီလို အကြောင်းမျိုးပြောနိုင်တဲ့ အနေအထားက အဲဒါပြောင်းလဲမှု။ တတိယပြောင်းလဲမှုပါ။

### အင်မတန်ကောင်းမွန်သည့် အဆောက်အအုံများဖြစ်ပေါ်လာ

စတုတ္ထပြောင်းလဲမှုကတော့ ကျွန်တော်ကတော့ တိုင်းနဲ့ ပြည်နယ်အများကြီးကို ရောက်တဲ့အခါမှာ ဘာတွေ့သလဲဆိုရင် အစိုးရကနေပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဖွံ့ဖြိုးရေးကိစ္စတွေလုပ်ဖို့ ဘတ်ဂျက်ချလိုက်တယ်။ အဲ့ဒီဘတ်ဂျက်တွေက အပြည့်အဝသုံးတဲ့အတွက်ကြောင့် အဲ့ဒီဘတ်ဂျက်တွေနဲ့ အကောင်အထည်ဖော်တဲ့ လမ်း၊ တံတား၊ ကျောင်းတို့ စသဖြင့် ပရောဂျက်တွေဟာ အသုံးစရိတ်ပြည့်အောင်သုံးတဲ့အတွက်ကြောင့် အင်မတန်ကောင်းမွန်တဲ့ အဆောက်အအုံတွေ ဖြစ်ပေါ်လာတယ်။ ဒါတွေက စတုတ္ထပြောင်းလဲချက်ပါ။

ပြောစရာရှိတာက ဒါတွေပြောင်းလဲသော်လည်း မျှော်လင့်တကြီးနဲ့ ပြည်သူလူထုက ကျွန်တော်တို့ကို မဲပေးလိုက်တယ်။ ကျွန်တော်တို့တာဝန်ယူရတယ်။ မျှော်လင့်တကြီး မဲပေးတဲ့ ပြည်သူလူထုရဲ့ စားဝတ်နေရေးအခြေအနေကိုတော့ ဒီ့ထက် တိုးတက်အောင်လုပ်ဖို့ လိုသေးတယ်။ ကျွန်တော်တို့လည်းသိတယ်။ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်ကလည်း ဝန်ခံတယ်။ ဒါတစ်ချက်။

### ဆင်းရဲတွင်းကနေ ကယ်ထုတ်နိုင်မည့်လုပ်ငန်း၏ အစနှစ်

နောက်တစ်ချက်ကတော့ အဲ့ဒီပြည်သူလူထု စားဝတ်နေရေး တိုးတက်လာအောင် အလုပ်အကိုင်ဖန်တီးပေးဖို့ ပိုပြီးတော့ ဆောင်ရွက်ဖို့လိုသေးတယ်။ ဒီနှစ်ချက်က အဓိကပဲ။ ဒါကြောင့် ဒီ ၂၀၁၇ ခုနှစ်ဟာ NLD အစိုးရတာဝန်ယူတာ တစ်နှစ်ပြည့်တဲ့နှစ်ဖြစ်သလို နှစ်အကူးမှာ ဒီနိုင်ငံကို ဆင်းရဲတွင်းကနေ ကယ်ထုတ်နိုင်မယ့်လုပ်ငန်းရဲ့အစနှစ်လို့ ကျွန်တော်တို့ သတ်မှတ်ချင်တယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ တာဝန်ရှိသူအချို့ကို အရေးယူခဲ့ရတာနဲ့ ပတ်သက်ပြီး နည်းနည်းလောက် ပြောပြပေးနိုင်မလား။**

ဖြေ။ ။ အခုကျွန်တော်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ယူရတဲ့ ဦးထင်ကျော်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကစပြီး အောက်ခြေတာဝန်ယူရတဲ့ ပုဂ္ဂိုလ်အားလုံးဟာ စေတနာအပြည့်ရှိတယ်။ စေတနာအပြည့်ရှိသော်လည်း လုပ်တာကိုင်တာမှားယွင်းတာတချို့ရှိတယ်။ ဒါတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဟာ ကိုယ်မှားယွင်းတာကို ပြင်ဖို့ ဝန်မလေးဘူး။ ဘာကြောင့် ဝန်မလေးလဲဆိုရင် ကျွန်တော်တို့အစိုးရသွားကတည်းက နောင်အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ထောင်တဲ့အခါမှာ ဒီမိုကရေစီလမ်းမှန်၊ ကမ်းမှန်ဖြစ်အောင်လို့၊ ဒီမိုကရေစီရည်မှန်းချက် အောင်မြင်အောင်အတွက် အဲ့ဒီရည်မှန်းချက်ကို အနှောင့်အယှက်ဖြစ်မယ်၊ ခလုတ်တံသင်းဖြစ်မယ်ဆိုရင် အဲ့ဒီခလုတ်တံသင်းကို ဖယ်ရှားမယ်။

### ပြည်သူလူထုအကျိုးကို ဆန့်ကျင်လျှင်

ဖယ်ရှားတာက အငြိုးနဲ့လည်း မဟုတ်ဘူး။ မလိုလို့လည်း မဟုတ်ဘူး၊ သူတို့လုပ်ဆောင်ချက်တွေက ခုနကပြောတဲ့ လမ်းစဉ်တွေကို အထောက်အကူမပြုတဲ့အတွက်ကြောင့်မို့လို့ အခုကျွန်တော်တို့ အရေးယူခဲ့တာဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ထဲက ဒုတိယဝန်ကြီးတစ်ယောက်၊ မွန်ပြည်နယ်က ဝန်ကြီးချုပ်တစ်ယောက် အလဲအလှယ်လုပ်ခဲ့ရတယ်။ ဒါတွေက ခုနကပြောတဲ့ မူတွေနဲ့လုပ်ခဲ့တာဖြစ်တယ်။ နောင်ဆိုရင်လည်း အချိန်မရွေး ပြည်ထောင်စုအစိုးရရော၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရက ပုဂ္ဂိုလ်တွေရော၊ လွှတ်တော်ကိုယ်စားလှယ်အပါအဝင် သူတို့ရဲ့လုပ်ငန်းဟာ သူတို့ကို မဲပေးလိုက်တဲ့ ပြည်သူလူထု အကျိုးကို ဆန့်ကျင်တဲ့ကိစ္စကို ကျူးလွန်တဲ့သူမှန်သမျှကို အထိုက်အလျောက် အရေးယူဆောင်ရွက်သွားမယ်ဆိုတာ သိစေချင်ပါတယ်။

**မေး။ ။ အစိုးရရဲ့အမျိုးသားရင်ကြားစေ့ရေး ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီးလည်း သိချင်ပါတယ်။**

ဖြေ။ ။ ဒေါ်အောင်ဆန်းစုကြည်ရဲ့မူက ဒီမိုကရေစီဖက်ဒရယ်နိုင်ငံတည်ထောင်တဲ့အခါမှာ အမျိုးသားရင်ကြားစေ့ရေးကို အခြေခံခဲ့တယ်။ အဲ့ဒါကို အခြေခံတော့ ပြည်သူ့လွှတ်တော်မှာ ဦးဝင်းမြင့်က ဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဖြစ်ပါတယ်။ ဦးတီခွန်မြတ်က ဒုတိယဥက္ကဋ္ဌ၊ ကချင်လူမျိုး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ကဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌက ဦးအေးသာအောင်၊ ရခိုင်အမျိုးသား ပါတီကဖြစ်ပါတယ်။

ဆိုလိုတာက အမျိုးသားရင်ကြားစေ့ရေးမှုတွေကို အခြေခံပြီးတော့ ပြည်ထောင်စုအဆင့် တာဝန်ပေးတာတောင် တခြားပါတီနဲ့ တိုင်းရင်းသားတွေကို ဦးစားပေးတာကိုတွေ့ရပါတယ်။ တပ်မတော်နဲ့လည်း အလားတူပဲ။ ဒေါ်အောင်ဆန်းစုကြည်က အစိုးရအဖွဲ့မှာ တာဝန်ယူတဲ့ ဒုတိယ ဗိုလ်ချုပ်ကြီးစိန်ဝင်းတို့၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်တို့၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေတို့နဲ့ အဆင်ပြေအောင်ပေါင်းတယ်။ သူတို့နဲ့ ပွင့်ပွင့်လင်းလင်းဆက်ဆံတယ်။ မှားရင်မှားသလို မှန်ရင် မှန်သလို လုပ်ခဲ့တယ်။

### မျှော်လင့်ချက်တွေ ထားရှိ

အထူးသဖြင့် အရေးကြီးဆုံးကတော့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပေါ့၊ ဘာကြောင့်လဲဆိုရင် သူကတပ်မတော်ခေါင်းဆောင်ဖြစ်တဲ့အတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ အဆင်ပြေမှ ကျွန်တော်တို့ရည်မှန်းထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်နိုင်မယ်၊ နောက် အနာဂတ်အတွက်လည်း ဒီမိုကရေစီဖက်ဒရယ်နိုင်ငံ ထူထောင်နိုင်မယ်၊ ငြိမ်းချမ်းရေးအတွက်လည်း အဆင်ချောမယ်။

ဒါတွေ ရည်ရွယ်ပြီးတော့မှ အရင်နှစ်က အာဇာနည်နေ့ကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့တယ်။ အရင် တပ်မတော်ခေါင်းဆောင်တွေက တက်ရောက်တာ ထုံးစံမရှိခဲ့ဘူး၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဲဒီလို လိုက်လျောခဲ့တယ်၊ အလားတူပဲ အဲဒီနေ့မှာ ဒေါ်အောင်ဆန်းစုကြည်ခြံထဲမှာလုပ်တဲ့ ဘာသာပေါင်းစုံ ဆုတောင်းပွဲမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်တဲ့အတွက် သူ့ဘက်က လိုက်လျောမှုရှိသလို ဒေါ်အောင်ဆန်းစုကြည်ကလည်း သူဟာ တိုင်းပြည်အပေါ်မှာ တကယ်စေတနာနဲ့လုပ်နေပါတယ်ဆိုတဲ့ စိတ်ထားကို သိအောင် ဆက်ဆံတယ်။

အခုထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ တပ်မတော်ကြားမှာ အင်မတန်သိသာထင်ရှားတဲ့ အဖုအထစ်မရှိဘူးလို့ ပြောလို့ရတယ်၊ အဲဒီအခြေအနေကနေပြီး တစ်ဦးပေါ်တစ်ဦး ပိုနားလည်ပြီး နိုင်ငံရေးအရ ဆောင်ရွက်နိုင်ဖို့အတွက် ပိုပြီး မျှော်လင့်ချက်တွေထားတယ်။ မျှော်လင့်ချက်တွေ ရှိတယ်၊ အဲဒီအတိုင်းပဲ ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ဆောင်ရွက်မယ်လို့ ယုံကြည်ပါတယ်။

**တွေ့ဆုံမေးမြန်း - မျိုးမြင့်၊ မွေးကြူဇင် (သတင်းစဉ်)**

# မပြီးဆုံးသေးသောသမိုင်းအတွက် အလင်းရောင်သန်းလာသောကာလ

**အောင်ကျော်အေးချမ်း**

**၂၀၁၆ခုနှစ် မတ်လကစတင်ဖွဲ့စည်းခဲ့သောအစိုးရ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး ချွတ်ခြုံကျမှုတစ်လျှောက်လုံး ကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံအဖို့ အစိုးရတစ်ရပ်၏ တစ်နှစ်တာဖြတ်သန်းမှုသည် လွယ်လွယ်ကူကူမဟုတ်ခဲ့သည်ကို နိုင်ငံရေး အကင်းပါးလှသော ပြည်သူများတွေ့မြင်ခဲ့ကြရပြီးဖြစ်ပါသည်။**

မြန်မာ့အနီးခေတ်သမိုင်းသည် လွတ်လပ်ရေးရပြီး သုံးလခန့်မှစ၍ ပြည်တွင်းစစ်နှင့် တိုးခဲ့ရာအစမကောင်းခဲ့ဟု ဆိုရပါမည်။ အယူဝါဒရေးရာအရ လက်နက်ကိုင်စွဲသူများနှင့် တိုင်းရင်းသားအရေးအတွက် လက်နက်ကိုင်စွဲသူများ စုံလင်စွာရှိခဲ့ရာမှ ၁၉၉၀ နောက်ပိုင်းတွင်မူ တိုင်းရင်းသားလက်နက်ကိုင်များ၏ တန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး၊ ဖက်ဒရယ်အရေးတောင်းဆိုမှုအခြေခံသော လက်နက်ကိုင်များသာ ကျန်ရှိခဲ့သည်မှာ ယနေ့အထိတိုင်ပင်ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့အနီးခေတ်သမိုင်းသည် အစမကောင်းသလို အဆုံးမသတ်နိုင်သေးသော သမိုင်းဖြစ်နေပါသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ပြည်တွင်းမတည်ငြိမ်မှုများနှင့် ကြုံတွေ့ရသောနိုင်ငံမှာ မြန်မာတစ်နိုင်ငံတည်းတော့မဟုတ်ပေ။ အိမ်နီးချင်းနိုင်ငံအများအပြားမှာပင် ပြည်တွင်းစစ်များ၊ ပြည်တွင်းပဋိပက္ခများ၊ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆူဆူညံအောင်ဖြစ်ပွားခဲ့ပြီး တချို့နိုင်ငံများမှာ ၁၉၆၀ တစ်ဝိုက်တွင် တည်ငြိမ်မှုရရှိလာခဲ့ကာ တချို့နိုင်ငံများမှာ ၁၉၈၀ နှင့် ၁၉၉၀ တစ်ဝိုက်တွင် တည်ငြိမ်မှုရရှိသွားကြသည်ကို တွေ့နိုင်ပါသည်။ တစ်ကမ္ဘာလုံးဖြစ်ပေါ် တိုးတက်မှုလမ်းကြောင်းအရ ၁၉၉၀ နောက်ပိုင်းစစ်အေးခေတ်လွန်ကာလသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အရှေ့ဥရောပနိုင်ငံများအတွက် ဒီမိုကရက်တိုက်ဇေးရှင်းဖြစ်စဉ်ကြီးသို့ တိတိပပဝင်ရောက်နိုင်ခဲ့ကြခြင်းဖြစ်ပါသည်။

သို့သော် မြန်မာနိုင်ငံအနေဖြင့်မူ ၁၉၈၈ အလွန်ကာလတွင် စစ်အာဏာရှင်စနစ်အောက်သို့ ကျရောက်ခဲ့ခြင်းဖြစ်ရာ ဒီမိုကရေစီသို့အကူးအပြောင်း၊ ဈေးကွက်စီးပွားရေးသို့ အကူးအပြောင်းအဆင့်များဆောင်ရွက်ရာတွင် အိမ်နီးချင်းနိုင်ငံများထက် ဆယ်စုနှစ်နှစ်စုကျော် နောက်ကျသွားသည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့်ပင် မြန်မာ့အပြောင်းအလဲသည်သာမန်အကူးအပြောင်းသာမက အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကိုပါ ဖြတ်သန်းလာရခြင်း ဖြစ်သည်။ ဤသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် ပြောကြားသည့် မိန့်ခွန်းတွင် ကိစ္စရပ်ကြီးတစ်ခုအနေဖြင့် ထည့်သွင်းပြောကြားသွားခြင်း ဖြစ်ပါသည်။

ဆယ်စုနှစ်ပေါင်းများစွာ အာဏာရှင်စနစ်အမျိုးမျိုး၊ ပြည်တွင်းလက်နက်ကိုင်အမျိုးမျိုးနှင့် ဖြတ်သန်းလာရာမှ ၂၀၁၆ ခုနှစ် မတ်လတွင် ပြည်သူတွေကိုယ်တိုင်ရွေးချယ်သော ပြည်သူအတွက် ပြည်သူ့အစိုးရတစ်ရပ်ပေါ်ပေါက်လာရာ ပြည်တွင်းမှာသာမက ကမ္ဘာကပါအလေးထားစောင့်ကြည့်ရသော မြန်မာ့အပြောင်းအလဲဖြစ်စဉ်တစ်ရပ် စတင်လာခဲ့ပါသည်။ အစိုးရက တရားဝင်မှုအပြည့်အဝရှိသော အစိုးရ၊ လွှတ်တော်က နိုင်ငံရေးအကျဉ်းသားဟောင်းများစွာ ပါဝင်သည့် ဒီမိုကရေစီရေးလှုပ်ရှားမှုများတွင် စွန့်လွှတ်အနစ်နာခံခဲ့သူများစွာပါဝင်သော လွှတ်တော်ဖြစ်ရာ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထူးခြားသောအဆင့်တစ်ခုဟု ဆိုရမည်ဖြစ်ပါသည်။

အစိုးရ၏တစ်နှစ်ပြည့်မိန့်ခွန်းတွင် **“နိုင်ငံအပေါ်မှာ သစ္စာစောင့်တယ်ဆိုရင် ပြည်သူအပေါ်မှာမေတ္တာထားရမယ်၊ ပြည်သူရဲ့တိုးတက်ရေးကို စွမ်းဆောင်ရမယ်၊ ဒီတော့ပြည်သူအပေါ်မှာ မေတ္တာထားတယ်ဆိုရင် နိုင်ငံအပေါ်မှာလည်းသစ္စာစောင့်ရမယ် ဒါမှသာအစိုးရတစ်ခုရဲ့တာဝန် ကျေပွန်မှာဖြစ်ပါတယ်”** ဟု ပြောကြားသွားသည်ကို တွေ့ရသည်။ လက်ရှိအစိုးရကိုလည်း အမျိုးသားရင်ကြားစေ့ရေးအစိုးရဟု ပြောချင်ကြောင်း ထည့်သွင်းပြောကြားသွားပါသည်။

အစိုးရသစ်၏ တစ်နှစ်တာဖြတ်သန်းမှုကိုကြည့်လျှင် ကြိုတင်ခန့်မှန်းတွက်ချက်ထားသော အခက်အခဲများကိုသာမက မမျှော်လင့်ထားသော ပြဿနာများနှင့်ပါ ရင်ဆိုင်ခဲ့ရသည်ကိုတွေ့နိုင်သည်။ **ရခိုင်ပြည်နယ် မောင်တောဒေသပြဿနာနှင့် မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းဒေသ တိုက်ပွဲဖြစ်စဉ်များကို ကြည့်လျှင် ချိန်ကိုက်ဗုံးများသဖွယ်ဖြစ်လာသည်ကို တွေ့ရသည်။ အခြေအနေတစ်ခု တည်ငြိမ်လာလျှင် နောက်တစ်ခုဖြစ်လာတတ်သည်။ ထိုအခြေအနေများသည် မြန်မာ့အပြောင်းအလဲအတွက် ထူးခြားသောစိန်ခေါ်မှုများဟု ဆိုနိုင်မည်ဖြစ်ပါသည်။** ထိုအခက်အခဲများကို ကြံ့ကြံ့ခိုင်ခိုင်ရင်ဆိုင်ရပ်တည်နိုင်ခြင်းသည်ပင် အစိုးရသစ်၏ စွမ်းဆောင်ရည်ဟု ဆိုရပါမည်။



မတ် ၃၀ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် မိန့်ခွန်းပြောကြားစဉ်

စီးပွားရေးနှင့်ပတ်သက်၍ ပထမနှစ်ဝက်ကာလတွင် စီးပွားရေးနှေးကွေးမှုဖြစ်ခဲ့ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင်က ဝန်ခံပြောကြားခဲ့သည်။ ယခုတစ်နှစ်ပြည့်မြောက်ချိန်တွင် ကုန်သွယ်ရေးပို့ငွေအနည်းငယ်ပြလာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ လျာထားချက်ထက်ကျော်လွန်ခဲ့သည်ကိုလည်း တွေ့ရသည်။ ထိုသို့ စီးပွားရေးနှင့်ပတ်သက်၍ ဝေဖန်ပြောကြားမှုများအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦးက **“နှစ်ပေါင်းရာစုတစ်ဝက်လောက်ဖြစ်ခဲ့တဲ့ စီးပွားရေးစနစ်တွေနဲ့ပတ်သက်ပြီး တစ်နှစ်၊ အခါလယ်သားမှာတော့ အများကြီး သိပ်မှန်းလို့မရသေးကြောင်း၊ စိန်ခေါ်မှုတွေကို စည်းကမ်းတကျ၊ စနစ်တကျကြိုးစားဖော်ထုတ်ပြီး ဆောင်ရွက်သွားမယ်ဆိုရင်တော့ အခြေအနေကောင်းတစ်ခုကိုရောက်မှာ ဖြစ်ကြောင်း”** ပြောကြားခဲ့သည်ကိုလည်း တွေ့ရပါသည်။

တစ်နှစ်ပြည့်မိန့်ခွန်းတွင် ကျေနပ်အားရစရာများအဖြစ် ပညာရေး၊ ကျန်းမာရေးဆောင်ရွက်ချက်များနှင့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးကိစ္စများကို ထည့်သွင်းပြောကြားသွားသည်။ တိုင်းနှင့်ပြည်နယ်အချို့တွင် မည်သူ့ကိုမျှ အရေးယူဆောင်ရွက်ရခြင်းမရှိဘဲ စီမံကိန်းများကို အသေအချာစစ်ဆေးဆောင်ရွက်ရာမှ ဘီလီယံနှင့်ချီသော ငွေပိုများ ပေါ်ထွက်လာကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

“အစိုးရသစ်၏ တစ်နှစ်တာကာလသည် ပြည်သူနှင့်အတူ ပူးပေါင်း၍ သမိုင်းကို ရေးနေခြင်းသာဖြစ်ပါသည်။ NLD ပါတီ၏ဆောင်ပုဒ်ဖြစ်သော **‘ပြောင်းလဲချိန်တန်ပြီ’** ဆိုသောနေရာတွင် **‘ပြည်သူနှင့်အတူ’**ဟု ပြောင်းလိုကြောင်း၊ ပြည်သူနှင့်အတူ ခရီးလမ်းကို ဆက်လျှောက်သွားချင်ကြောင်း” နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောသွားပါသည်။ ယခုငြိမ်းချမ်းရေးတည်ဆောက်မှုအတွက်လည်း သတင်းကောင်းများ ကြားသိလာရသည်။ **ပြည်သူလူထု၏ဝန်းရံမှုသည် အစိုးရအတွက် အားတစ်ခုဖြစ်ပါသည်။ စနစ်ရော၊ စိတ်ဓာတ်များပါပြောင်းလဲရန် လိုအပ်နေသော အချိန်တွင် အစိုးရက ဆောင်ရွက်နေသော လုပ်ငန်းများအတွက် ပြည်သူလူထုကပါ ဝန်းရံပေးခြင်းဖြင့် နိုင်ငံတိုးတက်မည်မှာ အသေအချာပင်ဖြစ်ပါသည်။** မပြီးဆုံးသေးသော သမိုင်းအတွက် အလင်းရောင်သန်းလာသောကာလဟု မလွဲမသွေ ပြောနိုင်မည်ဖြစ်ကြောင်း တင်ပြရပါသည်။

**“ နိုင်ငံအပေါ်မှာ သစ္စာစောင့်တယ်ဆိုရင် ပြည်သူအပေါ်မှာ မေတ္တာထားရမယ်၊ ပြည်သူရဲ့ တိုးတက်ရေးကို စွမ်းဆောင်ရမယ်၊ ဒီတော့ ပြည်သူအပေါ်မှာ မေတ္တာထားတယ်ဆိုရင် နိုင်ငံအပေါ်မှာလည်း သစ္စာစောင့်ရမယ် ဒါမှသာအစိုးရတစ်ခုရဲ့တာဝန် ကျေပွန်မှာဖြစ်ပါတယ် ”**

# မန္တလေး ခရိုင်ချင်းဆက်လမ်း အမှတ် (၂) ပေါ်ရှိ ဒုဋ္ဌဝတီတံတား(ရွှေစာရံ) ဖွင့်

**မန္တလေး မတ် ၃၁**

မန္တလေး ခရိုင်ချင်းဆက်လမ်း အမှတ် (၂)၊ ဒုဋ္ဌဝတီတံတား (ရွှေစာရံ)ဖွင့်ပွဲအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၁၀ နာရီ ၁၅မိနစ်က မန္တလေး ခရိုင်ဘက်ခြမ်းရှိ အဆိုပါတံတားထိပ်တွင် ကျင်းပခဲ့ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် ပေ ၆၆၀ နှစ်လမ်းသွား ဒုဋ္ဌဝတီတံတား(ရွှေစာရံ) ကွန်ကရစ်တံတားသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် နိုင်ငံတော်အစိုးရသစ်လက်ထက် မန္တလေးတိုင်းဒေသကြီးအတွင်း ပထမဆုံးဖွင့်လှစ်ပေးခဲ့သော တံတားကြီးဖြစ်ကြောင်း၊ အဆိုပါတံတားကြီးကို အသုံးပြု၍ တရုတ်နိုင်ငံနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှလာသည့် ကုန်စည်ပို့ဆောင်ရေးယာဉ်များသည် ပြင်ဦးလွင်မှတစ်ဆင့် ယခင်ကဲ့သို့ မန္တလေးမြို့ကိုကွေ့၍ ဖြတ်သန်းစရာမလိုဘဲ ကျောက်ဆည်မြို့မှတစ်ဆင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသို့ အချိန်ကုန်သက်သာစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ခရိုင်ချင်းဆက်လမ်းအမှတ်(၂)မှ ရှမ်းပြည်နယ် တောင်ပိုင်းသို့လည်း မိတ္ထီလာ-တောင်ကြီးလမ်းမှတစ်ဆင့် ခရီးတိုစွာ သွားလာနိုင်ပြီးဖြစ်သောကြောင့် ကျောက်ဆည်ခရိုင်နှင့် မန္တလေးခရိုင်အတွင်းရှိ ပြည်သူများ ဘေးအန္တရာယ်ကင်းစွာသွားလာနိုင်ပြီး ဒေသထွက်ကုန်စည်များ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ပြီး ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အခြေအနေများ တိုးတက်ကောင်းမွန်လာကာ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အဆိုပါဝန်ကြီးဌာနမှ မန္တလေးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ပေ ၂၀ နှင့်အထက် တံတား ၄၃ စင်း တည်ဆောက်ခဲ့ပြီး ယခုဖွင့်လှစ်သည့် ဒုဋ္ဌဝတီတံတား(ရွှေစာရံ)သည် ပေ ၁၈၀ နှင့် အထက် အရှည်ရှိသော တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုဋ္ဌဝတီတံတား(ရွှေစာရံ)အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းဝင်း၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦးနှင့် ဦးအောင်နိုင်လင်း၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ဝဲပုံ)** ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တံတားကို ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်မှစတင်ကာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၆-၂၀၁၇ ခွင့်ပြုဘဏ္ဍာငွေ ငွေကျပ်သန်းပေါင်း ၂၁၁၂ သန်းခန့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်၍ အခန်းခြောက်ခန်းနှင့် အရှည်ပေ ၆၆၀ ရေလယ်တိုင် ငါးတိုင်၊ ချဉ်းကပ်တိုင် နှစ်တိုင်ရှိ၍ ကားလမ်းအကျယ် ၂၄ ပေနှင့် လူသွားလမ်း သုံးပေစီပါဝင်ကာ စုစုပေါင်းပေ ၃၀ အကျယ်အဝန်းရှိကြောင်း သိရသည်။ **တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြေသိမ်းဆည်းခံရမှုကြောင့် နစ်နာသူပြည်သူများ၏ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်လိုအပ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ (၁/၂၀၁၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် မတ် ၃၁**

မြေသိမ်းဆည်းခံရမှုကြောင့် နစ်နာသူပြည်သူများ၏ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်အနေဖြင့် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားလိုက်သည်။

နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ (၁/၂၀၁၇)လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက နိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆက်စပ်နေသောလယ်ယာမြေများ၊ တောင်သူလယ်သမားများသည် အဓိက အခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် နိုင်ငံတော်၏ Image ဖြစ်သော မြေယာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် ပြန်လည်သုံးသပ်၍ အရှိန်ကောင်းကောင်းဖြင့် ဆက်လက်တွန်းအားပေးဆောင်ရွက်သွားရန် လိုကြောင်း။

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသို့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှဲပြောင်းပေးပို့လာသည့် တိုင်ကြားစာအမှုတွဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပေးပို့လာသည့်အမှုတွဲများအနေဖြင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ တိုင်ကြားစာ အမှုတွဲ စုစုပေါင်း ၃၉၈၀ မှုရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန ၊နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများသို့ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ အမှုတွဲများမှ စိစစ်ဖြေရှင်းပြီး အမှုတွဲ ၂၁၂ မှုရှိပြီး စိစစ်ဖြေရှင်းဆဲ အမှုတွဲ ၃၇၆၈မှုရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် မျှော်မှန်းထားသောအတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးကြောင်းကို သုံးသပ်မိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဗဟိုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း အထူးကိစ္စရပ်များအနေဖြင့် ဖြေရှင်းရန်လိုအပ်သော မြေကိစ္စများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပေါင်းစပ်ညှိနှိုင်း ဆုံးဖြတ်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးက ပထမဆုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည့်အတွက် တိုးတက်မှုများရရှိခဲ့ပြီး ကချင်၊ ကယား၊ ချင်း၊ ပဲခူးတိုင်းဒေသကြီးတို့ကလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကြောင့် တိုးတက်မှုများရရှိခဲ့ကြောင်း။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများအနေဖြင့် ယခင်အစိုးရလက်ထက် စိစစ်ဖြေရှင်းရန် ကျန်ရှိနေသော အမှုတွဲများကိုလည်း ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိရာ တိုးတက်မှုအမှုတွဲများအား လစဉ်ပုံမှန်ပြန်တမ်းဖြင့် ပြန်လည်တင်ပြရန် လိုအပ်ကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်း ဝန်ကြီးဌာန၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှ စီမံကိန်းအလို့ငှာ ရယူထားသောမြေများတွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိသည့် မြေများကို နိုင်ငံတော်နှင့် ဒေသခံပြည်သူလူထုအကျိုးအတွက် မြေစီမံခန့်ခွဲခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်သိမ်းဆည်းနိုင်ရန်အတွက် ညွှန်ကြားထားပြီးဖြစ်သည့်အတွက် ဆောင်ရွက်မှုအခြေအနေများ တင်ပြသွားရန်လိုအပ်ကြောင်း။

လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများသိရှိနိုင်ရေး နိုင်ငံပိုင်သတင်း၊ မီဒီယာများတွင် ဖော်ပြနိုင်ရန်အတွက် သတင်းထုတ်ပြန်ကြေညာချက်အား ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့သွားမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီမှ မြေကိစ္စများ ဖြေရှင်းဆောင်ရွက်ရာတွင် ဝိရောဓိဖြစ်စေနိုင်သည့် ကိစ္စရပ်များကို လွယ်လင့်တကူ ဖြေရှင်းနိုင်ရန် မူ(၁၀)ချက်ကို ထပ်မံချမှတ်ပြီးဖြစ်သည့်အတွက် အတည်ပြုသွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဗဟိုကော်မတီအနေဖြင့် တိုင်ကြားစာများအပေါ် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက မြေယာကိစ္စရပ်များ လွယ်လင့်တကူ ဖြေရှင်းနိုင်ရေးကိစ္စရပ်များ၊ မြေယာများနှင့်စပ်လျဉ်း၍ နစ်နာဆုံးရှုံးမှုမရှိစေရန် ဥပဒေနှင့်အညီ ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးတင်ပြကြပြီး ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

---

◆ *ကျောဖုံးမှ*

စုံစမ်းစစ်ဆေးရေးအဖွဲ့တို့က မောင်တောဒေသသို့ အသေးစိတ် သွားရောက်စုံစမ်းစစ်ဆေးခဲ့ကြကြောင်း၊ အဆိုပါ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးတွေ့ရှိချက်အသေးစိတ်အစီရင်ခံစာများသည် မိမိထံရောက်ရှိနေပြီဖြစ်ကြောင်း၊ ၎င်းစုံစမ်းစစ်ဆေးရေးအဖွဲ့များသည် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပြင်သို့ ကွင်းဆင်း၍ စနစ်တကျ စစ်ဆေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ကော်မရှင်၏ အစီရင်ခံစာ၌ စစ်ဆေးတွေ့ရှိချက်အားလုံးကို ခြုံငုံ၍ ပြည့်ပြည့်စုံစုံ သုံးသပ်တင်ပြနိုင်ရန် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေး၌ ကော်မရှင်အဖွဲ့ဝင်များက လွတ်လပ်စွာဆွေးနွေးကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ဦးဇော်မြင့်ဖေက ကော်မရှင်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်၍ စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ အပြီးသတ်အစီရင်ခံစာနှင့် အစီရင်ခံစာအကျဉ်းချုပ်ရေးသားခြင်းနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးအောင်ကြည်၊ ဦးထွန်းမြတ်၊ ဒေါက်တာအောင်ထွန်းသက်၊ ဦးညွန့်ရွှေ၊ ဒေါက်တာလှမောင်၊ ဦးစောသလေးစော၊ ဒေါ်ကျိန်ပိုက်မန်၊ ဦးသာညဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းနှင့် ဦးအောင်နိုင်တို့က အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

**(သတင်းစဉ်)**

---


## လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများ လဲလှယ်ပေးပါ။
(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(၄) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ် ဖုံး၊ အုပ် ငြှိမ်းသတ်ပါ။
(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။
(၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

မီးသတ်ဦးစီးဌာန


---

# မြန်မာတို့အတွက် သီးသန့်ရေးဆွဲထားသည့် ရသစုံအက်ပလီကေးရှင်း အခမဲ့သုံးစွဲနိုင်

**ရန်ကုန် မတ် ၃၁**

ပြည်တွင်းမှ သတင်းအချက်အလက်များ၊ နည်းပညာများ၊ ပြိုင်ပွဲအစီအစဉ်များနှင့် အနုပညာသတင်းများစသည့် လူမှုနေ့စဉ်ဘဝအတွက် လိုအပ်ချက်များကို အခမဲ့သုံးစွဲနိုင်သည့် wowbox အက်ပလီကေးရှင်းကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက တယ်လီနောရုံးချုပ်တွင် စတင်မိတ်ဆက်ခဲ့ပြီး တစ်နိုင်ငံလုံးမှ တယ်လီနော ဆင်းကတ်သုံးစွဲသူအားလုံး အခမဲ့အသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။




တယ်လီနော သုံးစွဲသူများအား ဖေဖော်ဝါရီလမှ စတင်၍ wowbox ကို အစမ်းသုံးစွဲခွင့်ပြုခဲ့ပြီး ပြည်တွင်းတွင် တရားဝင် မိတ်ဆက်ခြင်းမပြုမီကတည်းက Google Play တွင် ရေပန်းစားသော app တစ်ခု ဖြစ်နေပြီဖြစ်သည်။

"မြန်မာနိုင်ငံမှာ wowbox ကို အစောပိုင်းကတည်းက သုံးစွဲမှုမြင့်မားနေတာဟာ အသုံးပြုသူတွေရဲ့ ဒီဂျစ်တယ်လူနေမှုဘဝကို ပိုမိုကောင်းမွန်စေနိုင်ဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်ခေတ်သစ်က အစောပိုင်းကာလမှာသာ ရှိနေသေးပေမယ့် wowbox ရဲ့ လျင်လျင်မြန်မြန် ကြီးထွားလာမှုက ဒီဂျစ်တယ်ကမ္ဘာထဲရဲ့ အလားအလာကအများကြီး ရှိတယ်ဆိုတာကိုလည်း ပြသနေပါတယ်" ဟု တယ်လီနော မြန်မာ၏ဈေးကွက် ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က ပြောကြားသည်။

wowbox တွင် ပါသော အကြောင်းအရာအားလုံးကို မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် သီးသန့်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ယခု app ၌ ဖော်ပြရန် သီးသန့်ရေးသားထားသော အထူးဆောင်းပါးသစ် အနည်းဆုံး ၁၀ ပုဒ်ကို နေ့စဉ်နေ့တိုင်း ဖတ်ရှုနိုင်မည်ဖြစ်သည်။ ယခု app တွင် နှလုံးသားရေးရာ အကြံပေးချက်များ၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၊ ဟာသများ၊ နေ့စဉ်သတင်းများနှင့် ဖက်ရှင်အလှအပဆိုင်ရာ အကြံပြုချက်များမှာ လူကြိုက်များသည့် လတ်တလောခေတ်စားနေသည့် သတင်းများ၊ အားကစားသတင်းများ၊ ဂိမ်းများ၊ တေးသီချင်းနှင့် ရုပ်ရှင်သုံးသပ်ချက်များ၊ လူမှုဘဝရေးရာဆောင်းပါးများ၊ နှလုံးသားရေးရာ အကြံပေးချက်များ၊ အချစ်ကံ ဆန်းစစ်မှုများနှင့် အခြား အကြောင်းအရာများစွာ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် ခလုတ်တစ်ချက်နှိပ်ရုံဖြင့် အင်တာနက်ဒေတာ ဝန်ဆောင်မှုများကို လွယ်ကူစွာ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။ အသုံးပြုလိုသူများအနေဖြင့် app ကို Google Playstore (http://bit.ly/wowboxmm) သို့မဟုတ် တိုက်ရိုက် link (http://bit.ly/wowboxapp)တွင် ရယူနိုင်သည်။

wowbox ကို ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် အသုံးပြုနေပြီးဖြစ်၍ လက်ရှိသုံးစွဲသူပေါင်း ၈ သန်းကျော်ရှိနေပြီ ဖြစ်သည်။ မကြာသေးမီအချိန်ကလည်း အဆိုပါ app တွင် ပါဝင်သည့် အကြောင်းအရာများ၊ ဒစ်ဂျစ်တယ်ဈေးကွက်ရှာဖွေရေး လှုပ်ရှားမှုများနှင့် လတ်ဆတ်ဆန်းသစ်သော ဒီဇိုင်းများကြောင့် ဆုချီးမြှင့်မှုများ ရရှိခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယခုလို မိတ်ဆက်နိုင်ခဲ့သည့်အတွက် အဆိုပါ app သည် ပိုမိုများပြားသော အသုံးပြုသူများအား ဆွဲဆောင်နိုင်မည်ဟု မျှော်မှန်းထားသည်။ မြန်မာနိုင်ငံရှိ တယ်လီနောသုံးစွဲသူ ၁၉ သန်းအနက် ၇၀ ရာခိုင်နှုန်းသည် စမတ်ဖုန်း သုံးစွဲသူများ ဖြစ်သည်။

Kantar TNS ၏ Connected Life စစ်တမ်းအရ အင်တာနက်ကို မိုဘိုင်းမှတစ်ဆင့် အသုံးပြုသူ ၉၅ ရာခိုင်နှုန်းရှိသည့် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် မိုဘိုင်းအဓိကအသုံးပြုမှု အမြင့်မားဆုံး ဈေးကွက်ဖြစ်လာသည်။ မြန်မာနိုင်ငံတွင်း လက်ရှိ ချိတ်ဆက်အသုံးပြုနေသူများသည် မီဒီယာ ရယူအသုံးပြုမှု စုစုပေါင်းတွင် ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြုမှု ၅၂ ရာခိုင်နှုန်းအထိ ရှိနေပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယင်းသို့ ရယူအသုံးပြုမှုမှာ ၃၆ ရာခိုင်နှုန်းသာရှိသည်ဖြစ်ရာ အသုံးပြုများသည် အွန်လိုင်းမှတစ်ဆင့် သတင်းအချက်အလက်များ ရယူမှုတွင် စိတ်ပါဝင်စားမှုမြင့်မားကြောင်း ပြသနေသည်။

"ဒီ app ဟာ ပျော်ရွှင်ဖွယ်ကောင်းပြီး လူငယ်ဆန်တဲ့ လူနေမှုဘဝအတွက် ရည်ရွယ်ပါတယ်။ အပြုံးတွေကို သယ်ဆောင်လာခြင်းဆိုတဲ့ app ရဲ့ စိတ်ကူးစိတ်သန်းနဲ့ ကိုက်ညီစေဖို့အတွက် ကျွန်တော်တို့အနေနဲ့ သုံးစွဲသူတွေရဲ့ အလေ့အထအခြေပြုတဲ့ ဈေးကွက်ရှာဖွေရေးတွေကို လုပ်ဆောင်ခဲ့ပြီး လူငယ်တွေကို သူတို့ရဲ့ နေ့စဉ်ဘဝတွေမှာ ကူညီပေးနိုင်ဖို့ ပြည်တွင်းမှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေနဲ့ ပက်သက်ပြီး လက်တွေ့လုပ်ဆောင်နိုင်မယ့် ဖြေရှင်းချက်တွေကို ပေးအပ်နေပါတယ်။ ဒီအစီအစဉ်ဟာ အလွန်ကို လူကြိုက်များတယ်ဆိုတာကိုလည်း သက်သေပြပြီးဖြစ်ပါတယ်"ဟု wowbox ၏ တာဝန်ခံဖြစ်သူ Bjorn Thorstensen က တရားဝင် မိတ်ဆက်ခြင်း အခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

**သတင်း-သွန်းဝသန်၊ ဓာတ်ပုံ- Mango**

# ကိုကိုးကျွန်းဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် ကိုကိုးကျွန်းဆိပ်ခံတံတားဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် မတ် ၃၀ ရက် နံနက်ပိုင်းက ကိုကိုးကျွန်းမြို့သို့ရောက်ရှိပြီး ရေတပ်စခန်းဌာနချုပ် စိုက်ပျိုးမွေးမြူရေးခြံနှင့် ကိုကိုးကျွန်းပတ်လမ်းမှ ကြွက်ကျွန်းသို့သွားသည့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရေတပ်စခန်းဌာနချုပ်ရှိ အုန်းထွက်ပစ္စည်းများနှင့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းများနှင့် ခင်းကျင်းပြသထားသည့် အုန်းထွက်ပစ္စည်း၊ လက်မှုအလှဆင်ပစ္စည်းများအား ကြည့်ရှုသည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ်ခန်းမ၌ ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး ဒေသခံပြည်သူများနှင့် ဝန်ထမ်းမိသားစုများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဇိနမာရဇိန်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော် ဦးအဂ္ဂဝံသအား လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ဆိပ်ခံတံတား၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းတို့က ဆိပ်ခံတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆိပ်ခံတံတားဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ ကိုကိုးကျွန်းဆိပ်ခံတံတားကို ဖွင့်လှစ်ပေးစဉ်** (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဆိပ်ကမ်းဌာနမှ ကထိက ဒေါက်တာငြိမ်းဇင်လတ်က ဆိပ်ခံတံတားတည်ဆောက်ခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဆိပ်ခံတံတားနှင့် ပတ်သက်သော စာရွက်စာတမ်းများအား နယ်မြေခံရေတပ်သင်္ဘောကျင်းဌာနချုပ်မှူးထံ တာဝန်ရှိသူတစ်ဦးက လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆိပ်ခံတံတားဖွင့်ပွဲအောင်မြင်ခြင်းအထိမ်းအမှတ် လိပ်များအား ပင်လယ်အတွင်းသို့ လွှတ်ပေးကြသည်။

ယခုကဲ့သို့ ကိုကိုးကျွန်းဆိပ်ခံတံတားတည်ဆောက်ခြင်းဖြင့် ကိုကိုးကျွန်းမြို့ရှိဒေသခံပြည်သူများ၏ သွားလာရေး၊ ကုန်စည်နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်ကောင်းမွန်လာပြီး ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော် (ရေ) စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်

**နေပြည်တော် မတ် ၃၁**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော် (ရေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရေပိုင်နက် (ကိုကိုးကျွန်းဒေသ)၌ ပြုလုပ်သည့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise -Sea Shield 2017 )ကို တာဝန်ရှိသူများနှင့်အတူ အကဲကြည့်စစ်ရေယာဉ် အောင်ဇေယျပေါ်မှ လိုက်ပါကြည့်ရှု အားပေးကြသည်။

တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့ (NAVY SEALs) တပ်ဖွဲ့ဝင်များက ရန်သူများစီးနင်းထားသည့် ခရီးသည်တင် ကုန်သွယ်ရေယာဉ်တစ်စင်းအား အမြန်သွားကင်းလှည့်တိုက်ခိုက်ရေးရေယာဉ် လေးစင်း၊ ရဟတ်ယာဉ် သုံးစင်းဖြင့် ဝင်ရောက်စီးနင်း၍ ဖမ်းဆီးခံဓားစာခံများအား ကယ်ဆယ်ခြင်းလေ့ကျင့်ခန်းကို ဆောင်ရွက်သည်။





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ) စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်းပြုလုပ်မှုကို ကြည့်ရှုစဉ်** (သတင်းစဉ်)

ထို့နောက် စစ်ရေယာဉ် အောင်ဇေယျပေါ်၌ ရဟတ်ယာဉ် တက်/ဆင်းခြင်း လေ့ကျင့်ခန်းကို ပြုလုပ်ပြီး ရေတပ်စစ်နည်းဗျူဟာအရ ရေပြင်ရန်ကာကွယ်ရေး စစ်ဆင်မှုလေ့ကျင့်ခန်းကို ဆက်လက်ဆောင်ရွက်သည်။

ယနေ့ ပြုလုပ်ခဲ့သည့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise -Sea Shield 2017 )သည် လေးကြိမ်မြောက် လုပ်ဆောင်ခြင်းဖြစ်ပြီး စစ်ရေယာဉ်မျိုးစုံ ၂၈ စင်းနှင့် ရဟတ်ယာဉ်များ၊ အရာရှိ၊ စစ်သည်အင်အား ၁၄၀၀ ကျော် ပါဝင်လေ့ကျင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကျပ်အတည်း၊ ပဋိပက္ခအခြေအနေများတွင် မီဒီယာနှင့်ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၃၁

**မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်သစ်သို့ ကူးပြောင်းရာ၌ အစိုးရဌာနဆိုင်ရာများရှိ ဝန်ထမ်းများအနေဖြင့် မီဒီယာများနှင့် ဆက်ဆံရာတွင် ပိုမိုကျွမ်းကျင်မှုရှိရန် တောင်းဆိုမှုနှင့် လိုလားချက်များသည် တိုးပွားလျက်ရှိသည်။**



အဆိုပါ လိုလားချက်များအပြင် အကျပ်အတည်း၊ ပဋိပက္ခအခြေအနေများတွင် မီဒီယာနှင့် ဆက်ဆံရေးကျွမ်းကျင်မှုရှိရန် အမေရိကန်ပြည်ထောင်စု ဟာဝိုင်အီအခြေစိုက် Daniel K. Inouye Asia-Pacific Center for Security Studies က ဦးဆောင်သော အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၀ ရက်မှ ၃၁ ရက်အထိ နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။ ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲ၌ Asia - Pacific Center for Security Studiesမှ ပြည်သူ့ဆက်ဆံရေးအရာရှိ မစ္စ မယ်ရီက အမေရိကန် တပ်မတော်၏ သတင်းပြန်ကြားရေးနှင့် လူထုဆက်ဆံရေးလုပ်ငန်းဆောင်ရွက်နေမှု၊ လူထုဆက်ဆံရေးမှတစ်ဆင့် တပ်မတော်အပေါ် ပြည်သူများ၏ သဘောထားအမြင်များ ရရှိနိုင်မှုတို့နှင့် စပ်လျဉ်း၍ ၎င်း၏အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ပါဝင်တက်ရောက်သူများက အဖွဲ့များခွဲ၍ အကျပ်အတည်းနှင့် ပဋိပက္ခအခြေအနေများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို လက်တွေ့လေ့ကျင့်ကြသည်။

ထိုသို့ လက်တွေ့ဆောင်ရွက်နေမှုကို အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ စကော့အလန် မာစီရယ်လ်တို့ တက်ရောက်အားပေးကြသည်။ **(ဓါတ်ပုံ)**

ယခုဆွေးနွေးပွဲသည် မီဒီယာများနှင့် ဆက်ဆံရာတွင် အထူးသဖြင့် ပဋိပက္ခအခြေအနေ၌ ထိရောက်သော မီဒီယာဆက်ဆံရေးရရှိရန် ဌာနဆိုင်ရာ တာဝန်ရှိသူများကို ထိရောက်သော မီဒီယာဆက်ဆံရေးမူဝါဒနှင့် အလေ့အကျင့်များပေးရန်၊ ပဋိပက္ခစီမံခန့်ခွဲရေး မူဘောင်အတွင်းမှ မီဒီယာအခန်းကဏ္ဍကို အလေးထားကာ အစိုးရအား အထောက်အပံ့ဖြစ်၍ တိကျမှန်ကန်ပြီး အချိန်နှင့်တစ်ပြေးညီဖြစ်သော သတင်းအချက်အလက်ပေးနိုင်မည့် မီဒီယာဆက်ဆံ ရေး မဟာဗျူဟာတစ်ရပ် ဖော်ဆောင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် အမေရိကန်ပြည်ထောင်စု Asia - Pacific Center for Security Studies ၌ တက်ရောက်သင်ကြားခဲ့သည့် မြန်မာနိုင်ငံမှ သင်တန်းသားများ၏ သင်တန်းဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းပွဲကို ကျင်းပသည်။

**သာစိန်၊ မီမီဖြိုး(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် မဲရုံများစစ်ဆေး



**ကျောက်တံခါး မတ် ၃၁**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မတ် ၃၁ ရက် နံနက်ပိုင်းက ကျောက်တံခါးမြို့နယ်ရှိ မဲရုံများအား လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကျောက်တံခါးမြို့နယ်တွင် ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၆၄ အုပ်စုရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၇၆၉၅၄ ဦးရှိ၍ မဲရုံပေါင်း ၂၀၃ရုံတွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် အဖွဲ့ဝင်စုစုပေါင်း ၁၅၅၃ ဦးတို့အား တာဝန်ပေးအပ်ထားပြီး အမှတ်(၄) မဲဆန္ဒနယ်မြေ အမျိုးသားလွှတ်တော် လစ်လပ်နေရာ၌ နိုင်ငံရေးပါတီ ၆ ပါတီမှ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကာ မြို့နယ်/ ရပ်ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ လုံခြုံရေး တာဝန်ကျရဲတပ်ဖွဲ့ဝင်များ၊ ပူးပေါင်းကာ ဧပြီ ၁ ရက်၌ ကျင်းပမည့် ကြားဖြတ် ရွေးကောက်ပွဲအား နံနက် ၆ နာရီတွင် မဲရုံစတင်ဖွင့်လှစ်၍ ညနေ ၄ နာရီတွင် မဲရုံပိတ်မည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့၌ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒပြုမဲပေးနိုင်ရေး တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းက တိကျမှန်ကန်စွာ ကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ တိုင်းကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အတွင်းရေးမှူး ဦးအောင်ကျော်မိုး၊ ခရိုင်ကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သူရ၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးစောဘီသိန်းနှင့် အဖွဲ့ဝင်များက ကျောက်တံခါးအထကရှိ စျေးပိုင်း ရပ်ကွက်မဲရုံနှင့် အထကခွဲအနောက်ရပ်ရှိ ကွင်းနောက်ရပ်ကွက်မဲရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကြားဖြတ်ရွေးကောက်ပွဲအတွက် ကမာရွတ်မြို့နယ်အတွင်း လုံခြုံရေးတိုးချဲ့ဆောင်ရွက်မည်

**ရန်ကုန် မတ် ၃၁**

ကြားဖြတ်ရွေးကောက်ပွဲအတွက် ကမာရွတ်မြို့နယ်အတွင်းရှိ မဲရုံများ၌ ရဲတပ်ဖွဲ့ဝင်ဦးရေ ၉၀ နီးပါးဖြင့် လုံခြုံရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကမာရွတ်မြို့မရဲစခန်းမှ သိရသည်။

ကမာရွတ်မြို့နယ်အတွင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရုံး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံး၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးများတွင် မတ် ၂၂ ရက်မှ စတင်၍ လုံခြုံရေးဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။ မြို့နယ်အတွင်း မဲရုံ ၃၅ ရုံ ဖွင့်လှစ်မည်ဖြစ်ရာ မဲရုံများအတွက် လုံခြုံရေးကို မတ် ၃၁ ရက် မွန်းတည့် ၁၂ နာရီမှစ၍ လုံခြုံမှုဆောင်ရွက်ပေးထားကြောင်း သိရသည်။




ကြားဖြတ်ရွေးကောက်ပွဲနေ့အတွက် လုံခြုံရေးကို ကမာရွတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသာမက အခြားသောမြို့နယ်များမှ ရဲတပ်ဖွဲ့ဝင်များဖြင့်လည်း အင်အားတိုးချဲ့ထားကြောင်း သိရသည်။ ထို့ပြင် မီးတန်းကား၊ ဆိုင်ကယ်လှည့်ကင်းများအပြင် ယာဉ်တင်အသင့်တပ်ဖွဲ့ဝင်များပါ လုံခြုံရေးတိုးချဲ့ထားကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ မြို့နယ်အတွင်း ကွပ်ကဲရေးရုံးဖွင့်၍ လုံခြုံရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမာရွတ်မြို့နယ်အတွင်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီ ငါးပါတီနှင့် တစ်သီးပုဂ္ဂလတစ်ဦးတို့က အမျိုးသားလွှတ်တော်နေရာအတွက် ဝင်ရောက်အရွေးချယ်ခံကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ထင်ပေါ်ဝင်း**

## ကျောက်တံခါးနှင့် ညောင်လေးပင်မြို့၌ မဲရုံပေါင်း ၃၅၃ ရုံရှိ

**ပဲခူး မတ် ၃၁**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း လစ်လပ်မဲဆန္ဒနယ်မြေများတွင် ဧပြီ ၁ ရက်၌ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လစ်လပ်မဲဆန္ဒနယ်မြေများဖြစ်သည့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄)၊ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့တွင် မဲရုံပေါင်း ၃၅၃ ရုံ၊ မဲဆန္ဒရှင်ဦးရေ သုံးသိန်းနှစ်သောင်းကျော်ရှိပြီး ကျောက်တံခါးမြို့နယ်၌ မဲရုံပေါင်း ၂၀၃ ရုံ၊ ညောင်လေးပင်မြို့နယ်၌ မဲရုံပေါင်း ၁၅၀ ရှိရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တ.စ.ည)၊ ပြည်ထောင်စုလယ်သမား၊ အလုပ်သမားအင်အားစုပါတီ၊ အမျိုးသားတိုးတက်ရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအင်အားစုပါတီတို့မှ ကိုယ်စားလှယ်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

# မုံရွာမြို့မှသက်ကြီးရွယ်အိုများ အိမ်အရောက် မဲလက်ခံမှုများရှိသောကြောင့် လွယ်ကူစွာမဲပေးခွင့်ရ

မုံရွာ မတ် ၃၁

**ဧပြီ ၁ ရက် နံနက် ၆ နာရီတွင် မုံရွာမြို့နယ်အတွင်းရှိ မဲရုံ ၁၅၉ ရုံစလုံးကို ဖွင့်မည်ဖြစ်ကာ အကယ်၍ ညနေ ၄ နာရီ မဲရုံပိတ်ချိန်တွင် မဲပေးမည့်သူများ မဲရုံဧရိယာတွင်ကျန်နေလျှင် မဲရုံဧရိယာကိုပိတ်ကာ မဲပေးခြင်းကို အားလုံးပေးနိုင်ရန်စီစဉ်ထားပြီး ရရှိလာသောမဲနှင့် ကြိုတင်မဲများပေါင်းကာ ညတွင်းချင်းအပြီး မဲရေတွက်မှတ်တမ်းတင်သွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးကြင်စောထံမှ သိရသည်။**

"နိုင်ငံခြားကလာတဲ့ ကြိုတင်မဲရယ်၊ မဲဆန္ဒနယ်ပြင်ပရောက်နေတဲ့ မဲရယ်၊ တပ်မတော်ကမဲတွေကို ဧပြီ ၁ ရက် ညနေ ၄ နာရီလည်းထိုးရော အများရှေ့မှာဖွင့်ဖောက်ပြီး မဲရေတွက်ကြမှာပါ။ မဲရုံတွေမှာ မနက် ၆ နာရီမထိုးခင်က ရထားတဲ့ကြိုတင်မဲတွေကို ပထမဆုံး ရေတွက်ကြမှာဖြစ်ပြီး ကျန်တဲ့မဲကို ဆက်လက်ရေတွက်မှာ ဖြစ်ပါတယ်"ဟု ဦးကြင်စောက ပြောသည်။

"ကျွန်တော်အသက် ၈၃ နှစ် ရှိပါပြီ။ ရပ်ကွက်တာဝန်ရှိသူကို ကြိုတင်မဲပေးချင်တယ်လို့ အကြောင်းကြားပါတယ်။ ရွေးကောက်ပွဲနေ့ဆိုရင် တန်းစီရမှာတို့၊ ခပ်လှမ်းလှမ်းကနေလျှောက်ပြီး ပေးရမှာတို့ အခက်အခဲဖြစ်တာကြောင့် ကြိုတင်မဲပေးရတာပါ။ အိမ်ကိုလာကြတော့ ဆယ်အိမ်မှူးပါတယ်။ ရာအိမ်မှူးလည်းပါတယ်။ ရပ်ကွက်ကော်မရှင်လည်းပါတယ်။ ပါတီကိုယ်စားလှယ်တွေအနေနဲ့ NLD နဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီတို့အပါအဝင် ရှစ်ဦးလောက်လာကြပါတယ်။ လွယ်လွယ်ကူကူပဲ ပေးခွင့်ရပါတယ်"ဟု မုံရွာမြို့ ညောင်တပင်လမ်းနေ ကျောင်းဆရာကြီး ဦးသာဌေး(စာရေးဆရာ-အောင်သာစံ)က ပြောသည်။

ဆရာကြီးဦးသာဌေးက ယခင်အဆက်ဆက် ရွေးကောက်ပွဲပြုလုပ်ပုံနှင့် ချိန်ထိုး၍ပြောပြသည်။

"လွတ်လပ်ရေး ရပြီးကတည်းက ၁၉၅၆ ခုနှစ်ကစပြီး ရွေးကောက်ပွဲ မီခဲ့ပါတယ်။ အဲဒီတုန်းက နိုင်ငံရေးပါတီများများမရှိပါဘူး။ ဖဆပလ ကအများဆုံး ရှေ့ပိုင်းမှာ ဖဆပလနဲ့ တစ်သီးပုဂ္ဂလလောက်ပဲပြိုင်ရတယ်။ နောက်မှ ပမညတ ပေါ်လာတယ်။ တိုင်းသူပြည်သားက မဲရုံကိုသွားပြီးတော့ ကိုယ့်နံပါတ်ဘယ်လောက်လဲဆိုတာ သွားမကြည့်နိုင်ကြပါဘူး။ ဘယ်လိုလုပ်ရတုန်းဆိုတော့ ပြိုင်တဲ့ပါတီတွေရဲ့ ကိုယ်စားလှယ်တွေကနေပြီးတော့ အိမ်ထောင်စုလိုက်စာရင်းလေးတွေကိုကူးယူပြီး ဖြတ်ပိုင်းလေးတွေနဲ့ရေးပြီး အဲဒီလူတွေက မဲပေးခဲ့တာပါ။ အိမ်ထောင်စုတွေက ကိုယ်တိုင်သွားပြီးတော့ ဝီရိယထုတ်ပြီး ကြည့်မနေရပါဘူး။ အခုလည်းပဲ တချို့လည်း ရန်ကုန်မှာ ရပ်ကွက်ကော်မရှင်ကိုယ်တိုင်က အဲဒီလိုကူးပြီးတော့ ပေးတာတွေ တွေ့နေရပါတယ်။ အဲဒီတော့ ရွေးကောက်ပွဲ စိတ်မဝင်စားကြလို့ဆိုတာကို ကြည့်နေလို့မရဘူး။ အဲဒါတွေကိုလုပ်ရမှာ သက်ဆိုင်ရာပါတီဝင်တွေရဲ့ တာဝန်ပဲ။ ကိုယ့်စည်းရုံးရေးနဲ့ကိုယ် ဝေကြရမှာပါ"ဟု ဆရာကြီး ဦးသာဌေးက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



**၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မြေအမှတ်(၆) အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အမှတ် (၅) မင်းရဲကျော်စွာလမ်းနေ အသက် (၁၀၃ နှစ်)ရှိ အဘိုးဦးပန်းမြထံမှ ကြိုတင်ဆန္ဒမဲကို ရပ်ကွက်ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်တာဝန်ရှိသူများက မတ် ၃၁ ရက်က အိမ်တိုင်ရာရောက် ဆန္ဒမဲရယူနေစဉ်** မောင်မောင်(လှုပ်စစ်)

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲပေးနိုင်ရေး စီစဉ်ထား

**ဟားခါး မတ် ၃၁**

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် ချင်းပြည်နယ်အတွင်းရှိ လစ်လပ်မဲဆန္ဒနယ်အတွက် မဲဆန္ဒရှင်များမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိရာ ထန်တလန်မြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒအမှတ် (၃)အတွက် မဲရုံ ၁၀၁ ရုံရှိပြီး မဲပေးနိုင်သည့် မဲဆန္ဒရှင်ဦးရေ ၂၇၉၄၅ ဦး ရှိကြောင်း သိရသည်။

ထန်တလန်မြို့ပေါ် အမှတ်(၁)၊ (၂)၊ (၃)အတွက် မဲရုံ ခြောက်ရုံရှိပြီး မဲပေးနိုင်သည့် မဲဆန္ဒရှင်ဦးရေ ၄၉၂၅ ဦးရှိကြောင်း၊ ကြိုတင်မဲပေးသူ ၁၅၈ ဦးရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# မုံရွာမြို့နယ်အတွင်း လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များ ချထားဆောင်ရွက်

**မုံရွာ မတ် ၃၁**

၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း လုံခြုံရေးကိုသာမက အတွင်းစည်းလေးမြို့နယ် အပြင်စည်းခြောက်မြို့နယ်တို့တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၇၇၇ ဦး သုံးထားကြောင်း ခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူး ရဲမြင့်အေးက ပြောသည်။

လုံခြုံရေးအတွက် အတွင်းစည်းလေးမြို့နယ်ဖြစ်သည့် ဆားလင်းကြီး၊ အရာတော်၊ ဘုတလင်နှင့်ချောင်းဦးမြို့နယ်များအတွက် တစ်မြို့နယ်လျှင် အင်အား ၂၈ ဦးကို သုံးထားသလို အပြင်စည်းခြောက်မြို့နယ်ဖြစ်သည့် ယင်းမာပင်၊ ကနီ၊ ဒီပဲယင်း၊ ရွှေဘို၊ ဝက်လက်နှင့်မြင်းမူမြို့နယ်များတွင် တစ်မြို့နယ်လျှင် လုံခြုံရေးရဲတပ်ဖွဲ့ဝင် ၃၆ ဦးစီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ထွက်ပြေးနေသည့်ပြည်သူများစွာတို့အတွက် အကူအညီများပိုမိုပေးအပ်ကြရန် ကုလအတွင်းရေးမှူးချုပ်တိုက်တွန်း



စစ်ဘေးရှောင်စခန်းသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် သွားရောက်စဉ် တွေ့ရသည့် ကလေးငယ်များ

**မိုဆူးလ် မတ် ၃၁**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် အီရတ်မြို့တော် မိုဆူးလ်မြို့ကို အိုင်အက်စ်စစ်သွေးကြွများလက်မှ ပြန်လည်ရယူနိုင်ရေးအတွက် ထိုးစစ်ဆင် တိုက်ခိုက်နေမှုများကြောင့် မြို့တွင်းမှ ထွက်ပြေးလျက်ရှိသည့် ပြည်သူများအတွက် အကူအညီများ ယခုထက် ပိုမိုပေးအပ်ကြရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများအား သောကြာနေ့တွင် တိုက်တွန်းတောင်းဆိုခဲ့သည်။

အီရတ်အစိုးရ တပ်ဖွဲ့ဝင်အင်အားစုများသည် ခြောက်လကြာအောင်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီးနောက်တွင် နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တစ်မြို့လုံးနီးပါးကို အစွန်းရောက်ဆွန်နီအစ္စလာမ့်စစ်သွေးကြွအုပ်စုများ၏ လက်မှ ပြန်လည်ရယူနိုင်ခဲ့သည်။ သို့သော် တိုက်ပွဲများကြောင့် မြို့နေပြည်သူ ၃၅၅၀၀၀ ထက်မနည်း နေအိမ်စွန့်ခွာထွက်ပြေးနေရသည်ဟု အစိုးရသတင်းရင်းမြစ်များက ဆိုသည်။

လူဦးရေထူထပ်သည့် မြို့ဟောင်းအတွင်း၌ လမ်းမများ တစ်လျှောက်ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ဒေသခံပြည်သူလေးသိန်းမှာ တိုက်ခိုက်ပစ်ခတ်မှုများအတွင်း ပိတ်မိလျက်ရှိသည်။ ဖြစ်ပွားနေသည့် တိုက်ပွဲများသည် ရက်သတ္တပတ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကုလသမဂ္ဂနှင့် အီရတ်အာဏာပိုင်များသည် စစ်ဘေးခိုလှုံရေးစခန်းများစွာကို တည်ဆောက်လျက်ရှိသော်လည်း အသစ်ထပ်မံရောက်ရှိလာသည့် စစ်ဘေးရှောင်ပြည်သူများကို အတူတကွစုစည်းကာ လုံလောက်စွာ နေရာချထားပေးရန် ကြိုးစားရလျက်ရှိသည်။


ကံမကောင်းစွာဖြင့် စီမံလျာထားချက်ပြည့်မီ ရန် ရှစ်ရာခိုင်နှုန်းသာ ငွေကြေးထည့်ဝင်နိုင်မှု ရှိသေးကြောင်း ၂၀၁၇ ခုနှစ်အတွက် ကုလသမဂ္ဂ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှု အစီအစဉ်ကို ကိုးကားလျက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကပြောကြားခဲ့သည်။ ဒုက္ခသည် တဲစခန်းများသို့ နာရီဝက်ကြာ သွားရောက်ခဲ့သည့်အချိန်အတွင်း ပြည်သူများသည် သောက်သုံးရေ အရည်အသွေးညံ့ဖျင်းမှုနှင့် ဆင်းရဲကျပ်တည်းစွာ နေထိုင်ရမှုများကို စောဒကတက်ခဲ့ကြကြောင်း သိရသည်။

(ရိုက်တာ)

# မြောက်ကိုရီးယားနိုင်ငံသား သေဆုံးမှု နှစ်နိုင်ငံ သဘောတူညီမှုရရှိ

**ပြုံယမ်း မတ် ၃၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်တွင် မြောက်ကိုရီးယားနိုင်ငံသား သေဆုံးမှုနှင့် ပတ်သက်ပြီး နှစ်နိုင်ငံကြား အငြင်းပွားမှုသည် သဘောတူညီမှု ရှိလာပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ယမန်နေ့က ပြောခဲ့သည်။




ယခုအခါတွင် မြောက်ကိုရီးယားနိုင်ငံသား၏ ရုပ်အလောင်းကို မိသားစုထံသို့ လွှဲပြောင်းပေးရန် မလေးရှားနိုင်ငံက သဘောတူလိုက်ပြီဖြစ်ကြောင်း သိရသည်။ မလေးရှားနှင့် မြောက်ကိုရီးယားအဖွဲ့များ ဆွေးနွေးပြီးနောက် ထိုသို့ သဘောတူညီချက် ရရှိလာခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံ နိုင်ငံသားများအပေါ် တားဆီးပိတ်ဆို့မှုများအား ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း ကိုရီးယားဗဟိုသတင်းဌာနက ဖော်ပြခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံတွင် ရောက်ရှိနေသော မလေးရှားနိုင်ငံသား ကိုးဦးကို မြောက်ကိုရီးယားက ပြန်ခွင့်ပြုလိုက်သလို ကွာလာလမ်ပူရှိ မြောက်ကိုရီးယားနိုင်ငံသားများကိုလည်း မလေးရှားမှ ထွက်ခွာခွင့်ပြုလိုက်ကြောင်း ဖော်ပြခဲ့သည်။

နှစ်နိုင်ငံ ပဋိပက္ခများ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း မလေးရှားနိုင်ငံ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ပြောခဲ့သည်။

သေဆုံးသူ မြောက်ကိုရီးယားနိုင်ငံသား၏ ရုပ်အလောင်းအား မလေးရှားလေကြောင်းလိုင်းဖြင့် ယမန်နေ့က သယ်ဆောင်သွားပြီဖြစ်ကြောင်း သိရသည်။ (ဆင်ဟွာ)

# ဗြိတိန်ဝန်ကြီးချုပ်ထံပေးစာတွင် လွတ်လပ်ရေးအတွက် မဲပေးခွင့်ပြုရန် စကော့တလန် အကြီးအကဲတောင်းဆို



**လန်ဒန် မတ် ၃၁**

စကော့တလန်အကြီးအကဲ နီကိုလာစတာဂျီယွန်သည် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေအား သောကြာနေ့တွင် စာတစ်စောင် ရေးသားပေးပို့ခဲ့ရာ ယင်းပေးစာတွင် ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့အစည်းမှ ထွက်ခွာမှုမပြီးဆုံးမီ ၎င်းအနေဖြင့် စကော့တလန်၏ လွတ်လပ်ခွင့်အတွက် ဒုတိယမြောက် ရွေးကောက်ပွဲကျင်းပခွင့် တောင်းဆိုခဲ့ကြောင်း သိရသည်။

အင်္ဂလန်နှင့် ဝေးလ်တို့က ဥရောပသမဂ္ဂမှ ထွက်ခွာရန် မဲထည့်ခဲ့ကြသော်လည်း စကော့တလန်နှင့် မြောက်အိုင်ယာလန်နိုင်ငံတို့က ဥရောပသမဂ္ဂတွင် ဆက်လက်ရှိနေရန် မဲထည့်ဝင်ခဲ့ကြသည်ဖြစ်ရာ ပြီးခဲ့သည့် ဇွန်လအတွင်းက ဗြိတိန်ခွဲထွက်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့သည့်ရလဒ်များက စကော့တလန်နိုင်ငံ၏ အနာဂတ်အတွက် မေးခွန်းထုတ်စရာဖြစ်လာခဲ့သည်။

ပြီးခဲ့သည့်အင်္ဂါနေ့က စကော့တလန်ကိုယ်စားပြု ပါလီမန်လွှတ်တော်က ၂၀၁၈ သို့မဟုတ် ၂၀၁၉ တွင် စကော့တလန် ခွဲထွက်ရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန်အတွက် မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ကြသည်။ သို့သော် ထိုသို့ရွေးကောက်ပွဲကျင်းပနိုင်ရန် ဝက်ဘ်မင်စတာရှိ ဗြိတိန်အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရရှိမှသာ ကျင်းပနိုင်မည်ဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ်မေကမူ ဗြိတိန်နှင့် ၎င်း၏အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံတို့အကြား ခွဲထွက်ရေးဆွေးနွေးလျက်ရှိသည့် နှစ်နှစ်တာအရှုပ်အထွေးများ ဖြစ်ပွားခဲ့ချိန်တွင် ထိုသို့ နောက်ထပ်ရွေးကောက်ပွဲတစ်ရပ်ကို ဆင်နွှဲရန် အချိန်အခါမဟုတ်ကြောင်း ပြောကြားခဲ့ပြီးဖြစ်သော်လည်း စကော့တလန်အကြီးအကဲက ယင်းပေးစာကို ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။ (ရိုက်တာ)

# သမ္မတဟောင်း ပတ်ဖမ်းဆီးမိန့်ထုတ်ပြန်ခံရပြီးနောက် ထိန်းသိမ်းရေးစခန်းသို့ ပြောင်းရွှေ့

**ဆိုးလ် မတ် ၃၁**


တောင်ကိုရီးယားတရားရုံးက သမ္မတ ပတ်ဂွမ်ဟေးအား ဖမ်းဆီးရန် အမိန့်ကြေညာချက်ကို မတ် ၃၁ ရက်တွင် ထုတ်ပြန်လိုက်သည်ဖြစ်ရာ ပတ်ဂွမ်ဟေးအနေဖြင့် ဆိုးလ်မြို့ ထိန်းသိမ်းရေးစခန်းသို့ ရွှေ့ပြောင်းရတော့မည်ဖြစ်ကြောင်း သိရသည်။

သမ္မတဟောင်း ပတ်ဂွမ်ဟေးအနေဖြင့် သက်သေများကို ဖျက်ဆီးနိုင်ခြေရှိသဖြင့် ဗဟိုတရားရုံးက ၎င်းအားဖမ်းဆီးရန် အမိန့်စာကို မတ် ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးမိန့်ထုတ်ပြန်ပြီး တစ်နာရီကြာပြီးနောက် သမ္မတဟောင်းပတ်ဂွမ်ဟေးအား ဆိုးလ်မြို့ရှိ ထိန်းသိမ်းရေးစခန်းသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ သမ္မတပတ်အနေဖြင့် စစ်ဆေးမေးမြန်းရန် ခေါ်ယူခံရချိန်မှစပြီး ဖမ်းဆီးခံရချိန်ထိ မီဒီယာသို့ မည်သည့်စကားမျှ ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

တရားရုံးအနေဖြင့် ဖမ်းဆီးမှုဆောင်ရွက်ပြီး ရက်ပေါင်း ၂၀ အတွင်း စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်ဖြစ်ကာ နောက်ပိုင်းမှ တရားဝင်တရားစွဲဆိုမှုကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သမ္မတဟောင်း ပတ်ဂွမ်ဟေးသည် တာဝန်ထမ်းဆောင်စဉ်အတွင်း အခွင့်အာဏာကို အသုံးပြုကာ လာဘ်ယူမှုပြုလုပ်ခဲ့ရုံ




သာမက အရေးကြီးသောအချက်အလက်များ ပေါက်ကြားစေမှုအပါအဝင် ပြစ်မှုပေါင်း ၁၃ ခုကို ကျူးလွန်ခဲ့ကြောင်း ရှေ့နေအဖွဲ့က ပြောကြားခဲ့ပြီး မတ် ၂၇ ရက်တွင် ပတ်ဂွမ်ဟေးအား ဖမ်းဝရမ်းထုတ်ပြန်ပေးရန် တရားရုံးအား တောင်းဆိုခဲ့ကြောင်း သိရသည်။ ပတ်ဂွမ်ဟေးသည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၁၀ နှစ် သို့မဟုတ် ၁၀ နှစ်နှင့်အထက် ကျခံရနိုင်ဖွယ်ရှိကြောင်း သိရသည်။

သမ္မတဟောင်းပတ်ဂွမ်ဟေးသည် တောင်ကိုရီးယားနိုင်ငံ သမိုင်းတစ်လျှောက်တွင် ပထမဆုံး ရာထူးမှ ဖယ်ရှားခံရသည့် သမ္မတတစ်ဦးဖြစ်ကြောင်း သိရသည်။ (ဆင်ဟွာ)

# ပါကစ္စတန်ဈေးတစ်ခုတွင် ဗုံးပေါက်ကွဲ

**အစ္စလမ္မာဘတ် မတ် ၃၁**

မတ်လ ၃၁ ရက်နေ့က ပါကစ္စတန်အနောက်မြောက် ပါရာချီနားမျိုးနွယ်စု နယ်မြေရှိ ဈေးတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ငါးဦးထက်မနည်းသေဆုံးခဲ့ပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အူရဒူသတင်းဌာနက ဖော်ပြခဲ့သည်။

ပါရာချီနား နော်ဈေးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းသိရပြီး ပေါက်ကွဲမှုကြောင့် သေဆုံး ဒဏ်ရာရရှိသူများရှိရာ ၎င်းတို့အား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အဆိုပါနယ်မြေကိုလည်း အရေးပေါ်ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် အနီးဝန်းကျင်ရှိ ဈေးဆိုင် ၁၅ ဆိုင်ခန့် ပျက်စီးသွားခဲ့ကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများရောက်လာပြီး လိုအပ်သည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ခဲ့ကြောင်း၊ ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်ကြောင်း မသိရသေးချေ။ (ဆင်ဟွာ)

# မောင်တောခရိုင် အောင်သာယာကျေးရွာ၌ ကျည်ဆန်ဟောင်းများတွေ့ရှိ

**မောင်တော မတ် ၃၁**

မောင်တောခရိုင် ကျီးကန်းပြင်ကျေးရွာအုပ်စု အောင်သာယာကျေးရွာ၌ ကျည်ဆန်ဟောင်း ၃၈၅ တောင့်ကို မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် မွန်းလွဲပိုင်းက အောင်သာယာကျေးရွာနေ မောင်နေမျိုးထွန်းနှင့် မောင်ကျော်ဒွေး အောင်တို့သည် ရွာတောင်ဘက် တောင်ကုန်းစောင်း၌ ငှက်ထောင်ရန်အတွက် နေရာလိုက်လံရှာဖွေရင်း ငှက်သိုက်ဟုထင်ရသော ကျင်းတစ်ခုကို တူးဖော်ရာမှ ကျည်ဆန်အတောင့် ၃၁၀ ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် မတ် ၃၁ ရက် နံနက်ပိုင်းတွင်လည်း ယင်းနေရာ၌ပင် ဆက်လက်တူးဖော်ကြရာ ကျည်ဆန် ၇၅ တောင့်ကို ထပ်မံတွေ့ရှိခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

အဆိုပါကျည်ဆန်များမှာ ပွိုင့်-၃၀၃ ရိုင်ဖယ်ကျည်ဆန်များ ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ ၁၉၄၂ ခုနှစ်ဝန်းကျင်က အသုံးပြုခဲ့သည်ဟု ယူဆရကြောင်း၊ စစ်ကျန် ခဲယမ်းအဟောင်းများသာ ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ ယင်းတို့ကို သေချာစွာ စိစစ်သိရှိနိုင်ရန်အတွက် လက်နက်နှင့် ခဲယမ်းမီးကျောက်တပ်သို့ ပို့ဆောင် စစ်ဆေးသွားမည်ဖြစ်ကြောင်း အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ရေး/ထောက် ဗိုလ်ကြီး ဒုတိယရဲမှူး ရဲထွန်းနောင်က ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ရာမည၊ တင်စိုး**



# မောင်တောခရိုင်အတွင်းရှိ ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှုများကွင်းဆင်းဆောင်ရွက်

**မောင်တော မတ် ၃၁**

မောင်တောခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မောင်မောင်အောင်သိန်း ဦးဆောင်သော ခရိုင်/မြို့နယ် ကျန်းမာရေးအဖွဲ့နှင့် ပြည်ပ NGOအဖွဲ့တစ်ခုဖြစ်သည့် Malteser အဖွဲ့တို့ ပူးပေါင်း၍ မောင်တောခရိုင်အတွင်းရှိ ဦးရှည်ကျ၊ ခါးကြီးစား ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မတ် ၃၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ထိုသို့လုပ်ဆောင်ရာတွင် ဦးရှည်ကျကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ၄၇ ဦးအပါအဝင် အမျိုးသား၊ အမျိုးသမီး ၂၀၃ ဦးတို့အားလည်းကောင်း၊ ခါးကြီးစားကျေးရွာအုပ်စု အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင် ခြောက်ဦးအပါအဝင် အမျိုးသား၊ အမျိုးသမီး ၁၆၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့အနေဖြင့် မောင်တောခရိုင်အတွင်းရှိ အခြားသော ကျေးရွာအုပ်စုများသို့လည်း ဆက်လက်ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ရာမည၊ တင်စိုး**

# ပြည်တွင်း ပြည်ပသတင်းမီဒီယာများ မောင်တောနှင့် ရသေ့တောင်မြို့နယ်များအတွင်း ဆက်လက်သတင်းရယူ

**မောင်တော မတ် ၃၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း မြေပြင်ကွင်းဆင်း သတင်းရယူလျက်ရှိသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့တွင် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်း ဆက်လက်သတင်းရယူကြသည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ နံနက်ပိုင်းတွင် မောင်တောမြို့ရှိ နယ်စပ် ဝင်ထွက်စခန်း (POE)တွင် လူဝင်/ထွက်သွားလာမှုနှင့် ကုန်ပစ္စည်းတင်ပို့မှု အခြေအနေကို သွားရောက်သတင်းရယူကြသည်။

မောင်တောမြို့ နယ်စပ် ဝင်/ထွက်စခန်း (POE)မှနေ၍ တစ်ဖက်နိုင်ငံသို့ ရေထွက်ပစ္စည်း၊ ငါးခြောက်မျိုးစုံနှင့် မတ်ပဲတို့ အများဆုံး တင်ပို့လျက်ရှိပြီး ဒီဇင်ဘာ ၂၄ ရက်မှ ယနေ့အထိ ကုန်သွယ်မှုများ ပုံမှန်လည်ပတ်လျက်ရှိကြောင်း၊ ယခု မတ်လတစ်လအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ လေးသိန်းကိုးသောင်းကျော် တင်ပို့ခဲ့ကြောင်း သိရသည်။



ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ အလယ်သံကျော်ကျေးရွာ ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများ ရပ်နားထားရသည့် အခြေအနေများ သတင်းရယူနေစဉ်

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်နှင့် မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွင်ရှ်တို့က နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေ၊ နယ်မြေဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး ဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းပြောကြားမှုအပေါ် သတင်းမီဒီယာများက သိရှိလိုသည်များ ပြန်လည်မေးမြန်း သတင်းရယူကြသည်။

ဆက်လက်၍ မောင်တောမြို့နယ်ရှိ အလယ်သံကျော် ကျေးရွာသို့ သွားရောက်ကြပြီး လူမှုအသိုက်အဝန်းသုံးခုအတူတကွ အေးချမ်းစွာ ပူးပေါင်းနေထိုင်မှု အခြေအနေကိုလည်းကောင်း၊ ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်း ရပ်နားထားရသည့် အခြေအနေကိုလည်းကောင်း သတင်းရယူကြသည်။

ယင်းနောက် မောင်တောမြို့နယ် ကျောက်ပန္နူကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနအစီအစဉ်ဖြင့် တိုင်းရင်းသားများ နေထိုင်ရန် အိမ်ခြေ ၁၀၀ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့က အကြမ်းဖက်စီးနင်း တိုက်ခိုက်ခံရသည့် ရသေ့တောင်မြို့နယ်ရှိ ကိုးတန်ကောက်ရဲစခန်းအခြေအနေကို လည်းကောင်း သတင်းရယူကြသည်။

ပြည်တွင်း ပြည်ပ သတင်းအဖွဲ့များသည် ညနေပိုင်းတွင် စစ်တွေမြို့သို့ ပြန်လည်ရောက်ကြပြီး ဧပြီ ၁ ရက်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်းနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်သတင်းရယူခြင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဘူးသီးတောင်တွင် ပျောက်ဆုံးနေသူတစ်ဦးအား သေဆုံးလျက်ပြန်လည်တွေ့ရှိ

**နေပြည်တော် မတ် ၃၁**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မြို့မရပ်ကွက်မှ မတ် ၂၁ ရက်က ပျောက်ဆုံးနေသူတစ်ဦးအား ဓားဒဏ်ရာများဖြင့် သေဆုံးလျက် ယမန်နေ့ နံနက်ပိုင်းက ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် မြို့မရပ်ကွက်နေ ရှီဗလီ ၅၃ နှစ်သည် မတ် ၂၁ ရက် နံနက်ပိုင်းက မိကျောင်းခေါင်းဆွဲကျေးရွာရှိ ယောက္ခမနေအိမ်သို့ ထွက်သွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် ဇနီးဖြစ်သူမှ ဘူးသီးတောင် မြို့မရဲစခန်းတွင် လူပျောက်တိုင်ကြားပြီး အမှုဖွင့်၍ စုံစမ်းခဲ့ရာ ၎င်းအား မတ် ၃၀ ရက် နံနက်ပိုင်းတွင် ဒါးပိုင်ကျေးရွာအုပ်စု ကုလားပန်ဇင်ချောင်းရေလယ်တွင် လည်ပင်းပြတ်ရှ၊ ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့သဖြင့် တောင်ဘဇာနယ်မြေရဲစခန်း၌ လူသတ်မှုဖြင့် ပြောင်းလဲအမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မြန်မာ့တပ်မတော်သုံး စစ်ဝတ်ပစ္စည်းများ ဖမ်းဆီးရမိကြောင်းသိရ

**နေပြည်တော် မတ် ၃၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနပ်မြို့ ကေရောင်တော်လီဆိပ်ကမ်း၌ မြန်မာ့တပ်မတော်သုံး စစ်ဝတ်ပစ္စည်းများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် ညနေပိုင်းတွင် သတင်းအရ ကေရောင်တော်လီဆိပ်ကမ်းသို့ရောက်ရှိလာသည့် စက်လှေတစ်စင်းအား တက္ကနပ်မြို့ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများကရှာဖွေရာ မြန်မာ့တပ်မတော်မှ အသုံးပြုသည့် စစ်ယူနီဖောင်းပြောက်ကျားပြောင်ချော ဘောင်းဘီရှည် အထည် ၂၀၀ ၊ စစ်အင်္ကျီ ၂၀၂ ထည်၊ လက်မောင်းတံဆိပ် ၂၂၇ ခု၊ စစ်ကျောပိုးအိတ် ၁၈၆ လုံး၊ ချပ်ဝတ် ၁၈ ခု၊ စစ်ဦးထုပ်အလုံး ၅၀၊ စစ်မိုးကာအင်္ကျီအထည် ၃၀၊ တောစီးစစ်ဖိနပ် ၁၈၈ ရံ၊ မြန်မာကျားဝတ်ပုဆိုးအထည် ၂၃၀ တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ပစ္စည်းများသည် မြန်မာနိုင်ငံမှ ငါးခြောက်၊ ဆီးယို၊ မန်ကျည်းစေ့တို့ကို တင်သွင်းသည့် စစ်တကောင်းမြို့နေ နူရူအာလောင်ဆီဒီကီပိုင်ဆိုင်သည့် Ms. Rahman Trading Company Limited သို့ သွင်းကုန်အဖြစ် တင်သွင်းလာခြင်းဖြစ်ပြီး အဆိုပါပစ္စည်းများကို ဘန်ဒရာဘန်မြို့နေ လူငယ်တစ်ဦးက တင်သွင်းလာခြင်းဖြစ်ကြောင်း၊ ထိုလူငယ်အား မတ် ၂၉ ရက် ည ၈ နာရီတွင် တက္ကနပ်မြို့ အိစ္စလာမ်မာဘတ် ရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

၎င်းတို့၏ ရည်ရွယ်ချက်မှာ မြန်မာ့တပ်မတော် သိက္ခာကျစေရန်နှင့် မဟုတ်မမှန် စွပ်စွဲဝါဒဖြန့်နိုင်ရန်အတွက် မြန်မာ့တပ်မတော် အယောင်ဆောင်ကာ တိုက်ခိုက်ခြင်း၊ ကျေးရွာများအား ဝင်ရောက်လုယက်ခြင်း၊ မီးရှို့ခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြုလုပ်လာနိုင်ကြောင်း သုံးသပ်ရသည်ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)




# ထူးခြားသည့်နေ့အပူချိန်များ

**နေပြည်တော် မတ် ၃၁**

ထူးခြားသည့် နေ့အပူချိန်များမှာ မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ပေါက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့ မကွေးမြို့ တောင်ငူမြို့ ဖြူးမြို့ ဘော်လခဲမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မချမ်းဘောမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ တမူးမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဟုမ္မလင်းမြို့တွင် ၀ ဒသမ ၈၆ လက်မ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၇၈ လက်မ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၅၉ လက်မ၊ ခန္တီးမြို့နှင့် မြိတ်မြို့တို့တွင် ၀ ဒသမ ၄၄ လက်မစီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

# သီတဂူဗုဒ္ဓတက္ကသိုလ်သို့ ဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီး ထပ်မံလှူဒါန်း

**မန္တလေး မတ် ၃၁**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် သီတဂူဗုဒ္ဓတက္ကသိုလ်သို့ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ် အသစ်တစ်စီးကို မတ် ၃၁ ရက်က ဖောင်ဒေးရှင်းကိုယ်စား ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇဘဏ်လီမိတက်(အထက်မြန်မာပြည်တာဝန်ခံ)၊ ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်ထွန်းနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက သီတဂူဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခုလှူဒါန်းခဲ့သော ရေသယ်ယာဉ်ဖြင့် သီတဂူဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူပရိဝုဏ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ တရားစခန်းများအပြင် သောက်သုံးရေရှားပါးခက်ခဲသည့် မြို့ပေါ်နေရာများနှင့် ရပ်ကွက်ကျေးရွာများအထိ ရေဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်သည်။

ဖောင်ဒေးရှင်းသည် ၂၀၁၆ ခုနှစ်အတွင်း ရေသယ်ယာဉ် ၄၄ စီးကိုဝယ်ယူခဲ့ပြီး ရေရှားပါးသောဒေသများသို့ ရေဂါလန်ပေါင်း သန်းချီ၍ ဖြန့်ဝေလှူဒါန်းနိုင်ခဲ့သည်။ ထို့အပြင် ဖောင်ဒေးရှင်းအနေဖြင့် ရေရှားပါးခက်ခဲသောဒေသများရှိ ကျေးရွာများအရောက် ရေများပိုမိုဖြန့်ဝေလှူဒါန်းနိုင်ရန် ရေသယ်ယာဉ် စုစုပေါင်း ၃၄ စီးကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဖောင်ဒေးရှင်းအနေဖြင့် မကွေးမြို့ အောင်မြေပရဟိတအသင်း၊ နတ်မောက်မြို့ စိတ်ဓာတ်ဖြူစင်ကရုဏာရှင်များပရဟိတအသင်း၊ ကျော်သူပရဟိတကွန်ရက်အဖွဲ့၊ ရေနံချောင်းမြို့ အဖြူရောင်ပရဟိတအဖွဲ့၊ စစ်ကိုင်းမြို့ မြသပိတ်-ဘုံဆွမ်းလောင်းအသင်း၊ ပုသိမ်မြို့ မြို့မရေသန့်အလှူတော်အသင်း၊ မြင်းခြံမြို့ အဖြူရောင်လက်များ ပရဟိတအသင်း၊ ကူမဲမြို့ မီးသတ်ဌာန၊ ကလေးမြို့ ကလေးလွင်ပြင်လူမှုကူညီရေးအဖွဲ့၊ မြစ်သားမြို့ ကလျာဏမိတ္တလူမှုကူညီရေးအဖွဲ့၊ နွားထိုးကြီး မေတ္တာမွန်လူမှုကူညီရေးအဖွဲ့၊ ကျောက်ဆည်မြို့ ရွှေစေတီဘိုးဘွားရိပ်သာလူမှုကူညီရေးအဖွဲ့၊ ဟားခါးမြို့မိမြို့ဖများအဖွဲ့၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် Eleven Media Group ပရဟိတအဖွဲ့များထံသို့ သောက်သုံးရေများ ထိရောက်စွာ ဖြန့်ဝေပေးနိုင်ရန်အတွက် ရေသယ်ယာဉ်များကို ပေးအပ်လှူဒါန်းထားပြီးဖြစ်သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ရေသယ်ယာဉ်အသစ်လှူဒါန်းမှုများအပြင် မြန်မာပြည်အနှံ့ ရေရှားပါးသောဒေသများနှင့် ရေတွင်းတူးရန် အလွန်ခက်ခဲသောဒေသများတွင် ခေတ်မီရေတွင်းတူးစက်ကြီးများဖြင့် နေ့ညမနား တူးဖော်ဆောင်ရွက်လျက်ရှိပြီး စက်ရေတွင်းစုစုပေါင်းတွင်း ၂၀၀ တူးဖော်လှူဒါန်းပေးခဲ့ရာ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်တွင် ၁၅၀ တွင်းမြောက် စက်ရေတွင်းကို အောင်မြင်စွာတူးဖော်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

ယခုနွေရာသီကူးပြောင်းချိန်ကာလတွင် မြန်မာနိုင်ငံတစ်ဝန်း ရေရှားပါးသောဒေသများ၌ သောက်သုံးရေပိုမိုလိုအပ်လာမည်ဖြစ်သဖြင့် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့် ရေလိုအပ်သည့်နေရာများကို စနစ်တကျ စာရင်းကောက်ခံ၍ ရေသယ်ယာဉ်များကို ဆက်လက်ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သဲနိုင်ဦး(မြန်မာစာ)**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၄၈ စီး၊ သွင်းကုန် ၇၆၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇ စီး၊ သွင်းကုန် ၁၇၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၄၂၂၂ သန်းခန့် စုစုပေါင်း ရှစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၄၂၂၂ သန်း ခန့်ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၉ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် Toyota Mark II ယာဉ်အား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တားမြစ်ပိတ်ပင်ထားသော သင်းခွေချပ်အကြေးခွံများရှစ်ပိဿာခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



တားမြစ်ပိတ်ပင်ထားသော သင်းခွေချပ်အကြေးခွံများ

# ကလေးမြို့ လေဘေးသင့်ပြည်သူများထံ ငွေနှင့် အိမ်မိုးသွပ်များ ထောက်ပံ့ပေးအပ်

**ကလေး မတ် ၃၁**

ကလေးခရိုင် ကလေးမြို့နှင့် ကလေးမြို့နယ်တွင် ပြီးခဲ့သည့် မတ် ၂၅ ရက် ညနေ ၂ နာရီကျော်က လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးသွားခဲ့သည့် နေအိမ် ၁၆ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေနှင့် အိမ်သွပ်မိုးများကို မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စုပေါင်းရုံး၌ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

အဆိုပါ လေဘေးသင့်ကျေးရွာများမှာ ကလေးမြို့နယ် နန်းစောင်းပုကျေးရွာမှနေအိမ် ၁၂ လုံး၊ ပျဉ်းတောဦးကျေးရွာမှ နေအိမ်နှစ်လုံး၊ နန်းကျင်းဆောင်ကျေးရွာမှ နေအိမ်တစ်လုံး၊ နတ်ကြီးကုန်း (ပျဉ်း) ကျေးရွာမှ နေအိမ်တစ်လုံးတို့ဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးရာမှ ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်းဖိုးငွေ ၅၀၀၀၀ စီနှင့် သွပ်မိုး ၁၀ ချပ်စီတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးနှင့် မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းအောင်တို့က သက်ဆိုင်ရာ ကာယကံရှင် လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# တာမွေမြို့၌ ဆောက်လုပ်ရေးဆိုက်တာဝန်ခံတစ်ဦးသေဆုံး

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သမာဓိလမ်းအမှတ်(50/B2) ရှိ တိုက်အနောက်ဘက်တွင် မတ် ၃၁ ရက် နံနက် ၈ နာရီက အမျိုးသားတစ်ဦးသေဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖော်ပြပါ လိပ်စာနေ Max မြန်မာဆောက်လုပ်ရေးကုမ္ပဏီ ဆိုက်တာဝန်ခံ ရန်အောင်ဝင်း အသက်( ၃၆ နှစ်) သည် အခင်းဖြစ်ပွားရာနေရာတွင် ပွန်းပဲ့ဒဏ်ရာများဖြင့် မှောက်လျက်သေဆုံးနေကြောင်း သတင်းရရှိသဖြင့် မြို့မရဲစခန်းမှ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ကြည့်ရှုစစ်ဆေးကာ နံနက် ၉ နာရီခွဲခန့်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုပ်အလောင်းကို ပို့ဆောင်ပြီး ဥပဒေအတိုင်းအမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လုလု**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်တရားရုံး၌**

**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃**

| | | | | | |
|---|---|---|---|---|---|
| ဦးဇော်ဦး | နှင့် | (၁) | ဒေါ်ဝိုင်းရှိန် | (၂) | ဒေါ်ငွေး |
| | | (၃) | ဒေါ်မြင့်ကြည် | (၄) | ဦးစိုးမြင့် |
| | | (၅) | ဦးစိုးတင့် | (၆) | ဒေါ်မာအေး |
| | | (၇) | ဒေါ်မာငွေး | (၈) | ဦးလှစိုး |
| | | (၉) | ဒေါ်မိတုတ် | (၁၀) | ဒေါ်မိပု |
| | | (၁၁) | ဦးနေမိုး | (၁၂) | ဒေါ်သီတာထွေး |
| | | (၁၃) | ဦးတင်ဆန်း | (၁၄) | ဦးဆန်းထွန်းဦး |
| | | (၁၅) | ဒေါ်ဝါမိုး | (၁၆) | ဦးဆန်းထွန်းဝင်း |
| | | (၁၇) | ဒေါ်ခိုင်ခိုင်မိုး | (၁၈) | ဒေါ်ဇင်မာငွေး |
| | | (၁၉) | ဒေါ်ဇင်မာအေး | (၂၀) | ကိုထက်ဇော်အောင် |
| **တရားလို** | | | **တရားပြိုင်များ** | | |

ထန်းတပင်မြို့နယ်၊ မိုးကောင်းကျေးရွာအုပ်စု၊ ရွှေညောင်ခင်ရွာနေ (၄)တရားပြိုင် ဦးစိုးမြင့်၊ (၇) တရားပြိုင် ဒေါ်မာငွေး (၉) တရားပြိုင် ဒေါ်မိတုတ်၊ (၁၁) တရားပြိုင် ဦးနေမိုး၊ (၁၄)တရားပြိုင် ဦးဆန်းထွန်းဦးနှင့် (၁၈)တရားပြိုင် ဒေါ်ဇင်မာငွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၇ ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁၁ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး) မြို့နယ်တရားသူကြီး**
**ထန်းတပင်မြို့နယ်တရားရုံး**

## "ကျယ်ဝန်းသောခြံများ သက်သာသောဈေးနှုန်းဖြင့် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်"

၁။ ပြင်ဦးလွင်တွင်ဈေးသက်သာစွာ ကိုယ်ပိုင်ခြံဝန်းဖြင့် မိသားစုလိုက် အပန်းဖြေအနားယူလိုသူများ၊ အေးချမ်းစွာနေထိုင်လိုသူများ၊ အပူရှောင်လိုသူများနှင့် ရာသီဥတုအေးအေးဖြင့် တိတ်ဆိတ်စွာတရားအားထုတ်လိုသူများအတွက် အနီးစခန်းလေယာဉ်ကွင်းရှေ့၊ ပတ်ဝန်းကျင်ဆိတ်ငြိမ်၊ ရပ်ကွက်သန့်၊ လမ်းကျယ်၊ ကတ္တရာခင်းထားပြီး၊ လမ်းအဝင်အထွက်ကောင်း၊ (80' x 80')ခြံစည်းရိုးအုတ်တံတိုင်းခတ်၊ သံတံခါးတပ်ပြီး၊ မြေပြင်ညီမြေကွက်များအား တစ်ကွက်ချင်းသော်လည်းကောင်း၊ မိသားစုဆွေမျိုးများတွဲလျက်သော်လည်းကောင်း၊ အပန်းဖြေနေထိုင်နိုင်ရန်အတွက် အရှုပ်အရှင်းကင်းခြံကွက်များ အမြန်ရောင်းမည်၊ ဘုန်းကြီးကျောင်း၊ ရိပ်သာဆောက်လုပ်လှူဒါန်းလိုသူများအတွက် မြေကွက်လပ် (6.5)ဧက ရောင်းမည်။

**(80' x 80')တစ်ကွက်=ကျပ်သိန်း(၆၀၀)**

၂။ မော်ဘီမြို့နယ်၊ မြို့ချောင်းလမ်းမကြီးဘေး၊ မော်ဘီအစိုးရအုတ်စက်အနီး၊ မဟာဓာတ်အားလိုင်းနှင့်နီးသည်၊ အထည်ချုပ်စက်ရုံ၊ အုတ်စက်ရုံ၊ သောက်ရေသန့်စက်ရုံ၊ ဆီဆိုင်၊ ဆန်စက်၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ စက်ယန္တရားအရောင်းပြခန်းနှင့် အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများအတွက် ခြံမျက်နှာဝကျယ်လမ်းမကြီးဘေး၊ အချက်အချာကျနေရာကောင်း၊ ရေမီးကောင်းသည်၊ မြေပြင်ညီသည်၊ လမ်းပန်းဆက်သွယ်ရေးကောင်းသည်၊ သီးပင်စားပင်များပါရှိသည်၊ ကျောင်းရိပ်သာဝယ်ယူလှူဒါန်းလိုသူများအတွက် အလွန်ကောင်းမွန်သောနေရာ။ **(၁၀)ဧက=ကျပ်သိန်း ၃၀၀၀၊ ဧက(၂၀)=ကျပ်သိန်း ၆၀၀၀၊ (၂၈)ဧက=ကျပ်သိန်း ၈၀၀၀**

၃။ ချောင်းသာတွင် အရင်းအနှီးနည်းနည်းဖြင့် ဟိုတယ်ဖွင့်လိုသူများ၊ စီးပွားရေးလုပ်ချင်သူများအတွက် စကားဝါတောင်ခြေ၊ မြေဧရိယာ (5.35)ဧကအကျယ်မြေကွက်၊ ပိုင်ရှင်အမည်ပေါက် ဟိုတယ်မြေကျပြီး မျက်နှာစာနှစ်ဖက်၊ မျက်နှာဝ(607')၊ အုတ်တံတိုင်းကာရံပြီး၊ မြေပြင်ညီ၊ ဘန်ဂလိုတစ်လုံးပါ။ **ကျပ်သိန်း ၈၀၀၀**

**ဆက်သွယ်ရန် ဖုန်း-09-5178979, 09-43022828, 09-420301091,09-451146685, 09-782490806, 09-43292929.**

**ဖခင်အမည်မှန်**

ဂန့်ဂေါခရိုင် ဆောမြို့နယ်၊ လောင်းရှည်အထက သူငယ်တန်းမှ မဟာန်စုမွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၈/မကန(နိုင်) ၁၃၇၀၆၈ ဖြစ်ပါကြောင်း။

**အမည်ပြည့်စွက်ခေါ်ပါရန်**

ဦးစိုးနိုင်၏သား ဦးလင်းသိန်းစိုးနိုင် ၇/ရတရ(ဧည့်)၀၀၀၀၉၈ အား ယနေ့မှစ၍ ဦးလင်းသိန်းစိုးနိုင်(ခ)ဦးရဲမင်းအောင်ဟု ဖြည့်စွက်ခေါ်ပါရန်။

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3L/1649 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9C/7771 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/2034 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

# သုဝဏ္ဏတံတားဆောက်လုပ်ရေးဝင်းအတွင်း ဓာတ်ကြိုးပြတ်ကျ၍ မီးလောင်

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်သုဝဏ္ဏ(၂၄)ရပ်ကွက် ဘော်စင်လမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၃) ရုံးဝင်းအတွင်း မတ် ၃၁ ရက် နံနက် ၁၁ နာရီကျော်က ဆောက်လုပ်ရေးပစ္စည်းအဟောင်းများ သိုလှောင်ထားရာနေရာပေါ်သို့ သွယ်တန်းထားသော ဓာတ်ကြိုးပြတ်ကျမှုကြောင့် မီးလောင်မှုဖြစ်ပွား ခဲ့သည်။

ယင်းမီးလောင်မှုမှာ ကင်တာပစ်ကပ်ကုန်/ယာဉ်လေးထောင်ကျော် ကုန်တင်ယာဉ်သည် ဘော်စင်လမ်းအတွင်း မောင်းလာစဉ် ဆောက်လုပ်ရေး ဝင်းနှင့် သွယ်တန်းထားသောဓာတ်ကြိုးနှင့် မလွတ်ဘဲချိတ်မိပြီး ကိုက် ၃၀၀ အကွာရှိ ဆောက်လုပ်ရေးဝင်းအတွင်း ဆောက်လုပ်ရေးပစ္စည်းအဟောင်းများ စုပုံထားရာပေါ်သို့ ယာဉ်နှင့်ထိခိုက်မိ၍ ဝိုင်ယာရှော့ဖြစ်ပြီး ပြတ်ကျလာသော လျှပ်စစ်ဓာတ်ကြိုးစမှ မီးစထွက်ကာ ဝင်းအတွင်းရှိ ချုံနွယ်ခြောက်၊ မြက်ခြောက်များနှင့် ထိတွေ့ပြီး မီးလောင်မှုများဖြစ်ပွားခဲ့သည်။

မီးလောင်မှုကို မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူးခင်မောင်မြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များ၊ သုဝဏ္ဏနယ်မြေရဲစခန်းစခန်းမှူး ရဲအုပ်သန်းစိုးနှင့်တပ်ဖွဲ့ဝင်များ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝင်းတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ ပူးပေါင်း၍ မီးသတ်ယာဉ်နှစ်စီး အထောက်အကူပြုယာဉ်တစ်စီးနှင့် လက်ဆွဲရေပုံးများဖြင့် ငြိမ်းသတ်ကြရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြသည်။ ထိုသို့ မီးလောင်မှုကြောင့် လူ၊ တိရစ္ဆာန်ထိခိုက်မှုနှင့် နေအိမ်၊ ဆောက်လုပ်ရေးပစ္စည်းများ လောင်ကျွမ်းဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**တင်ကြည်(သင်္ဃန်းကျွန်း)**

# ဦးကိုနီအားလုပ်ကြံမှုဖြင့် ဖမ်းဆီးခံထားရသူများ မြောက်ပိုင်းခရိုင်တရားရုံး၌ ရုံးထုတ်

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့် ပတ်သက် ပြီး သေနတ်သမားကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများဖြစ်သော အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အောင်ဝင်းထွန်းတို့ကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် တတိယအကြိမ် ရုံးထုတ်စစ်ဆေးခဲ့ကြောင်း သိရသည်။



ယင်းအမှုနှင့်ပတ်သက်ပြီး စွပ်စွဲထားသော ရာဇဝတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇တွင် ဥပဒေပုဒ်မ ၃၀၂/၃၀၄/ ၂၁၂ တရားလိုဖြစ်သူ ရဲအုပ်မိုးနိုင်အား အမှုစစ်ဆေးခဲ့ပြီး ဆက်လက်စစ်ဆေးရန်အတွက် ဧပြီ ၇ ရက် သောကြာနေ့တွင် သက်သေတစ်ဦးကို ဆက်လက် စစ်ဆေးမည်ဖြစ်ကြောင်း၊ ဒုတိယခရိုင်တရားသူကြီး သတင်းနှင့်ပြန်ကြားရေးအရာရှိ ဒေါ်ခင်ဆွေမြင့်က ပြောကြား၍ သိရသည်။

ဆက်လက်ပြောကြားရာတွင် "အခုက တရားလိုရဲအုပ်မိုးနိုင်ကို စစ်ဆေးပါတယ်။ သူက ရှာဖွေပုံစံနဲ့ သိမ်းထားတဲ့ သက်သေခံပစ္စည်းအပ်တယ်။ လာမယ့်ရုံးချိန်းမှာ သက်သေတစ်ယောက်စစ်မယ်၊ ဘယ်သက်သေကိုစစ်မယ်လို့မသိရဘူး သက်သေများတယ်ဆိုတာ စိတ်ဝင်စားတဲ့သူတွေ သိပြီးသားပါ။ ဦးကိုနီဘက်က လိုက်လံဆောက်ရွက်ပေးတဲ့ တရားလွှတ်တော်ရှေ့နေ ဦးနေလက တရားခံပြေးအောင်ဝင်းခိုင်ကို ဖမ်းဝရမ်းထုတ်တဲ့ကိစ္စပြင်ဆင်မှုတင်ပါတယ်။ ရန်ကုန်တိုင်းတရားလွှတ်တော်က ပြင်ဆင်မှုတင်ထားတဲ့စာကို လက်ခံထားတဲ့အတွက် အမှုတွဲတောင်းဆင့်ခေါ်စာရမှ သက်သေဘယ်သူဘယ်ဝါဆိုတာသိရမယ်။ ရဲအုပ်မိုးနိုင်က သက်သေ(၁)ဆိုရင် နောက်သက်သေက (၂)ဖြစ်မှာပေါ့"ဟုပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မိတ္ထီလာမြို့မရဲစခန်းမှ အဂတိလိုက်စားသည့် ရဲအရာရှိနှစ်ဦးအား ထောင်ဒဏ်ချမှတ်

**မိတ္ထီလာ မတ် ၃၁**

မိတ္ထီလာမြို့နယ်တရားရုံးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မဖြင့် တရားစွဲဆိုခံရသည့် မြို့မရဲစခန်းမှ ရဲအုပ်တစ်ဦးအား မတ် ၃၀ ရက်က အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ် ကျခံစေရန် ယင်းတရားရုံးက အပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်ကောင်းပြည့် စက်သုံးဆီဆိုင်မှ မောင်ဖြိုး(ခ)ပြည့်ဖြိုး မတော်တဆ ဓာတ်လိုက်သေဆုံးမှုနှင့်ပတ်သက်၍ သေမှုသေခင်းဖွင့်ရမည်ဖြစ်သော်လည်း သေဆုံးသူ၏ဖခင် ဦးဝင်းဆောင်အားအမှုမဖွင့်လိုကြောင်း လက်မှတ်ထိုးခိုင်း၍ အမှုမဖွင့်ဘဲ အောင်ကောင်းပြည့်စက်သုံးဆီ အရောင်းဆိုင်ပိုင်ရှင် ဦးအောင်ဝင်းထံမှ ငွေကျပ်နှစ်သိန်းကို မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဟန်က ရဲအုပ်ဇော်ဝေကျော်မှတစ်ဆင့် တောင်းခံစေခဲ့ပြီး ငွေကျပ်တစ်သိန်းအား ရဲအုပ်ဇော်ဝေကျော်အား ခွဲဝေပေးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ရဲအုပ်ဇော်ဝေကျော်အား ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မဖြင့် အရေးယူပေးနိုင်ရန် ဦးမောင်မောင်တင် (စစ်ဆေးရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)က တိုင်ကြားလာသဖြင့် မြို့မရဲစခန်းတွင် အမှုဖွင့်ကာ တရားစွဲအရေးယူခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် အလုပ်နှင့်ထောင်ဒဏ်နှစ်နှစ်ကျခံစေရန် အပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအမှုနှင့်စပ်လျဉ်း၍ မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသိန်းဟန်အား တိုင်းဒေသကြီး တရားလွှတ်တော်မှ အလုပ်နှင့်ထောင်ဒဏ်သုံးနှစ် ချမှတ်ခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

**ချမ်းသာ( မိတ္ထီလာ)**

# ဘားအံမြို့နယ်၌ အမျိုးသားတစ်ဦး တောင်ပေါ်မှပြုတ်ကျ၍ သေဆုံး

**ဘားအံ မတ် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှိုင်ကားကျောက်တောင်ပေါ်မှ အမျိုးသားတစ်ဦး ပြုတ်ကျ၍ ဘားအံဆေးရုံကြီးသို့ ဆေးကုသမှုခံယူနေစဉ် မတ် ၃၀ ရက် ည ၁၀ နာရီခွဲက သေဆုံးသွားခဲ့ကြောင်း အိန္ဒုနယ်မြေရဲစခန်းက သိရသည်။

သေဆုံးသူမှာ စိုးသန်းအောင်(ခ) တုတ်ပေါ(၂၅နှစ်)လှိုင်ကားကျေးရွာ ဘားအံမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ဖြစ်စဉ်နှင့်ပတ်သက်၍စုံစမ်းစစ်ဆေးရာ မတ် ၃၀ ရက် နံနက် ၁၁နာရီခွဲခန့်က သေဆုံးသူမှာ တစ်ရွာတည်းနေ ဦးရင်ထွေး၊ ဦးနိုင်ထူးတို့နှင့်အတူ ကျောက်ထုလုပ်ငန်းလုပ်ကိုင်နေစဉ် သေဆုံးသူမှ ၎င်းတို့နှစ်ဦး ရေသောက်ရန်အတွက် ကျောက်တောင်ပေါ်သို့ ရေဘူးတက်ပေးစဉ်အမြင့်ပေ ၄၀ ခန့် အရောက် ခြေချော်ပြုတ်ကျပြီး ဒဏ်ရာများရရှိခဲ့သဖြင့် ဘားအံဆေးရုံကြီးသို့ လာရောက်ဆေးကုသမှုခံယူစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်/မဟုတ် အိန္ဒုနယ်မြေရဲစခန်းတွင် သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရထားပေါ်ခုန်တက်သည့် အမျိုးသားတစ်ဦး ခြေချော်၍ပြုတ်ကျသေဆုံး

**မိုးကောင်း မတ် ၃၁**

မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက်တွင် မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က အမျိုးသားတစ်ဦး ရထားပေါ်ခုန်တက်ရာ ခြေချော်ပြုတ်ကျကာ ရထားကြိတ်မိပြီး သေဆုံးခဲ့ကြောင်း မိုးကောင်းမြို့မရဲစခန်းက သိရသည်။

သေဆုံးသူမှာ ကျော်ဇင်ဦး (၂၄နှစ်)ဖြစ်ပြီး မိုးကောင်းမြို့ နောင်ကိုင်တော် ရပ်ကွက်၌ နေထိုင်သူဖြစ်ကြောင်း သိရသည်။

၎င်းသည် မိုင်တိုင်အမှတ်(၆၈၅/၁၇)နှင့် (၆၈၅/၁၈) ကြားတွင် နွားကျောင်းနေရာမှ နန့်စီးအောင်မှ မြစ်ကြီးနားသို့ ခုတ်မောင်းလာသည့် APT မိုင်းရှင်းရထား၏ တတိယတွဲပေါ်သို့ ခုန်တက်ခဲ့ရာ ခြေချော်ပြုတ်ကျပြီး ရထားကြိတ်မိကာ သေဆုံးခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးကောင်းမြို့မရဲစခန်းက ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**


## (နဝမ) အကြိမ်မြောက် လှည်းကူးပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ

လှည်းကူးပညာရေးကောလိပ်တွင် ပညာသင်ကြားပို့ချပေးခဲ့ကြသော အသက်(၆၀)ပြည့် (အငြိမ်းစား) ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်၍ ဖိတ်ကြားလွှာ ရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသားဟောင်း၊ ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ဂါရဝပြုကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၀၁၇ ခုနှစ်၊ မေ ၇ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီ
**ကျင်းပမည့်နေရာ** - ပညာအားမာန်ခန်းမ၊ လှည်းကူးပညာရေးကောလိပ်

**ကျင်းပရေးကော်မတီ**

## ပျောက်ဆုံး

ဒေါ်ဖိန်အီယာန်း (ဘ)ဦးလျန်ဇုန်း ၄/ဟခန(နိုင်)၀၂၅၂၄၅ ၏ မြန်မာနိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွား၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၃၁၀၈၄၁**

## မွေးသက္ကရာဇ် အမှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁)၊ ဆဋ္ဌမတန်း(က)မှ မဆောင်းဝတ်ရည်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၀-၂၀၀၄ ဖြစ်ပါသည်။ **မဆောင်းဝတ်ရည်ထွန်း**

## ခြံရောင်းမည်

မင်းခေါင်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ဝေဇယန္တာလမ်း၊ ထွက်ပေါက်ရှိ ဂရန်မြေ၊ ညှိနှိုင်းဈေး။

**ဖုန်း- ၀၉-၅၀၈၇၁၉၂၊ ၀၉-၇၉၉၈၂၃၉၆၅၊ ၀၉-၂၀၇၃၉၂၂**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/2675 Skat LFJ 3071 G1 အမည်ပေါက်သူ ဦးမျိုးသန့် ၉/ပမန(နိုင်)၁၂၇၉၇၁ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကျေးဇူးဆပ်ပါမည်

၃၀-၃-၂၀၁၇ရက် ၇း၄၀နာရီခန့်က ၁၀၅ လမ်း × ၂၀၆ လမ်းကြား ဗိုလ်မင်းရောင်လမ်းမပေါ်မှ Taxi ကားအနက်ရောင်ကို ၄၉လမ်းအပေါ်ဘလောက်ဘက်သို့ ငှားစီးပြီး ၇း၅၅ နာရီခန့်တွင်ဆင်းခဲ့ရာ Taxi ပေါ်တွင် Laptopတစ်လုံး မေ့ကျန်ခဲ့ပါသည်။ Laptop ထဲတွင် အရေးကြီးသောစာရင်းများပါရှိပါသဖြင့် တွေ့သူများ ကျွန်မ မရွှေမြင့်ထံသို့ အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန် မရွှေမြင့် ဖုန်း-၀၉-၄၀၂၇၆၇၈၆၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၁/ခ၊ ၁ လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးရဲမြင့် S/OKA-၀၇၉၈၅၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရဲမြင့်ထံမှ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၀၇(၂၈-၁-၁၆)ဖြင့် ရရှိသူ SP ဦးတင်ရွှေ ၁၂/သဃက(နိုင်)၀၂၅၂၆၄မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂၄၀၄ (၂၂-၂-၁၆) တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ပါ ၂၀၁၃ ခုနှစ် SP ဦးအုန်းခင်မှ အရောင်းမြေပုံကူးခဲ့ခြင်းအား မြေပုံထုတ်ယူခဲ့ခြင်းမရှိကြောင်း အမှုတွဲအားပိတ်သိမ်းခဲ့ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ ၃၈၇၈/၁၇ ၁၀-၃-၁၇ ဖြင့် ရှင်းလင်းတင်ပြလာသဖြင့် ဦးတင်ရွှေ ၁၂/သဃက(နိုင်)၀၂၅၂၆၄၏ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမြန်ရောင်းမည်

ဆိတ်ငြိမ်သောဝန်းကျင်၊ နိုင်မာသော စာရွက်စာတမ်း ပိုင်ဆိုင်မှု တို့ကို လာရောက်ကြည့်ရှု၍ ဈေးပေးကြည့်ပါ။ သန်လျင်နာရီစင် အနီး အမှုထမ်းရပ်ကွက် ယုဇန လမ်းမကြီးပေါ် (၄၂' x ၆၅') 3/B ကျပြီး မီတာပါ၊ ခြံစည်းရိုး မျက်နှာစာ အလှဆင်ပြီး။

ဖုန်း - ၀၉ ၄၂၀၀၂၃၀၃၀၊ ၀၉ ၃၉၉၄၄၁၃၃၈

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမောင်တူ ၁၁/မပန(နိုင်)၀၀၈၃၅၇၏သား ကိုစိန်လှမောင် ၁၁/မပန(နိုင်) ၀၅၈၃၀၆ နှင့် ကိုစံအေးထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ကိုစိန်လှမောင်(ခ)ကိုစံအေးထွန်း**

## Invitation to Tender

The Danish Refugee Council(DRC)has Received grants from various donors for the implementation of the humanitarian aid in Rakhine State.

DRC is seeking new vendors and requests you to submit price bids for the supply of:

1. ITB-MM-STW-2017-01 Supply-(A)One speed boat,one set of twin engine& spare parts(including transportation to Sittwe).(B) One set of twin engines & spare parts(including transportation to Sittwe)
2. ITB-MM-STW-2017-02Works-Full Rehabilitation of 18 temporary long houses(144 units)in Say Tha Mar Gyi,Sittwe Township,Rakhine

**ITB Issuing Date:(01/April/2017)**
**ITB Closure Date:(15/April/2017-16:00)**
**For more information on how to obtain the full tender package,Please Contact**
**Zaw Myint Thein<zawmyint.thein@drcmm.org>09787840680**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်အမှတ် ၁၄၊ အခန်းအမှတ် ၄၂(စတုတ္ထထပ်) တိုက်ခန်းအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်ဦး ၁၂/ပဘတ(နိုင်)၀၀၈၀၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူမည်သူမဆို ပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ BA.HGP,RL**
**အထက်တန်းရှေ့နေ (စဉ်-၁၆၄၂၀)**
**အခန်း ၅၊ တိုက် ၃၅၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၀၅၆၂၇၂၁၊ ၀၉-၇၃၀၄၅၇၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၂)ရပ်ကွက်၊ သီတာလမ်း၊ အကွက်အမှတ်(၆၃)၊ မကျီးပင်တန်းအကွက်၊ ဦးပိုင်အမှတ်(၁၁၄-ခ)၊ ဧရိယာ ၀ဒသမ ၀၂၈ ဧကရှိမြေအား ဦးမောင်မောင်က မြေငှားဂရန်(သက်တမ်းတိုး) ချထားပေးပါရန်လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပုသိမ်မြို့နယ်**

## ကွာရှင်းပြတ်စဲပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မင်းရပ်အုပ်ချုပ်ရေးမှူးရုံးတွင် ကျွန်တော် မောင်စိုးကျော်သူစိုး(ခ) စိုးလေးသည် ဇနီးဖြစ်သူ မအိသက်ထားအောင် (ခ) ဖွေးဖွေးနှင့် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၂၆-၃-၂၀၁၇ ရက် မင်းရပ်အုပ်ချုပ်ရေးမှူးရှေ့တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နောက်နောင် မည်သို့မျှ ပတ်သက်မှုမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မောင်စိုးကျော်သူစိုး**
**၇/လပတ(နိုင်)၁၅၆၆၁၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/7280 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၃၆၃၂၇ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ခိုင် ၉/မလန(နိုင်)၀၀၁၃၇၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (မိတ္ထီလာခရိုင်)**

# MNL အမှတ်ပေးပြိုင်ပွဲ ယနေ့ ပြန်လည်ကျင်းပမည်




ရန်ကုန်နှင့် ရတနာပုံ အသင်း ၂၀၁၆ ရာသီက တွေ့ဆုံခဲ့စဉ်

**ရန်ကုန် မတ် ၃၁**

မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲကြောင့် ခေတ္တရပ်နားထားသည့် ၂၀၁၇ ရာသီ MNLအမှတ်ပေးပြိုင်ပွဲကို ဧပြီ ၁ ရက် **(ယနေ့)** ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ ပြန်လည်ကျင်းပမည့် ပွဲစဉ်(၁၀)တွင် MNL ၏အစဉ်အလာ ပြိုင်ဘက်နှစ်သင်းဖြစ်သော ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ်(၁၀)အဖြစ် ဧပြီ ၁ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် လက်ရှိချန်ပီယံရတနာပုံအသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ ဝဏ္ဏသိဒ္ဓိကွင်း၌ နေပြည်တော်အသင်းနှင့် GFA အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဇွဲကပင်အသင်း၊ ဧပြီ ၂ ရက်တွင် တောင်ငူကွင်း၌ ဟံသာဝတီအသင်းနှင့် ရောဝတီအသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၉)အပြီးတွင် ရန်ကုန်အသင်းက ၂၅ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၂၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရောဝတီအသင်းက ၁၄ မှတ်၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ မကွေးအသင်းက ၁၀ မှတ်၊ နေပြည်တော်အသင်းက ရှစ်မှတ်၊ Southern ၊ ချင်းယူနိုက်တက်နှင့် ဟံသာဝတီအသင်းတို့က ခုနစ်မှတ်စီ၊ GFA အသင်းက ငါးမှတ်ရရှိထားသည်။

MNL ပြိုင်ပွဲစတင်ကတည်းက ပြိုင်ဘက်အသင်းများဖြစ်ခဲ့သည့် ရန်ကုန်နှင့် ရတနာပုံအသင်းတို့၏ တွေ့ဆုံမှုမှာ ပြိုင်ဆိုင်မှုပြင်းထန်လာနိုင်သလို ရှုံးပွဲမရှိမှတ်တမ်းကို မည်သည့်အသင်းက ဆက်ထိန်းနိုင်မလဲဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ ပွဲစဉ်(၉)အပြီးတွင် ရမှတ်ကွာဟမှု လေးမှတ်အထိရှိနေသည့် ရတနာပုံအသင်းသည် အမှတ်ကွာဟမှုမကြီးမားစေရန် မရှုံးအောင်ကစားရန်လိုသလို နိုင်ပွဲရယူနိုင်ခဲ့လျှင် အမှတ်ကွာဟမှု လျှော့ချနိုင်မည်ဖြစ်သည်။ ရတနာပုံအသင်းသည်ပြီးခဲ့သည့် နှစ်ရာသီဆက်တိုက် ရန်ကုန်အသင်းကို အဝေးကွင်း၌ အနိုင်ကစားထားရာ ရန်ကုန်အသင်းအနေဖြင့် ရှုံးကြွေးပြန်ဆပ်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ Southern အသင်းနှင့် ကစားရမည်ဖြစ်ပြီး ရောဝတီ၊ မကွေးတို့မှာလည်း ပွဲကျပ်ကစားရမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များမှာ ဧပြီ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

✪ *ကျောဖုံးမှ*

ဒုတိယအဆင့်အုပ်စုများကို အုပ်စု နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (E)တွင် မြန်မာ၊ ဂျပန်၊ သြစတြေးလျ၊ ထိုင်း၊ အုပ်စု (F) တွင် တောင်ကိုရီးယား၊ တရုတ်၊ အီရန်၊ တရုတ်(တိုင်ပေ) အသင်း တို့ ပါဝင်လျက်ရှိသည်။ ပထမအဆင့် အုပ်စုပွဲများတွင် အောက်ဆုံးနေရာရရှိခဲ့သည့် သုံးသင်းဖြစ်သည့် ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာအသင်းတို့မှာ အဆင့် ၉/၁၁ နေရာလုပွဲကစားရ မည်ဖြစ်သည်။

ဒုတိယအဆင့် အုပ်စုပွဲများကို ဧပြီ ၁၊ ၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ယနေ့ နံနက် ၁၀ နာရီတွင် တောင်ကိုရီးယားနှင့် တရုတ်(တိုင်ပေ)၊ မွန်းလွဲ ၁၂ နာရီခွဲတွင် တရုတ်နှင့် အီရန်၊ ညနေ ၃ နာရီတွင် မြန်မာနှင့် ထိုင်း၊ ညနေ ၅ နာရီခွဲတွင် ဂျပန်နှင့် သြစတြေးလျ၊ ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် အီရန်နှင့် တရုတ်(တိုင်ပေ)၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာနှင့် ဂျပန်၊ ညနေ ၃ နာရီတွင် သြစတြေးလျနှင့် ထိုင်း၊ ညနေ ၅ နာရီခွဲတွင် တောင်ကိုရီးယားနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# နွေရာသီ အခြေခံအားကစားသင်တန်းဆင်း

ရန်ကုန် မတ် ၃၁

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရန်ကုန်တောင်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဖွင့်လှစ်သော နွေရာသီအခြေခံအားကစားသင်တန်း ဆင်းပွဲကို ယနေ့ နံနက် ၈ နာရီက သန်လျင်မြို့ သီဟဒီပအားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။**



**နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲတွင် သင်တန်းသားများ အားကစားနည်းအလိုက် သရုပ်ပြသကြစဉ်**

ရှေးဦးစွာ အားကစားနှင့် ကာယပညာ ဆပ်ကော်မတီဥက္ကဋ္ဌ တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယခုဖွင့်လှစ်ပေးသည့် နွေရာသီ အခြေခံအားကစားသင်တန်းကို မတ် ၁ ရက်မှ ၃၁ ရက်အထိ ဘောလုံး၊ ပြေးခုန်ပစ်၊ ရေကူး၊ တိုက်ကွမ်ဒို၊ မြန်မာ့သိုင်း၊ အေရိုးဗစ်၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘောနှင့် ပိုက်ကျော်ခြင်း အားကစားနည်း ကိုးမျိုးဖြင့် သင်တန်းသားသင်တန်းသူ ၅၄၀ ကို သင်ကြားပေးခဲ့ပြီး သင်တန်းတွင် သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းများ၊ နွေရာသီသင်တန်းဆင်းလက်မှတ်များ ဘောလုံးပြိုင်ပွဲတွင် ဆုရအားကစားသမားများနှင့် တစ်ဦးချင်း အကောင်းဆုံးဆုရ အားကစားသမားများ၊ သင်တန်းပေါင်းစုံ အသက် ၁၅ နှစ် အောက် ဘောလုံးပြိုင်ပွဲဆုရ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် အကောင်းဆုံးဆုများ၊ အတိုးတက်ဆုံး ဆုများအား အားကစားနှင့် ကာယပညာဦးစီးဌာန တောင်ပိုင်းခရိုင် အားကစားမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြအောင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပြီး တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးနေလင်းအောင်က နွေရာသီ သင်တန်းပေါင်းစုံ အသက် ၁၅ နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသွားသော သန်လျင်မြို့နယ် အသင်းအား တံခွန်စိုက်ဆု ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အေကေလင်း**


## မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၆-၂၀၁၇ ခုနှစ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကောက်ခံရန်လျာထားချက်အား အခွန်ထမ်းပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ဖြင့် နိုင်ငံတာဝန်အခွန်ပေးဆောင်ခြင်းကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၃၀-၃-၂၀၁၇ ရက်နေ့တွင် လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ အခွန်အရပ်ရပ်ကို ပေးဆောင်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလလုပ်ငန်းရှင်များ၏ နိုင်ငံတော်နှင့် ပြည်သူ့အပေါ် အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် အထူးလေးစားဂုဏ်ယူဝမ်းမြောက်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါရုံးသုံးယာဉ်များ ဝယ်ယူလိုပါ၍ ပြည်တွင်းအခြေစိုက်ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| (က)Wagon | (၁)စီး |
| (ခ)Sallon | (၁၀)စီး |
| (ဂ)Double Cab/Extra Cab | (၂၅)စီး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့်လွှတ်တော်ရုံး) တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၄- ၂၀၁၇ရက်
**တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန်** - ၅-၅-၂၀၁၇ရက် (၀၉း၀၀)နာရီ

**ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**အလုံလမ်း၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၃၀၂၁၇၉၊ ၀၁-၂၃၀၂၁၁၄**

## ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၀) ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၁၇၃/က) နေ မချစ်ပိုပိုဆုနိုင်၏ ဖခင် အမည်မှန်မှာ ဦးမြင့်အေး ၁၂/ဒဂတ(နိုင်)၁၀၄၄၄၃ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟမ္ပလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာနေ မနွဲ့နွဲ့ဝင်း၏ဖခင် ဦးဗိုလ်ကျော် (ခ) ဦးဘိုလ်ကျော် ၅/ဟမလ(နိုင်)၀၈၉၅၄၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဗိုလ်ကျော်(ခ)ဦးဘိုလ်ကျော်**

## အမည်ပြောင်း

ဦးသန်းထိုက်-ဒေါ်နုနုဆွေ ၁၄/ကပန(နိုင်)၀၀၄၂၂၇ တို့၏သား ပုသိမ်မြို့၊ အလက(၁)မြို့မ အထက(ခွဲ) အဋ္ဌမတန်း(B)မှ မောင်လွင်ဦးဦးမောင်အား ယနေ့မှစ၍ မောင်ဇေယျာထိုက်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

## (၇၀)နှစ်မြောက် မင်္ဂလာ

ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်မှူးချုပ်တင်ဦး(ငြိမ်း)နှင့် မိခင်ကြီး ဒေါ်ကြည်ကြည်ဦးတို့၏ ၁-၄-၂၀၁၇ ရက်တွင် ကျရောက်သော မင်္ဂလာ နှစ်(၇၀)ပြည့်မြောက်သည့်ရက်မှစ၍ နောင်နှစ် ပေါင်းများစွာ သား/သမီး/မြေး/မြစ်များနှင့် သက်ရှည်ကျန်းမာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ။

**ချစ်သား/သမီး/မြေး/မြစ် မိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၃၅၈၀၀ Kenbo -125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီဟ ၁/မကန(နိုင်)၁၀၂၆၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန(နေပြည်တော်)**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၆)၊ ဦးပိုင်အမှတ် (၂၆) ဂရန်မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းပိုင် ၉/မရမ(နိုင်)၀၂၉၆၅၁မှ ရရှိထားသော ဦးထွန်းပိုင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးထွန်းပိုင်မှ ပြည်သူ့ဆောက်လုပ်ရေးတွင် အထက်တန်း စာရေးတာဝန်ထမ်းဆောင်စဉ်ကရရှိခဲ့သော မြေကွက်ဖြစ်ပြီး မန္တလေးမြို့မှ မြင်းခြံမြို့သို့ ပြောင်းရွှေ့ရာတွင် ခရီးသွားရင်း မြေကွက်နှင့် ပတ်သက်သည့် အကြောင်းကြားစာ၊ ငွေသွင်းပြေစာနှင့် ဂရန်တို့ ပျောက်ဆုံးသွားသည့်အတွက် အမည်ပေါက်သူ ဦးထွန်းပိုင် ကိုယ်တိုင်ဂရန်ပျောက်လျှောက်ထားမည် ဖြစ်ကြောင်း၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးနိုင်အောင်** | **ဒေါ်သန်းသန်းစိုးL.L.B** | **ဒေါ်လဲ့လဲ့နိုင်L.L.B** |
| **H.G.P., D.B.L** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်-၁၉၂၂၆** | **(၃၉၆၄၈)** | **စဉ်-၄၅၈၆၉** |

**မမ-၂/၅၈၊ မြရည်နန္ဒာရပ်ကွက်၊ အထက်တန်းရှေ့နေ**
**မန္တလေးမြို့**

## မိုးကုတ်ဝိပဿနာအလုပ်ပေး(၁၀)ရက် တရားစခန်းပွဲ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ အမှတ် ၈၂၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ (၁၀) ရက်တရားစခန်းပွဲကို ၂-၄-၂၀၁၇ ရက်မှ ၁၁-၄-၂၀၁၇ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။

ယင်းတရားစခန်းပွဲ၌ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသုန္ဒရ (ရွှေစက်တော်)မိုးကုတ်ကျောင်း၊ ကြားတောရလမ်း၊ ရွှေတိဂုံ အရှေ့ဘက်မုခ်၊ ဗဟန်း၊ရန်ကုန်မြို့မှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၃၇)ပြည်လမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်၊ အမှတ်(၆၉-A)နေ မောင်မြင့်စိုး (MYGN-၀၄၈၈၃၅) သည် ၂၀၁၀ ပြည့်နှစ်က စတင်ထုတ်ပေးခဲ့သည့် Passport No.A384137 No ပါ စာအုပ်ပျောက်ဆုံးသွားပါသဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ် ၇/၅-ဘီ၊ ဧရိယာ ၀ဒသမ၀၇၄ဧကရှိ ဘိုးဘပိုင်မြေကွက်ဟုခေါ်တွင်သော မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ် ၃၁၁မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ ရှစ်ထပ်တိုက်အဆောက်အအုံ၏ ပထမထပ် (ခေါင်းရင်းခြမ်း)၊ (A-1)၊ ဧရိယာပေ(၂၀×၆၀) အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်အမာစိန် ၁၂/မရက(နိုင်)၀၆၇၃၅၁ထံမှ ကျွန်တော်ကအရောင်းအဝယ်ပြုသည့်တန်ဖိုးငွေများကို အပြေအကျေပေးချေ၍ ဝယ်ယူကာလက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးသန့်ဝင်း**
**၉/မရမ(နိုင်)၀၀၃၉၇၀**
**အမှတ်(၃၇)၊ နီလာလမ်းသွယ်(၂)လမ်း၊**
**ရတနာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**

# အာဆီယံတွင်းယှဉ်ပြိုင်နိုင်မည့် ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာရေးရည်ရွယ်ကာ ကျွမ်းကျင်လုပ်သားလက်မှတ်ထုတ်ပေးမည်

**မော်လမြိုင် မတ် ၃၁**

ကျွမ်းကျင်လုပ်သားတစ်ဦးသည် မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skills Standards Authority-NSSA) မှ အဆင့်လေးဆင့်နှင့် စစ်ဆေးအကဲဖြတ်ကာ ထုတ်ပေးသည့် လက်မှတ်ရရှိထားပါက အလုပ်အကိုင် ရရှိမှု အခွင့်အလမ်းပိုများနိုင်ပြီး လုပ်ငန်းကျွမ်းကျင်မှုကြောင့် ရရှိလစာနှုန်းထား ပိုရနိုင်မည်ဖြစ်ကြောင်း NSSAမှ မြန်မာလုပ်သားထု ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က ပြောသည်။

မွန်ပြည်နယ်အတွင်းရှိ အလုပ်ရှင်နှင့် အလုပ်သမားများအပါအဝင် ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေး ရည်ရွယ်ကာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် Swiss- contact တို့ပူးပေါင်း၍ မြန်မာလုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၉ ရက်က မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပခဲ့ရာ မွန်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ပုဂ္ဂလိကသင်တန်းကျောင်း များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ကျော် တက်ရောက်ခဲ့ကြသည်။


ဦးကျော်ကျော်လွင်

"အခုက အာဆီယံနဲ့ယှဉ်ဖို့ နိုင်ငံအဆင့် ကျွမ်းကျင်လက်မှတ်ကိုင်နိုင်ဖို့လိုနေပါတယ်။ တစ်ကြိမ်အတွေ့အကြုံရလိုက်ဖူးပါတယ်။ ပြည်ပကုမ္ပဏီတစ်ခုဝင်လာတယ်။ လက်မှတ်မရှိလို့ ပြည်တွင်း လုပ်သားတွေလျှောက်လို့မရဖြစ်ခဲ့တယ်။ သံချည်၊သံကွေးလို အလုပ်မှာတောင် ပြည်ပလုပ်သားတွေခေါ်လာတယ်။ ဒါဟာ လက်မှတ်မရှိတာနဲ့ ကျွန်တော်တို့ ပြည်တွင်းလုပ်သားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေဆုံးရှုံးခဲ့ရတာပါ"ဟု ဦးကျော်ကျော်လွင်က ကျွမ်းကျင်လုပ်သားလက်မှတ်မရှိသဖြင့် အလုပ်အကိုင်ရရှိရန် ခက်ခဲခဲ့ရကြောင်း ရှင်းပြသည်။

ကျွမ်းကျင်လုပ်သားအဖြစ် လက်မှတ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA ကို ၂၀၀၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ပြီး လုပ်သားများ ကျွမ်းကျင်မှုကို သင်တန်းပေးခြင်း၊ စိစစ်အကဲဖြတ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ NSSA အနေဖြင့် လျှပ်စစ်တပ်ဆင်မှု၊ လေအေးပေးစက်တပ်ဆင်မှု၊ ပရိဘောဂ၊ အဆောက်အအုံအလုပ်သမား၊ အုတ်စီလုပ်ငန်းစသည့် အလုပ်အကိုင် ၁၉မျိုးအတွက် ကျွမ်းကျင်လုပ်သားလက်မှတ် ၇၉၈ ဦးအတွက် ပေးအပ်နိုင်ခဲ့ပြီး လာမည့် ၂၀၁၇-၂၀၁၈ နှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျွမ်းကျင်လုပ်သား ၅၀၀၀ ကို စစ်ဆေးအကဲဖြတ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးမည်ဟု သိရသည်။

ရန်ကုန်၊မန္တလေး၊ ပဲခူး၊ ဧရာဝတီစသည့်တိုင်းဒေသကြီးများနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ဒေသတွင်း လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမည့် ကျွမ်းကျင်လုပ်သားမွေးထုတ်ပေးနိုင်ရေးအတွက် အခြေစိုက်ရုံးများဖွင့်လှစ်သွားမည်ဟု သိရသည်။

ကျွမ်းကျင်လုပ်သားများမွေးထုတ်ရာတွင် လက်ရှိအချိန်အထိ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) နှင့် Swisscontact တို့မှအကူအညီဖြင့် လက်ရှိအချိန်အထိ အခမဲ့ဆောင်ရွက်ပေးခဲ့ပြီး လာမည့် လုပ်သား ၅၀၀၀အတွက် လျာထားငွေသန်း ၇၀၀ကျော်ကိုလည်းနိုင်ငံတော်က အကုန်အကျခံ ဆောင်ရွက်ပေးမည်ဟု သိရသည်။

ကျွမ်းကျင်လုပ်သား လက်မှတ်ရရှိလိုသူများအနေဖြင့် NSSA Secretariat Office(Nay Pyi Taw) ရုံးအမှတ် ၅၁၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်နှင့် NSSA Technical Office (Yangon) 298၊ မြနန္ဒာလမ်း၊ ၁၃ ရပ်ကွက်၊ ရန်ကင်းမြို့နယ်တို့သို့ ဆက်သွယ်နိုင်သည်ဟု သိရသည်။

**မြတ်မွန်ထွေး**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံများရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့မှု မီဒီယာများနှင့် သတင်းစာရှင်းလင်း



**ဆားလင်းကြီး မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေ မိုးကြိုးပြင်ကျေးရွာအနီး၌ မတ် ၂၅ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မိုးကြိုးပြင်ကျေးရွာ ဒေသခံများ ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့မှုအပေါ် မီဒီယာများနှင့် သတင်းစာရှင်းလင်းပွဲကို မတ် ၂၇ ရက် နံနက်က ဆားလင်းကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ငွေသာခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆားလင်းကြီးမြို့၏ တောင်ဘက်ပိုင်း မြို့ပြင်မြေယာများရှိ သက်လတ်အဆင့် ကျောက်နှင့် ကျောက်ရောမြေများအား လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအတွင်းသို့ ဆဲလ်လိုင်းများ၏ အောက်ခံကျောက်များအဖြစ် အသုံးပြုရန် ကျောက်ထုတ်လုပ်တင်သွင်းခြင်းအား မြန်မာ့ဝမ်ပေါင်ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းရှင်များ စာချုပ်ချုပ်ဆိုပြီး ပုသိမ်-မုံရွာ ကားလမ်းမကြီးမှ တစ်ဆင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းအတွင်းသို့ သယ်ယူပို့ဆောင်ပေးသွင်းလျက်ရှိရာ မိုးကြိုးပြင်(အလယ်) ကျေးရွာနှင့် မိုးကြိုးပြင်(မြောက်) ကျေးရွာ၊ မိုးကြိုးပြင်(တောင်)ကျေးရွာများမှ ဒေသခံရွာသူ ရွာသား ၁၀၀ ခန့်က မတ် ၂၄ ရက်တွင် ကျောက်သယ်ယာဉ်များအား တားဆီးပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက ယင်းနေ့ ညနေ ၅ နာရီတွင် သွားရောက်၍ ဖြေလျှော့ညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း၊ တစ်ဆက်တည်းမှာပင် အင်အားသုံး၍ ပိတ်ဆို့တားဆီးခြင်းခံထားရသည့် ကျောက်သယ် မော်တော်ယာဉ် ၇၂ စီးခန့်ကို ဆက်လက်သွားလာနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်နေစဉ် မိုးကြိုးပြင်(အလယ်) ကျေးရွာနှင့် မိုးကြိုးပြင် (မြောက်) ကျေးရွာ၊ မိုးကြိုးပြင်(တောင်)ကျေးရွာများမှ ဒေသခံရွာသူ ရွာသားများက လေးခွများဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေး တာဝန်ယူနေရသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ရော်ဘာကျည်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရကြောင်း သိရသည်။

မတ်လ ၂၅ ရက်တွင်လည်း ဆားလင်းကြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်မရှိဘဲ ကျောက်ထုတ်လုပ်သယ်ယူသူများက မိမိတို့ သဘောဆန္ဒအလျောက် ကျောက်ထုတ်လုပ်သယ်ယူခြင်းကို ဆက်လက်လုပ်ကိုင်ကြသဖြင့် နံနက် ၁၁ နာရီတွင် ဒုတိယအကြိမ်ထပ်မံ၍ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကျေးရွာသူ ရွာသားများ၏ စတင်ပစ်ခတ်မှုကြောင့် ကျောက်သယ်ယာဉ် သုံးစီး၊ ကျောက်ထုတ်လုပ်ငန်းရှင်များ၏ အိမ်စီးကား နှစ်စီး စုစုပေါင်း ငါးစီး၏ လေကာမှန်များ ကွဲကြေပျက်စီးသွားခဲ့ကြောင်း သိရသည်။

လုံခြုံရေးဆောင်ရွက်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိငယ်နှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင် ခြောက်ဦး ကုန်းသီးများထိမှန်၍ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးရေး၊နယ်မြေအေးချမ်းသာယာရေး တို့ကိုရှေးရှု၍ ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ဆားလင်းကြီးမြို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သတင်းမီဒီယာဌာန ၁၆ ခုမှ သတင်းထောက်များအား ဖိတ်ခေါ်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီး သတင်းထောက်များ၏ မေးမြန်းချက်များအပေါ် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတို့က ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ရေရှားပါးသည့်နေရာများတွင် သောက်သုံးရေ လှူဒါန်း

**နေပြည်တော် မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးညွန့်ထွန်းဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် မိတ္ထီလာမြို့နယ် ခင်တဲကျေးရွာရှိ အိမ်ခြေ ၇၀ အတွက် သောက်သုံးရေ ဂါလန်၁၂၀၀ အား လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့က မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထန်လျှင်မန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် မြိုင်မြို့နယ် ပေါက်တော်ကျေးရွာရှိ သီရိမင်္ဂလာကျောင်းတိုက်၌ မတ် ၂၆ ရက်မှ စတင်ကျင်းပသည့် ၁၀ ရက်ကြာ ရှင်အပါး ၁၀၀၀ အလှူသာသနာပြုပွဲတွင် သောက်သုံးရေ ဂါလန် ၁၁၂၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# ကမ်းလွန်လုပ်ကွက်အမှတ် M9 တွင်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ရှင်းလင်း

**ထားဝယ် မတ် ၃၁**

PTTEPI ရေနံရှာဖွေရေးနှင့် တူးဖော်ရေးကုမ္ပဏီမှ ကမ်းလွန်လုပ်ကွက်အမှတ် M9 တွင်ဆောင်ရွက်မည့် ဖွံ့ဖြိုးတိုးတက်ခြင်းလုပ်ငန်းစဉ်များအား ဒေသခံပြည်သူများနှင့် အဖွဲ့အစည်းများအား ဒုတိယအကြိမ် ရှင်းလင်းဆွေးနွေးပွဲကို ထားဝယ်မြို့ ဇေယျာထက် စံဟိုတယ်၌ မတ် ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ ယင်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE ကိုယ်စားလှယ်ဦးနိုင်ဝင်းအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ PTTEPI ကုမ္ပဏီမှ အကြံပေးအရာရှိ ဦးခင်မောင်ကြီးက ကုမ္ပဏီ၏လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စီမံကိန်းအရာရှိ ဦးစိုးထိုက်က PTTEPI ကုမ္ပဏီမှ ကမ်းလွန်လုပ်ကွက်အမှတ် M9၊ ဇောတိကဖွံ့ဖြိုးတိုးချဲ့ရေးလုပ်ငန်း အဆင့် 1C နှင့် 1D စီမံကိန်းအကြောင်းနှင့် ပတ်သက်၍လည်းကောင်း၊ SEM အကြံပေးကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဒေါ်စန္ဒာလှိုင်က ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း ပရိဂျက်တာပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက်တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**ရွှေတောင် မတ် ၃၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနကကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို မတ် ၂၄ ရက်က ရွှေတောင်မြို့နယ် မီးလောင်ကျေးရွာအုပ်စု ကိုးတွင်းစဉ်ရွာ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာဒေါ်လွင်မာအောင်က ယင်းသင်တန်းတက်ရောက်ခြင်းဖြင့် အိုးမကွာအိမ်မကွာ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးတက်လာနိုင်ပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်မည့်အပြင် တစ်ဦးချင်းဝင်ငွေတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသူ ၁၆ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။ **မောင်ရွှေဝင်း(ပြည်)**

# သထုံ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

**သထုံ မတ် ၃၁**

သထုံမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေးဖြစ်သောကျေးရွာများသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးသရုပ်ပြဟောပြောပွဲ အခမ်းအနားကို မတ် ၂၉မှစတင်ပြီး ဆောင်ရွက်ခဲ့သည်။ ယင်းကျေးရွာများမှာ ဈေးမသွယ်အထက်ကျေးရွာ၊ တံတားဦးကျေးရွာ၊ ထောင်မျိုးကျေးရွာတို့ဖြစ်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမည့် ကျေးရွာနေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမင်းထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင်နှင့်ဝန်ထမ်းများ၊ စက်မှုဝန်ကြီးဌာနမှဝန်ထမ်းများ စုပေါင်း၍ ပြည်သူများ လျှပ်စစ် အန္တရာယ်မဖြစ်စေရေး သရုပ်ပြခြင်း၊ ပရိဂျက်တာဖြင့်ရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်း၊ အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နန္ဒကျော်စွာ**

# အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ တွေးဆစရာများ

## ဟန်သိန်းကျော် (မဟာဥပဒေ)

> **ဥပမာအနေနဲ့ ဝန်ထမ်းတစ်ဦးဟာ ၎င်းရဲ့လစာဝင်ငွေထက် ပိုမိုသာလွန်စွာ နေထိုင်နိုင်ရင် (ဒါမှမဟုတ်) အကြောင်းအရာ ပြည့်စုံလုံလောက်စွာ မဖော်ပြနိုင်ဘဲ ပိုင်ဆိုင်မှုအမြောက်အမြား ပိုင်ဆိုင်နေရင် ၎င်းဝန်ထမ်းအနေနဲ့ လာဘ်ယူနေကြောင်း မစုံစမ်းမစစ်ဆေးခင်ကပင် သက်သေထင်ရှားတယ်လို့ ယူဆနိုင်တဲ့ အခွင့်အာဏာတွေကို CPIB နဲ့ တရားရုံးတို့ကို အပ်နှင်းထားပါတယ်။**

၂၀၀၈-၂၀၀၉ ခုနှစ်ဝန်းကျင်က ဂျပန်နိုင်ငံမှာ ပညာသင်ခဲ့စဉ် စာသင်ခန်းတစ်ခုအတွင်း ဥပဒေပါမောက္ခနဲ့ ကျွန်တော်တို့ ကျောင်းသားတစ်သိုက် အဂတိလိုက်စားမှု (corruption) နဲ့ပတ်သက်ပြီး ကိုယ်စီကိုယ်င နားလည်သလို အဓိပ္ပာယ်ဖွင့်ဆို ဝိုင်းဝန်းဆွေးနွေး ငြင်းခုံဖြစ်ခဲ့ကြပါတယ်။ အဲဒီလိုဆွေးနွေးရင်းကနေ ကမ္ဘာ့နိုင်ငံတွေရဲ့ အဂတိလိုက်စားမှု အခြေအနေတွေနဲ့ပတ်သက်ပြီး စနစ်တကျ အချက်အလက်တွေ စုဆောင်းပြီး၊ အစီရင်ခံစာတွေ ထုတ်ဝေနေတဲ့ ၁၉၉၃ ခုနှစ်က စတင်တည်ထောင်ခဲ့တဲ့ ဘာလင်မြို့အခြေစိုက် TI လို့ နာမည်ထင်ရှားတဲ့ (Transparency International) အဖွဲ့ရဲ့ အစီရင်ခံစာတွေ၊ သုတေသနစစ်တမ်းတွေကို လေ့လာမှတ်သားခွင့်ရခဲ့ပါတယ်။

အဂတိနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် တွေဟာ နက်နဲကျယ်ပြန့်ပြီး နိုင်ငံတွေ၊ အဖွဲ့အစည်းတွေ အကြားမှာ အနည်းနဲ့အများဆိုသလို ကွဲပြားမှုရှိတဲ့အတွက် ဒီဆောင်းပါးမှာတော့ အကျယ်တဝင့် အဓိပ္ပာယ်မဖွင့်လိုတော့ပါ။ ဒါပေမယ့် မြန်မာလိုဖွင့်ဆိုမယ်ဆိုရင် အဂတိတရား (၄) ပါးကို "ဆန္ဒ၊ ဒေါသ၊ မောဟ၊ ဘယာ"လို့ ဆိုကြောင်း မိဘဆရာ အကြီးအကဲခေါင်းဆောင်များက သွန်သင်ဆုံးမခဲ့ဖူးတာကို အလေးထား လက်ကမ်းတင်ပြလိုပါတယ်။

ကျွန်တော်တို့ စာသင်ခန်းအတွင်း အဂတိလိုက်စားမှုရဲ့ ဆိုးကျိုးတွေကို အလေးပေးဆွေးနွေးနေချိန်မှာ အတန်းဖော် အာရှသားတစ်ဦးက လာဘ်ပေးလာဘ်ယူခြင်း အပါအဝင် အဂတိလိုက်စားတာဟာ ကိုယ်ကျိုးစီးပွား ဖြစ်ထွန်းစေတာမို့ ကောင်းပါတယ်လို့ စာသင်ခန်းအတွင်း ပါဝင်ဆွေးနွေးခဲ့လို့ တစ်ခန်းလုံး ပွဲကျခဲ့ရတာကိုလည်း အမှတ်ရမိပါတယ်။ ဥပဒေပါမောက္ခရဲ့ ဆွေးနွေးချက်တွေအနက်က အထူးအမှတ်ရနေတဲ့ အချက်အချို့ကတော့ ကမ္ဘာပေါ်မှာ အဂတိလိုက်စားမှု လုံးဝကင်းစင်နေတဲ့နိုင်ငံဆိုတာ ရှိနိုင်ဖို့ အလွန်ခက်ခဲတဲ့ အကြောင်းနဲ့ အဂတိလိုက်စားမှုရဲ့ ဆိုးကျိုးတစ်ခုကတော့ တရားမျှတမှုမရှိတဲ့ အခြေအနေတွေ ပေါ်ပေါက်စေတဲ့အတွက် အလေးထားဆင်ခြင်ဖို့ အကြောင်းတွေပဲ ဖြစ်ပါတယ်။

အာဆီယံအဖွဲ့ဝင် မြန်မာနိုင်ငံက ကျောင်းသားတစ်ဦး ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ကတော့ အာဆီယံနိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး အဂတိတိုက်ဖျက်ရေးနဲ့ပတ်သက်ရင် ကမ္ဘာက လေးစားရတဲ့ စင်ကာပူနိုင်ငံရဲ့ အတွေ့ကြုံတွေကို အလျဉ်းသင့်တိုင်း လေ့လာဖြစ်ခဲ့ပါတယ်။ စင်ကာပူနိုင်ငံဟာ TI ရဲ့ ၂၀၁၄ ခုနှစ် အစီရင်ခံစာအရ အာရှနိုင်ငံအားလုံးအနက် အဂတိလိုက်စားမှု အနည်းပါးဆုံး နိုင်ငံဖြစ်ပြီး ကမ္ဘာ့နိုင်ငံတွေအနက် အဆင့် (၇) အဖြစ် ရပ်တည်ကြောင်း ဖော်ပြခြင်း ခံခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်မှာလည်း စင်ကာပူနိုင်ငံဟာ အဆင့် (၇)အဖြစ် ထပ်မံရပ်တည်နိုင်ခဲ့ပါတယ်။

အများကလေးစားရတဲ့ ဒီလိုအခြေအနေကို လွယ်လွယ်နဲ့ရခဲ့တာ မဟုတ်ကြောင်းကို စင်ကာပူနိုင်ငံရဲ့သမိုင်းက သက်သေခံပါတယ်။ စင်ကာပူနိုင်ငံအနေနဲ့ လွတ်လပ်ရေး အပြည့်အဝ မရခင် ၁၉၄၀-၁၉၅၀ ကာလများက စင်ကာပူရဲ့တွေ အပါအဝင် စင်ကာပူရဲ့ အုပ်ချုပ်ရေးယန္တရားဟာ အင်မတန်ကို စိတ်ပျက်ဖို့ကောင်းကြောင်း၊ အရေးပေါ်လူနာတင်ယာဉ် ခေါ်လျှင်ပင် ဆေးရုံဝန်ထမ်းတွေကို လာဘ်ထိုးရကြောင်း Foreign Affairs မဂ္ဂဇင်းရဲ့ အယ်ဒီတာ Jonathan Tepperman က ၎င်းရဲ့ The Fix ဆိုတဲ့ စာအုပ်မှာ ရေးသားဖော်ပြခဲ့ဖူးပါတယ်။

၁၉၅၉ ခုနှစ်မှာ PAP ပါတီ အနိုင်ရပြီး အသက် (၃၅) အရွယ်ရှိတဲ့ မစ္စတာလီကွမ်ယုအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ စင်ကာပူမှာ အာဏာရလာပြီးနောက်၊ အဂတိတိုက်ဖျက်ရေး အပါအဝင် ပြုပြင်ပြောင်းလဲမှုတွေကို အားသွန်ခွန်စိုက် ဆောင်ရွက်လာခဲ့ပါတယ်။ စင်ကာပူအနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတဲ့ အခြေအနေကနေ ၁၉၆၃ ခုနှစ်မှာ မလေးရှားဖက်ဒရေးရှင်း (Federation of Malaysia) နဲ့ ပူးပေါင်းခဲ့ပါတယ်။ အဲ့ဒီနောက် ပြည်ထောင်စုအစိုးရနဲ့ မူဝါဒပိုင်းဆိုင်ရာ သဘောထားကွဲလွဲမှုတွေကြောင့် ၁၉၆၅ ခုနှစ်မှာ မလေးရှားရဲ့ တောင်းဆိုမှုအရ မမျှော်လင့်ဘဲ ရုတ်တရက် ခွဲထွက်ခဲ့ရပါတယ်။ စင်ကာပူအနေနဲ့ အပြည့်အဝ လွတ်လပ်ရေး ရရှိလာချိန်မှာ လူဦးရေ (၁) သန်းခွဲကျော်ရှိတဲ့ နိုင်ငံအတွင်း နေထိုင်ကြတဲ့ တရုတ် (ethnic Chinese)၊ တမီးလ် (Tamils)၊ မလေး (Malays) တို့အကြား ကွဲပြားမှုနဲ့ မညီညွတ်မှုတွေ၊ ရေချိုမရှိတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒါ့အပြင် ပညာရေးအဆင့်အတန်း နိမ့်ပါးမှု၊ လူဦးရေ ထက်ဝက်ခန့်ဟာ ညစ်ပတ်တဲ့ဆင်းရဲသား ရပ်ကွက်တွေမှာ နေထိုင်ရမှုစတဲ့ စိန်ခေါ်မှုတွေနဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။

စင်ကာပူနိုင်ငံအနေနဲ့ အခြားဒေသတွင်းနဲ့ အရှေ့တောင်အာရှနိုင်ငံတွေမှာလိုပဲ လူဝင်မှု ကြီးကြပ်ရေးနဲ့ အကောက်ခွန် အရာရှိတွေ၊ ယာဉ်ထိန်းရဲတွေ၊ ဆေးရုံဝန်ထမ်းတွေရဲ့ အကျင့်ပျက်ခြစားမှုတွေ၊ ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့မှု အပေါ် ကော်မရှင်ခရယူမှုတွေ၊ သွင်းကုန် / ထုတ်ကုန်ဌာနမှာ ခွင့်ပြုမိန့်လျင်မြန်စွာ ရရှိဖို့အတွက် လာဘ်ထိုးရမှုတွေ၊ တင်ဒါခေါ်ဆိုရာမှာ လာဘ်ယူပြီး ကြိုတင်သတင်းပေးမှုတွေ စတဲ့ မမှန်မကန် ဆောင်ရွက်မှုတွေကို ရှောင်လွဲလို့ မရခဲ့တာကို မစ္စတာလီကွမ်ယုက ၎င်းရဲ့ From Third World to First စာအုပ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးစ စင်ကာပူနိုင်ငံ ကောင်းစွာရှင်သန်ရပ်တည်နိုင်ဖို့နဲ့ နိုင်ငံကို စက်မှုနိုင်ငံအဖြစ် တည်ထောင်နိုင်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမြောက်အမြား ဆွဲဆောင်နိုင်ဖို့ လိုအပ်တာကို စင်ကာပူခေါင်းဆောင်တွေ နားလည်ခဲ့ပြီး ဒီလိုဆွဲဆောင်နိုင်ဖို့အတွက် ကောင်းမွန်တဲ့ အုပ်ချုပ်ရေး (good governance) သည်သာလျှင် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း သုံးသပ်ခဲ့ကြပါတယ်။ ဒါ့အပြင် ပြည်သူလူထုလိုလားတဲ့ ကောင်းမွန်၊ ရိုးသား၊ သန့်ရှင်းရုံသာမက ရလဒ်ကောင်းထွက်ပေါ်တဲ့ အစိုးရဖြစ်ဖို့ အရေးကြီးတာကို နားလည်ခဲ့ပါတယ်။

မစ္စတာလီကွမ်ယုအနေနဲ့ စင်ကာပူနိုင်ငံကို သန့်ရှင်းမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ လုံခြုံစိတ်ချရမှုတို့နဲ့ပတ်သက်ရင် အိမ်နီးချင်းနိုင်ငံများထက် သာလွန်ကောင်းမွန်တဲ့နိုင်ငံအဖြစ် ပုံဖော်လိုပြီး တရားဥပဒေစိုးမိုးမှု၊ ယုံကြည်စိတ်ချရမှုနဲ့ ပွင့်လင်းမြင်သာမှုတို့မှာလည်း ဖွံ့ဖြိုးတိုးတက်ပြီး ပထမကမ္ဘာ (First World) နိုင်ငံတွေရဲ့အဆင့်အတန်းနဲ့ အနေအထားကို ရရှိစေဖို့ မျှော်မှန်းလုပ်ဆောင်ခဲ့ပါတယ်။ ဒီမျှော်မှန်းချက်အတိုင်း လာဘ်ပေးလာဘ်ယူမှုကို ထိထိရောက်ရောက် တိုက်ဖျက်ခဲ့ပြီး ကမ္ဘာပေါ်မှာ အထိရောက်ဆုံးနဲ့ အပြည့်စုံဆုံးလို့ အသိအမှတ်ပြုကြတဲ့ အဂတိတိုက်ဖျက်ရေးစနစ်တစ်ခုကို စင်ကာပူနိုင်ငံမှာ စတင်အကောင်အထည်ဖော်ခဲ့တာကို တွေ့ရပါတယ်။

ကနဦးအနေနဲ့ ကိုလိုနီအစိုးရလက်ထက်က တည်ထောင်ခဲ့တဲ့ စင်ကာပူနိုင်ငံရဲ့ အကျင့်ပျက်မှု အလေ့အထများ စုံစမ်းစစ်ဆေးရေးဌာန (Corrupt Practices Investigation Bureau - CPIB) ရဲ့ လုပ်ပိုင်ခွင့် အာဏာတွေကို တိုးမြှင့်ခဲ့ပါတယ်။ ခေတ်နဲ့မလျော်ညီတဲ့ ၁၉၃၇ ခုနှစ် ဥပဒေကို ပြင်ဆင်ပြီး ၁၉၆၀ ပြည့်နှစ်မှာ အဂတိလိုက်စားမှု ကြိုတင်ကာကွယ်ရေးဥပဒေ (Prevention of Corruption Act - POCA) ကို ပြဋ္ဌာန်းခဲ့ပါတယ်။ ဒါ့အပြင် အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ချက်တွေဟာ အဂတိလိုက်စားမှုနဲ့ အကျုံးဝင်ကြောင်းကို ကျယ်ပြန့်နက်နဲစွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါတယ်။

ဥပမာအနေနဲ့ ဝန်ထမ်းတစ်ဦးဟာ ၎င်းရဲ့လစာဝင်ငွေထက် ပိုမိုသာလွန်စွာ နေထိုင်နိုင်ရင် (ဒါမှမဟုတ်) အကြောင်းအရာ ပြည့်စုံလုံလောက်စွာ မဖော်ပြနိုင်ဘဲ ပိုင်ဆိုင်မှု အမြောက်အမြား ပိုင်ဆိုင်နေရင် ၎င်းဝန်ထမ်းအနေနဲ့ လာဘ်ယူနေကြောင်း မစုံစမ်းမစစ်ဆေးခင်ကပင် သက်သေထင်ရှားတယ်လို့ ယူဆနိုင်တဲ့ အခွင့်အာဏာတွေကို CPIB နဲ့တရားရုံးတို့ကို အပ်နှင်းထားပါတယ်။ အစိုးရဝန်ထမ်းတွေအနေနဲ့ လက်ဆောင်ရရှိခဲ့ရင် နှောင်ကြိုးမဲ့ဖြစ်တာကို သက်သေပြရန် တာဝန်ရှိပြီး အခွင့်အရေးတစ်စုံတစ်ရာ ပြန်လည်ပေးအပ်ခြင်း မပြုစေဖို့ ဥပဒေအရတားမြစ်ထားကြောင်း Jonathan Tepperman က ၎င်းရဲ့စာအုပ်မှာ ရေးသားဖော်ပြထားပါတယ်။

စင်ကာပူအစိုးရအနေနဲ့ CPIB ကို ဥပဒေအရ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားပြီး ဘဏ်စာရင်းများ စစ်ဆေးခြင်း အပါအဝင် စုံစမ်းစစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သံသယရှိသူကို ဖမ်းဆီးခြင်း၊ သက်သေထွက်ဆိုစေခြင်းစတဲ့ အခွင့်အာဏာတွေကို အပ်နှင်းထားပါတယ်။ နိုင်ငံရေးသမားတွေ ဝင်ရောက်မစွက်ဖက်နိုင်စေဖို့အတွက် CPIB ကို ရှေ့နေချုပ်ရုံးရဲ့ ကြီးကြပ်မှုအောက်မှာ ယခင်ကထားရှိခဲ့ရာကနေ ၁၉၆၉ ခုနှစ်မှာ ဝန်ကြီးချုပ်ရုံးရဲ့လက်အောက်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ တစ်ဖန် CPIB အပေါ် ဝန်ကြီးချုပ်ရဲ့ အာဏာမလွှမ်းမိုးစေဖို့အတွက် ဝန်ကြီးချုပ်ရဲ့ ဆုံးဖြတ်ချက်အပေါ် တိုက်ရိုက်ရွေးကောက်တင်မြှောက်ခံရတဲ့ သမ္မတကပယ်ဖျက် (overrule) နိုင်ကြောင်း ဥပဒေအရ အခွင့်အာဏာအပ်နှင်းထားပါတယ်။

စင်ကာပူနိုင်ငံအနေနဲ့ "အဂတိလိုက်စားမှု တိုက်ဖျက်ရာမှာ လာဘ်ငွေအများအပြားယူသူ (big takers) ကို ဦးစားပေးဖော်ထုတ်ဖို့နဲ့ ထိပ်ပိုင်း (ခေါင်းဆောင်ပိုင်း) မှ စတင်တိုက်ဖျက်ရမယ်" ဆိုတဲ့ အယူအဆကို ကိုင်စွဲထားပြီး ခေါင်းဆောင်တွေအနေနဲ့ အဂတိလိုက်စားမှု အပြည့်အဝကင်းစင်ဖို့နဲ့ အဂတိမလိုက်စားသူတွေကိုသာ အရေးပါတဲ့ နေရာတွေမှာ ခန့်အပ်ကြောင်း မှတ်သားရပါတယ်။ အထူးသဖြင့် အုပ်ချုပ်သူပုဂ္ဂိုလ်တွေအနေနဲ့ ၎င်းတို့ရဲ့ အစိုးရရာထူးအာဏာအပေါ် အခွင့်ကောင်းယူပြီး မိမိကိုယ်ကျိုးစီးပွားရှာဖွေခြင်းမပြုစေဖို့ ထိန်းကျောင်းပါတယ်။

စင်ကာပူအစိုးရအနေနဲ့ အဂတိတိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီး ဘယ်လိုလုပ်ဆောင်မှုတွေဟာ အဂတိလိုက်စားတဲ့၊ မှားယွင်းတဲ့လုပ်ဆောင်မှု ဖြစ်တယ်ဆိုတာကို အသေးစိတ်သိရှိနားလည်စေဖို့အတွက် toolkit for detecting wrongdoing ကိုလည်း ပြုစုထားကြောင်း သိရပါတယ်။ ဥပမာ - ရဲအရာရှိတွေရဲ့ အလုပ်ကြ တာဝန်ထမ်းဆောင်မှု အစနဲ့အဆုံးမှာ ၎င်းတို့ရဲ့ အိတ်ကပ်ထဲရှိ ငွေပမာဏကို သတင်းပို့ရခြင်း၊ အစိုးရဝန်ထမ်းတွေ လောင်းကစားရုံသွားရောက်မှုကို သတင်းပို့ရခြင်း၊ လာဘ်ပေးလာဘ်ယူမှုအပေါ် သံသယရှိပါက CPIB website နှင့် CPIB ရဲ့ (၂၄) နာရီတယ်လီဖုန်းလိုင်း (hotline) တွေထံ အခမဲ့လွယ်လွယ်ကူကူ သတင်းပေးပို့နိုင်ဖို့ စီစဉ်ထားပေးပါတယ်။ ဒါပေမယ့် CPIB ကိုမမှန်သတင်းပေးခြင်းဟာ ပြစ်မှုမြောက်ပြီး ထောင်ဒဏ်နဲ့ ငွေဒဏ်ထိရောက်စွာ ချမှတ်ပါတယ်။

ဒါ့အပြင် လာဘ်ယူကြောင်း ပြစ်မှုထင်ရှားပါက ရှည်လျားတဲ့ထောင်ဒဏ်နဲ့ ပမာဏများပြားတဲ့ ငွေဒဏ်တို့အပြင် လက်ခံရယူထားတဲ့ လာဘ်ငွေကို ပြန်လည်ပေးအပ်ရတဲ့စနစ် ကျင့်သုံးပါတယ်။ ဥပမာအနေနဲ့ ပတ္တရောင်ရဲတစ်ဦးကို စင်ကာပူဒေါ်လာ (၄၀) လာဘ်ပေးတဲ့အတွက် လာဘ်ပေးသူကို စင်ကာပူဒေါ်လာ (၃၀၀၀) ဒဏ်ရိုက်ခြင်းစတဲ့ သေးငယ်တဲ့အမှုကစပြီး အလေးထား ကိုင်တွယ်ပါတယ်။

စင်ကာပူအစိုးရအနေနဲ့ အဂတိလိုက်စားသူတွေအပေါ် ထိထိရောက်ရောက် ကိုင်တွယ်နေသလို၊ အပြစ်ပေးတဲ့ နည်းလမ်းကို ရှောင်ရှားနိုင်ဖို့နဲ့ လမ်းမှားကိုမရောက်စေဖို့အတွက် ကြိုတင်ကာကွယ်ရေးနဲ့ ပညာပေးအစီအစဉ်တွေကို ငွေကြေးများစွာ အကုန်အကျခံပြီး အကောင်အထည် ဖော်နေပါတယ်။ မူလတန်း အဆင့်ကစပြီး ပညာပေးခြင်း၊ ရုပ်ရှင်ရုံတွေမှာ ပညာပေးစာတမ်းတွေ ထည့်သွင်းပြသခြင်း၊ အဂတိလိုက်စားမှု သတင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ကြေညာခြင်း၊ လာဘ်ငွေငြင်းဆန်တဲ့ အစိုးရဝန်ထမ်းတွေကို လူသိထင်ရှား ချီးကျူးဂုဏ်ပြုခြင်းနဲ့ ဆုငွေတွေ ချီးမြှင့်ခြင်း၊ အစိုးရဝန်ထမ်းတွေရဲ့လုပ်ခလစာကို ပုဂ္ဂလိကကဏ္ဍဝင်ငွေနဲ့ နှိုင်းယှဉ်ချိန်ဆပြီး တဖြည်းဖြည်းချင်း တိုးမြှင့်ပေးခြင်း၊ လုပ်ပိုင်ခွင့် နေရာကောင်းရရှိထားတဲ့ အစိုးရဝန်ထမ်းတွေ အဂတိလိုက်စားမှု မရှိစေဖို့အတွက် ရာထူးနေရာ ပုံမှန်လှည့်ပြောင်းပေးခြင်း၊ အခွန်အခတိမ်းရှောင်မှုတွေကို ထိရောက်စွာ ကိုင်တွယ်ခြင်း၊ မလိုအပ်တဲ့ အခွန်အခကောက်ခံခြင်းတွေကို ဖယ်ရှားပြီး ပြည်သူလူထုနဲ့ အစိုးရဝန်ထမ်းတွေအကြား ငွေကြေးနဲ့ ထိတွေ့ဆက်ဆံရခြင်းကို လျှော့နည်းစေခြင်းတွေကို ဆောင်ရွက်ပါတယ်။

စင်ကာပူအစိုးရအဖွဲ့ဝင် ဝန်ကြီးတွေအနေနဲ့ တစ်နှစ်လစာငွေ အမေရိကန်ဒေါ်လာ (၆၅၀,၀၀၀) ခန့် ရရှိပြီး ယေဘုယျအနေနဲ့ အဲ့ဒီလစာငွေဟာ အမေရိကန်သမ္မတရဲ့ တစ်နှစ်လစာငွေလို့သိရတဲ့ အမေရိကန်ဒေါ်လာ (၄၀၀,၀၀၀) ထက်ပင်များပြားတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် စီးပွားရေး ကျဆင်းမှုနဲ့ ပုဂ္ဂလိကကဏ္ဍရဲ့ ဝင်ငွေလျော့နည်းမှု အခြေအနေတွေကြောင့် ၁၉၉၇ ခုနှစ်မှာ စင်ကာပူဝန်ကြီးတွေနဲ့ အဆင့်မြင့်အရာရှိကြီးတွေရဲ့ လစာကို လျှော့ချခဲ့ဖူးပါတယ်။ ဒါ့အပြင် အစိုးရဝန်ထမ်းတွေအနေနဲ့ ကြီးမားတဲ့ရာထူးတာဝန် ထမ်းဆောင်ခွင့်ရပြီး လုပ်ပိုင်ခွင့် အာဏာရှိတာတွေ၊ နိုင်ငံ့အတွက် ပါဝင်ပံ့ပိုးဆောင်ရွက်နိုင်တာတွေဟာ ၎င်းတို့အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ဂုဏ်ယူဖွယ်ရာဖြစ်တာကြောင့် လုပ်ခလစာနဲ့ ပတ်သက်ရင် အနစ်နာခံဖို့လိုအပ်တာကို မမေ့လျော့ဖို့ ထောက်ပြလေ့ရှိပါတယ်။

စင်ကာပူနိုင်ငံရဲ့ အဂတိတိုက်ဖျက်ရေး အပါအဝင် ကောင်းမွန်တဲ့ အုပ်ချုပ်ရေးဆိုင်ရာ ကြိုးပမ်းမှုတွေကြောင့် ၂၀၁၅ ခုနှစ်မှာ ကမ္ဘာ့ဘဏ်က စင်ကာပူနိုင်ငံကို ကမ္ဘာပေါ်မှာ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ဖို့ အလွယ်ကူဆုံးနိုင်ငံအဖြစ် သတ်မှတ်ခဲ့ပါတယ်။ အခုဆိုရင် စင်ကာပူနိုင်ငံဟာ ကမ္ဘာ့အကြွယ်ဝဆုံးနိုင်ငံများ စာရင်းဝင်နိုင်ငံလည်း ဖြစ်နေပါပြီ။

ဒါပေမယ့် အဂတိတိုက်ဖျက်ရေးအတွက် တာဝန်ပေးအပ်ထားတဲ့ CPIB ရဲ့တာဝန်ရှိသူအချို့ရဲ့ လုပ်ပိုင်ခွင့် အာဏာအပေါ် အလွဲသုံးစားလုပ်ခဲ့တဲ့ဖြစ်စဉ်တွေ ပေါ်ပေါက်ခဲ့ဖူးတဲ့အတွက် "အဂတိတိုက်ဖျက်ရေးအဖွဲ့အစည်းတွေ အကျင့်ပျက်ခြစားပါက မည်သူကစောင့်ကြည့်အပြစ်ပေးမည်နည်း" ဆိုတဲ့ မေးခွန်းဟာလည်း သတိပြုစရာ ဖြစ်ပါတယ်။ ဒါ့အပြင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု အလွန်နည်းပါးတဲ့ နိုင်ငံတွေမှာပင် အဆင့်မြင့်စားသောက်ဆိုင်တွေမှာ ညစာနဲ့ ဖိတ်ကြားဧည့်ခံခြင်း၊ လက်မှတ်ခဈေးကြီးတဲ့ အားကစားပွဲ၊ ဖျော်ဖြေရေးပွဲတွေကို မေတ္တာဖြင့်ဖိတ်ကြားခြင်း၊ ဝန်ဆောင်မှုလုပ်ငန်း (ဥပမာ - spa/ vacation package) တွေနဲ့ ပံ့ပိုးခြင်းတွေကို ကြပ်မတ်ဖို့ ခက်ခဲတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေရကြောင်း သိရပါတယ်။

စင်ကာပူရဲ့ အဂတိတိုက်ဖျက်ရေး နည်းလမ်းတွေနဲ့ အောင်မြင်မှုတွေကို ကမ္ဘာ့နိုင်ငံတွေက အတုယူလေ့လာလျက်ရှိပါတယ်။ **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ အစိုးရဝန်ထမ်းတွေကို ကောင်းမွန်လုံလောက်တဲ့ လုပ်ခလစာပေးခြင်း၊ အိုးအိမ်နေအိမ်တွေ အရစ်ကျစနစ်နဲ့ ပိုင်ဆိုင်ခွင့်ရရှိစေပြီး ၎င်းတို့ရဲ့နောင်ရေး စိတ်အေးစေခြင်း၊ အစိုးရဌာနတွေရဲ့ အဂတိလိုက်စားမှုဟာ လူမှုအသိုက်အဝန်းအတွက် ခြိမ်းခြောက်မှုဖြစ်တာကို အားလုံး ယုံကြည်လက်ခံလာဖို့ ဆောင်ရွက်ခြင်း၊ အခွန်အကောက်ရငွေ တစ်ဒေါ်လာကိုပင် အလဟဿမဖြစ်စေဘဲ အောက်ခြေအထိရောက်ရှိ အကျိုးဖြစ်ထွန်းစေဖို့ အလေးထားဆောင်ရွက်ခြင်း၊ လူမှန်နေရာမှန် ခန့်အပ်တာဝန်ပေးခြင်းနဲ့ အဂတိတိုက်ဖျက်ရေး ကြိုးပမ်းမှုတွေအပေါ် အားပေးထောက်ပံ့ခြင်းတွေဟာ အရေးပါတဲ့လုပ်ဆောင်မှုတွေဖြစ်ကြောင်း သုံးသပ်ထားကြပါတယ်။**

စင်ကာပူလို သေးငယ်တဲ့ နိုင်ငံငယ်တွေမှာ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်တာတွေကို ကြီးမားကျယ်ပြန့်ပြီး လူဦးရေများပြားတဲ့ ဖက်ဒရယ်ပြည်ထောင်စုတွေမှာ လုပ်ဆောင်နိုင်ဖွယ် ရှိ၊ မရှိကိုတော့ ဆန်းစစ်လေ့လာဖို့ သင့်လျော်ပါတယ်။

အဂတိလိုက်စားမှု နည်းပါးတဲ့နိုင်ငံ ဖြစ်လာဖို့ မြန်မာနိုင်ငံရဲ့ ကြိုးပမ်းမှုတွေ ထိရောက်အောင်မြင်စေဖို့နဲ့ အဂတိလိုက်စားမှုရဲ့ နောက်ဆက်တွဲပြဿနာတွေ မကြုံတွေ့စေဖို့အတွက် စင်ကာပူနိုင်ငံရဲ့အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုအချို့ကို တွေးဆနိုင်စေဖို့ အပြုသဘောလေ့လာသုံးသပ်တင်ပြအပ်ပါတယ်။

**ကိုးကား။**

(1) The Fix: How Nations Survive and Thrive in a World in Decline by Jonathan Tepperman (Tim Duggan Books, 2016)

(2) From Third World to First: Memoires of Lee Kuan Yew (Times, 2000)

# အမိုးကြီးအဆင့်မြင့်တစ်ထပ်ဈေး ဆိုင်ခန်းများ ပိုင်ဆိုင်ခွင့်ရတော့မည်



**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်ရှိ အမိုးကြီးအဆင့်မြင့် တစ်ထပ်ဈေးသစ်တွင် လမ်းဘေး ပျံကျဈေးသည်များအား အရစ်ကျငွေပေးသွင်းစနစ်ဖြင့် ဆိုင်ခန်းများ ရောင်းချထားရာ ယခုလ ငွေပေးသွင်းပြီးလျှင် လျာထားချက်ငွေပြည့်မီပြီးဖြစ်၍ ဈေးဆိုင်ခန်းများ ပိုင်ဆိုင်ခွင့်ရရှိတော့မည်ဟု မတ် ၂၉ ရက်က ဈေးသည်များထံမှ သိရသည်။

အဆိုပါ အမိုးကြီးအဆင့်မြင့် ဈေးသစ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက မြေအကျယ်ဧရိယာပေ ၅၅၀×၄၀၀ ပေါ်တွင် ဈေးရုံလေးရုံဖြင့် ဆိုင်ခန်းပေါင်း ၂၈၈ ခန်း တည်ဆောက်ကာ ၎င်း၏ရှေ့တွင် ပျံကျဈေးကွက်ပါ စီစဉ်ဆောင်ရွက်ထားခဲ့သည်။

အဆိုပါ ဈေးသစ်တည်ဆောက်အကောင်အထည်ဖော်ရခြင်း ရည်ရွယ်ချက်မှာ အမှတ် (၉)ရပ်ကွက် စိန်စီဂုဏ်ရောင်လမ်းမပေါ်၌ အမိုးကြီးပျံကျဈေးအမည်တွင်လျက်ရှိသော လမ်းဘေး ပျံကျဈေးသည်များကို စည်းကမ်းရှိစွာ အတည်တကျ ဈေးရောင်းချနိုင်ရေးအတွက် တည်ဆောက်ပေးခြင်းဖြစ်သည်ဟု သိရသည်။

အမိုးကြီး အဆင့်မြင့်ဈေးသစ်တွင် ဆိုင်ခန်းရရှိထားသော ပျံကျဈေးသည်များ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဈေးများဌာနက တစ်လလျှင် ငွေကျပ် ၄၆၈၀၀ နှုန်းဖြင့် အရစ်ကျ ၁၀ လ ပေးသွင်းရမည်ဟု သတ်မှတ်ပေးထားကြောင်း သိရသည်။

"လစဉ် ပေးသွင်းရတဲ့ဖြတ်ပိုင်းပြေစာမှာတော့ ငွေကျပ် ၄၆၈၀၀ လို့ရေးထားတယ်။ ဒါပေမယ့် ကျွန်မတို့ ဈေးတာဝန်ခံရုံးကို အမှန်တကယ် ပေးသွင်းရတာ ငွေကျပ် ၄၈၀၀၀"ဟု ကုန်ခြောက်ရောင်းချသူဈေးသည် တစ်ဦးကပြောသည်။

ပေးသွင်းငွေ ပိုပေးရမှုနှင့်ပတ်သက်၍ ဈေးတာဝန်ခံရုံးမှ ဦးပြည့်ဖြိုးမင်းကို မေးမြန်းကြည့်ရာ ၎င်းငွေကို ဘဏ်၌ငွေအပ်နှံရာတွင် ဝန်ဆောင်စရိတ်နှင့် ခရီးစရိတ်များတွင် အသုံးပြုကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

# လူမှုဖူလုံရေး အကျိုးခံစားခွင့်များထုတ်ပေး

**နေပြည်တော် မတ် ၃၁**

လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားပြီး လုပ်ငန်းခွင်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရ/သေဆုံးသည့် အလုပ်သမားများအတွက် အကျိုးခံစားခွင့်များကို အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ မတ် ၂၉ ရက်က ထုတ်ပေးခဲ့ကြောင်း သိရသည်။

နေပြည်တော်ရှိ လူမှုဖူလုံရေးရုံးချုပ်တွင် ကျင်းပခဲ့သည့် အကျိုးခံစားခွင့်များထုတ်ပေးသည့်အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက မြန်မာနိုင်ငံ၌ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးအက်ဥပဒေကို ၁၉၅၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ကြောင်း၊ ၅၈ နှစ်ကြာပြီးနောက်တွင် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ကြောင်း၊ ယနေ့အထိ အာမခံအလုပ်သမား တစ်သန်းခန့်ရှိနေပြီး ဥပဒေသစ် အကောင်အထည်ဖော်သည့် သုံးနှစ်တာကာလအတွင်း အလုပ်သမား သုံးသိန်းကျော်ကို မှတ်ပုံတင်ပေးနိုင်ခဲ့ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် လူမှုဖူလုံရေးဥပဒေနှင့်အညီ ပျဉ်းမနားမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော သစ်ထုတ်လုပ်ရေး(တောင်ပိုင်းဒေသ)ဌာနမှ အာမခံအလုပ်သမား ဦးမောင်ချင်း၏ လုပ်ငန်းခွင်အတွင်းသေဆုံးမှုအတွက် နာရေးစရိတ်ကျပ် ၄၇၆၈၅၀ နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ကျပ် ၄၉၅၀၀၀၀ စုစုပေါင်း ကျပ် ၅၄ သိန်းကျော်၊ Max Myanmar ကုမ္ပဏီလီမိတက်မှ အာမခံအလုပ်သမား ဦးကျော်မင်း၏ ကျောက်ကပ်ဆေးခြင်းအတွက် ဆေးဖိုးကုန်ကျငွေကျပ် ကျပ် ၁၅ သိန်းနီးပါးကို ခေတ္တညွှန်ကြားရေးမှူးချုပ်က အကျိုးခံစားခွင့်ရှိသူ မိသားစုများထံသို့ ပေးအပ်ခဲ့သည်။

လူမှုဖူလုံရေးဥပဒေအသစ်အရ အာမခံစနစ်သုံးမျိုးမှ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ အလုပ်တွင်ထိခိုက်မှုနှင့် ဆေးဖိုးပြန်အမ်းငွေများအဖြစ် ဆေးကုသမှုနှင့် ငွေကြေးအကျိုးခံစားခွင့် ၁၅ မျိုးအတွက် ဥပဒေနှင့်အညီခွင့်ပြုခဲ့သည့် အကျိုးခံစားခွင့်အမှုတွဲပေါင်းမှာ ၃၅ လတာ ကာလအတွင်း ၃၄၁၆၅၉ မှုရှိပြီး ကျပ် ၁၁၇၉၄ ဒသမ ၈၇၅ သန်းကို ခွင့်ပြုထုတ်ပေးပြီးဖြစ်ကြောင်း၊ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အလုပ်သမားများအတွက် ထုတ်ပေးမှုမှာ စုစုပေါင်း ၂၀၂ ဦးအတွက် နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ကျပ် ၇၂၁ ဒသမ ၄၀၈ သန်း ရှိပြီဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# မီးဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်

**နေပြည်တော် မတ် ၃၁**

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးဘေးကြုံတွေ့လာသည့်အခါ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ ဇာတ်တိုက်လေ့ကျင့်ခြင်းကိုနေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိ စမတောင်တော် မဟာပရဟိတ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ်၌ မတ်လ ၂၉ ရက်က ပြုလုပ်ခဲ့သည်။



မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ရာတွင် သာဝတ္ထိဒေသအရန်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူး ဦးစန်းဆောင်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုကို လက်တွေ့လေ့ကျင့်ပြီး နေပြည်တော်သူနာပြုတပ်ဖွဲ့မှူး ဦးတင်ငွေနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း မီးလောင်မှုတွင် ဒဏ်ရာရသူများအားပြုစုခြင်းနှင့် သယ်ဆောင်ခြင်းများကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။

လေ့ကျင့်မှုကို နေပြည်တော် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်၊ စမတောင်တော် မဟာပရဟိတ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည်၊ လူငယ်ဖွံ့ဖြိုးရေးဥယျာဉ် ဂေဟာမှူး ဦးနိုင်အောင်ချစ်နှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**ဟိန်းအောင်(နေပြည်တော်)**

# ရေကြီး၍ သီးနှံပျက်စီးမှုများအတွက် ထောက်ပံ့ငွေပေးအပ်

**ခင်ဦး မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ကဘွတ်ကျေးရွာအုပ်စုနှင့် ကုတ္တက်ကျေးရွာအုပ်စုတို့တွင် ၂၀၁၆ ခုနှစ်အတွင်းက ရေကြီးရေလျှံမှုကြောင့် သီးနှံများ နစ်မြုပ်ပျက်စီးသွားသော စိုက်ဧက ၅၀ အတွက် တောင်သူများအား ပြည်ထောင်စုအစိုးရအဖွဲ့ သီးသန့်ရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ခင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၃၀ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းအောင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးအောင်က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ထောက်ပံ့ငွေများကို တောင်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် စပါးပျိုးခင်း ခြောက်ဧက အတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်း၊ စပါးကြဲခင်း လေးဧက အတွက် တစ်ဧကလျှင် ကျပ်တစ်သောင်းနှုန်း၊ ပဲတီစိမ်း ၂၅ ဧက အတွက် တစ်ဧကလျှင် ကျပ်ငါးထောင်နှုန်း၊ မြေပဲ ခြောက်ဧကအတွက် တစ်ဧကလျှင် ကျပ်သုံးသောင်းနှုန်း၊ ဖူးစားပြောင်း ကိုးဧကအတွက် တစ်ဧကလျှင် ကျပ်ငါးထောင်နှုန်းဖြင့် စုစုပေါင်း ဧက ၅၀ အတွက် ကျပ် ၉၉၀၀၀ ကို တောင်သူ ၃၇ ဦးထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ပြည် မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ၂၀၁၇ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် မိန့်ခွန်းကို ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးမိုးက ဖတ်ကြားသည်။ ထို့နောက် တီဘီရောဂါအကြောင်း သိကောင်းစရာနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး(စီမံဘဏ္ဍာ/တီဘီ)ဒေါက်တာထွန်းဦးက တီဘီရောဂါရှာဖွေရေးနှင့် ကုသရေးတွင် အကောင်းဆုံးဆောင်ရွက်နိုင်မှုအတွက် ဆုများကို ဆုရရှိသူများအား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# စက်ရေတွင်းနှင့်ရေကန် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မကွေး မတ် ၃၁**

မကွေးမြို့နယ် ရွာဟောင်းကန်ကျေးရွာတွင် MPT-KSGM Joint Operations ၏ သန့်ရှင်းပြည့်ဖြိုးရေအကျိုး အစီအစဉ်အရ တူးဖော်ပေးခဲ့သည့် တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ထွက်ရှိသော စက်ရေတွင်းသစ်ကို ကျေးရွာနေပြည်သူများထံ လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၉ ရက်က ကျင်းပခဲ့သည်။

စက်ရေတွင်းလွှဲပြောင်းအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလုထွန်းက အမှာစကားပြောကြားပြီး MPT-KSGM Joint Operations ၏ အမှုဆောင်အရာရှိချုပ် Mr.Amamiya က နှုတ်ခွန်းဆက်စကားပြောကြား သည်။ ထို့နောက် BAJ မှ Ms.Mori က စက်ရေတွင်း လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး MPT-KSGM JO မှ ဦးမိုးသူရက ရေရှားပါးသည်နေရာများသို့ စက်ရေတွင်းများ တူးဖော်ပေးခြင်းနှင့် သောက်သုံးရေများ လှူဒါန်းမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ရွာဟောင်းကန်ကျေးရွာနေ အိမ်ထောင်စု ၃၀၁ စုမှ လူဦးရေ ၁၆၀၀ ကျော်အတွက် တူးဖော်ပေးခဲ့သည့် စက်ရေတွင်းသစ်သည် အနက် ပေ ၆၀၀ ကျော်ရှိပြီး ကျပ်သိန်း ၂၄၀ ခန့် အကုန်ကျခံ၍ တူးဖော်ပေးခဲ့ကြောင်း၊ စက်ရေတွင်းသစ်သည် တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ထွက်ရှိပြီး စက်ရေတွင်းနှင့်အတူ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ကိုလည်း ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ညီညီမောင် (မကွေး)**




## သတင်းတိုများ

### လူထုအခြေပြုရှေးဦးပြုစုခြင်း(ဆင့်ပွား) သင်တန်းဖွင့်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကြက်ခြေနီအသင်းက ဦးစီး၍ လူထုအခြေပြု ရှေးဦးပြုစုခြင်း(ဆင့်ပွား)သင်တန်းကို မတ် ၂၈ ရက်က မိုးညှင်းမြို့ မြို့မရပ်ကွက်ရှိ နတ်ကြီးကုန်း(ရှမ်း)အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ် ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီနှင့် လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးစိုင်းသောင်းက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဂုဏ်ထူးဆောင်နာယက ဦးမြင့်သိန်းက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များနှင့် သင်တန်းစည်းကမ်းများကို ပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြကာ သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းနည်းပြများအဖြစ် ခရိုင်ကြက်ခြေနီအသင်း ဒုတိယတန်းဦးစီးမှူး ဦးမြင့်ဦးငယ်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ၄က်ဖျားအင်စပက်တော်ဦးကြည်ဝင်းနှင့် အဆုတ်ရောဂါတိုက်ဖျက်ရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်သန်းတို့က ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝ၆၇)

### ကျောက်မဲမြို့တွင် ပါဠိပထမပြန် စာမေးပွဲကျင်းပ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သော ၂၀၁၇ ခုနှစ် ပါဠိပထမပြန် စာမေးပွဲ(အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်း၊ မူလတန်း)ကို ကျောက်မဲမြို့ အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ မတ် ၂၉ ရက်မှ စတင်စစ်ဆေးခဲ့သည်။ ပထမနေ့စာမေးပွဲတွင် မြို့ပေါ်ပရိယတ္တိစာသင်တိုက်မှ ရဟန်းသာမဏေ ၈၁ ပါးက ဘိက္ခုပါတိမောက် ဘာသာရပ်နှင့် ဒွေမာတိကာ ဘာသာရပ်တို့ကို ဖြေဆိုခဲ့ကြကြောင်း၊ စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်နေ့ထိ စစ်ဆေးကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ထိပ်တန်းအသင်းတွေအိမ်ကွင်းမှာ ခြေကုန်ဖွင့်ရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၀)

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဧပြီ ၁ ရက်နဲ့ ၂ ရက်တွေမှာတော့ ပရီမီယာလိဂ်ပွဲစဉ် (၃၀)ကို ကစားဖို့ ရှိနေပါတယ်။ ဥရောပ ပွဲစဉ်တွေနဲ့ ၂၀၁၈ ကမ္ဘာ့ဖလား ခြေစစ်ပွဲတွေကြောင့် ရပ်နားထားခဲ့ရတဲ့ ဥရောပ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေ ပြန်လည်စတင်တာဖြစ်ပါတယ်။ ဒီတစ်ပတ်ရဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေထဲမှာ အသင်းကြီးတွေဖြစ်တဲ့ ချယ်လ်ဆီး၊ မန်ယူ၊ လီဗာပူးတို့ အိမ်ကွင်းမှာ ကစားကြရမှာဖြစ်လို့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရမယ့်အနေအထားရှိနေပါတယ်။




### လီဗာပူးနှင့် အဲဗာတန်

မန်စီးတီးကို တစ်ဂိုးစီသရေကစားခဲ့တဲ့ လီဗာပူးတို့က အိမ်ကွင်းမှာ ကစားရပေမယ့် ခြေတက်နေတဲ့ အဲဗာတန်ကြောင့် အခက်တွေ့နိုင်ပါတယ်။ အဲဗာတန်ဟာ အခုတလော ဝက်စ်ဘရွန်းကို သုံးဂိုးပြတ်နိုင်ပြီး ဟားလ်စီးတီးကို လေးဂိုးပြတ် ဆက်တိုက်အနိုင်ယူခဲ့တာမို့ အခုပွဲမှာ လီဗာပူးတို့ သေသေချာချာပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ လီဗာပူးရဲ့နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကို ကြည့်ရင် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေ ထွက်ရှိထားသလို အဲဗာတန်တို့ကလည်း သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်တွေရရှိထားပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ လီဗာပူးတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာမို့ ဒီပွဲမှာ လီဗာပူးတို့ နိုင်ခဲ့ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

### မန်ယူနှင့် ဝက်စ်ဘရွန်း

နိုင်ပွဲတွေ ပြန်ရယူနိုင်နေတဲ့ မန်ယူဟာ ခြေစွာနေတဲ့ ဝက်စ်ဘရွန်းကို အိမ်ကွင်းဆိုပေမယ့် ခက်ခက်ခဲခဲရင်ဆိုင်ရပါလိမ့်မယ်။ မန်ယူဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေးအတွက် အာရုံစိုက်နေတာမို့ ဒီပွဲကို အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ အသင်းလိုက်ကစားအားကောင်းလာတဲ့ မန်ယူဟာ တိုက်စစ်အား ထက်မြက်မှုလိုအပ်ချက်ရှိနေဆဲဖြစ်တာမို့ နည်းပြမော်ရင်ဟိုရဲ့အခင်းအကျင်းက အရေးပါနေပါတယ်။ ဝက်စ်ဘရွန်းတို့က အာဆင်နယ်လိုအသင်းကိုတောင် သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရအောင် ကြိုးစားနိုင်ခဲ့တာမို့ မန်ယူတို့ ပွဲကျပ်ဖြစ်သွားနိုင်ပါတယ်။

### လက်စတာနှင့် စတုတ်

အခုတလောနိုင်ပွဲတွေ ဆက်တိုက်ရယူနိုင်နေတဲ့ လက်စတာဟာ မနှစ်ကလို ခြေစွမ်းပြန်ရအောင် အားထုတ်နိုင်နေပါတယ်။ လက်စတာအသင်းမှာ အားထားရတဲ့ တိုက်စစ်မှူး ဗာဒီနဲ့ မာရက်ဇ်တို့လည်း ခြေစွမ်းပြန်ပြနိုင်နေတာမို့ ရလဒ်တွေကောင်းနေပါတယ်။ စတုတ်တို့ကတော့ ရှုံးပွဲတွေ သရေပွဲတွေနဲ့ ကြုံတွေ့နေရပြီး ခြေစွမ်းမတည်ငြိမ်ပါဘူး။ မန်စီးတီးလို အသင်းကို ဂိုးမရှိ သရေပွဲရအောင် ကစားနိုင်ခဲ့တဲ့ ခြေစွမ်းရှိရင် လက်စတာတို့လည်း မလွယ်ပါဘူး။ ဒါပေမယ့် ခြေစွမ်းကောင်းရရှိနေတဲ့ လက်စတာတို့ကိုပဲ ဒီပွဲမှာ ယုံကြည်မှုပေးရမှာပါ။

### ချယ်လ်ဆီးနှင့် ခရစ္စတယ်ပဲလေ့စ်

တန်းစီဇယားကို ဦးဆောင်နေတဲ့ ချယ်လ်ဆီးဟာ ပရီမီယာလိဂ်ဖလားရယူနိုင်ရေးအတွက် သေချာအောင် လိုအပ်တဲ့ အမှတ်တွေကိုကြည့်နေပြီဖြစ်ပါတယ်။ ချယ်လ်ဆီးရဲ့ခြေစွမ်းက ကောင်းမွန်တည်ငြိမ်နေပြီး နိုင်ပွဲတွေချည်း ဆက်တိုက်ရယူနေပါတယ်။ တိုက်စစ်ရော၊ ခံစစ်ပါအားကောင်းနေတဲ့ ချယ်လ်ဆီးကို ခရစ္စတယ်ပဲလေ့စ်တို့ သိပ်တော့မလွယ်ပါဘူး။ ဝက်ဖို့ဒ်၊ ဝက်စ်ဘရွန်းနဲ့ မစ်ဒယ်ဘရော့အသင်းတွေကို နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ ခရစ္စတယ်ပဲလေ့စ်တို့ ခြေစွမ်းကလည်း ကောင်းမွန်နေတာမို့ ဒီပွဲမှာ အနိုင်ဆိုပေမယ့် ချယ်လ်ဆီးတို့ ဂိုးမပြတ်နိုင်ပါဘူး။

### ဟားလ်စီးတီးနှင့် ဝက်စ်ဟမ်း

ဒီနှစ်သင်းနောက်ဆုံး တွေ့ဆုံခဲ့တဲ့ပွဲမှာ ဝက်စ်ဟမ်းတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲ၊ ရယူထားပါတယ်။ ဟားလ်စီးတီးရဲ့ လက်ရှိခြေစွမ်းကလည်း အားရစရာမရှိပါဘူး။ ဝက်စ်ဟမ်းတို့ကလည်း အခုတလောရှုံးပွဲတွေ ဆက်နေတာမို့ ဒီပွဲမှာ မျှော်လင့်ချက်ထားလို့တော့မရပါဘူး။ အိမ်ကွင်းအားကိုးနဲ့ အမှတ်လိုအပ်နေတဲ့ ဟားလ်စီးတီးတို့ ဒီပွဲမှာ တစ်မှတ်တော့ရရှိနိုင်ပါတယ်။

### ဘန်လေနှင့်စပါး

စတုတ်၊ အဲဗာတန်၊ မီဝေါလ်နဲ့ ဆောက်သမ်တန်အသင်းတွေကို နိုင်ပွဲဆက်တိုက်ရယူထားတဲ့ စပါးတို့က တိုက်စစ်မှူးတွေရဲ့ဂိုးသွင်းစွမ်းရည်လည်း ကောင်းမွန်နေပါတယ်။ လေးပွဲမှာ ၁၅ ဂိုးသွင်းယူထားနိုင်တဲ့ စပါးတိုက်စစ်ကို ဘန်လေခံစစ်မှူးတွေ ဟန့်တားဖို့မလွယ်ပါဘူး။ ဘန်လေတို့က ခြေစွမ်းကျဆင်းနေပြီး နိုင်ပွဲနဲ့ ဝေးကွာနေတာမို့ အခုပွဲမှာ အဝေးကွင်းဆိုပေမယ့် စပါးတို့ပဲ နိုင်ပွဲရသွားနိုင်ပါတယ်။

### ဝက်ဖို့ဒ်နှင့် ဆန်းဒါးလန်း

ရှုံးပွဲတွေဆက်နေတဲ့ ဝက်ဖို့ဒ်နဲ့ နိုင်ပွဲရှာမတွေ့သေးတဲ့ ဆန်းဒါးလန်းတို့ကတော့ အမှတ်ရရှိရေး အပြိုင်ရုန်းကန်ကြမှာဖြစ်ပါတယ်။ ပထမအကျော့တွေ့ဆုံတဲ့ပွဲမှာ ဆန်းဒါးလန်းတို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာတော့ ဝက်ဖို့ဒ်တို့ ရှုံးကြွေးပြန်ဆပ်ဖို့ ကြိုးစားပါလိမ့်မယ်။ နှစ်သင်းစလုံး ခြေပျက်နေတာမို့ ဒီပွဲဟာသရေပွဲဖြစ်သွားဖို့ များနေပါတယ်။

### ဆောက်သမ်တန်နှင့် ဘုန်းမောက်

ခြေစွမ်းအတက်အကျရှိနေတဲ့ ဆောက်သမ်တန်တို့က အခုပွဲက အိမ်ကွင်းဖြစ်တာမို့ အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ဘုန်းမောက်တို့က ဆွမ်ဆီးရော ဝက်စ်ဟမ်းတို့ကိုပါ အနိုင်ယူထားတာမို့ စိတ်ဓာတ်တက်ကြွနေပါတယ်။ အခုတလော အိမ်ကွင်းမှာလည်း ရှုံးပွဲကြုံနေတဲ့ ဆောက်သမ်တန် ဒီပွဲမှာ တစ်မှတ်ရရင် ကံကောင်းတယ်လို့ မှတ်ယူရမှာပါ။ ။

မိုးမြင့်လင်းလက်



## ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ဘရာဇီးနဲ့အတူ အောင်ပွဲခံခဲ့တဲ့ နေမာ

ဘရာဇီးအသင်းဟာ ရုရှားနိုင်ငံမှာ ကျင်းပမယ့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ပါရာဂွေးအသင်းနဲ့ ကစားခဲ့ရာမှာ သုံးဂိုးပြတ်နဲ့နိုင်ပြီး ခြေစစ်ပွဲအောင်အသင်း ဖြစ်သွားခဲ့ပါပြီ။ ဘာစီလိုနာ တိုက်စစ်မှူးနေမာဟာ ဘရာဇီးအသင်းရဲ့ အောင်မြင်မှုအထိမ်းအမှတ် ညစာစားပွဲတစ်ခုမှာ သူ့ရဲ့ချစ်သူ ဘရူနားမာကွီဇင်နဲ့အတူ ကခုန်ပျော်မြူးပြီး အောင်ပွဲခံပါတယ်။ ဘရူနားဟာ ဘရာဇီးနိုင်ငံရဲ့ သရုပ်ဆောင်နဲ့ မော်ဒယ်တစ်ဦးဖြစ်ပါတယ်။ တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ နေမာ ပယ်နယ်တီလွဲချော်ခဲ့သော်လည်း အနိုင်ဂိုး နှစ်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါတယ်။

ဘရာဇီးအသင်းရဲ့ ဒီကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်မှုဟာ ရှစ်နှစ်ဆက်တိုက်ဖြစ်ပါတယ်။ ဘရာဇီးအသင်းဟာ ၂၀၁၈ ခုနှစ်မှာ ရုရှားနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားဘောလုံးပွဲမှာ ပထမဆုံးခြေစစ်ပွဲအောင်တဲ့အသင်းဖြစ်ပါတယ်။ ကမ္ဘာ့ဖလားမှာ ဘရာဇီးအသင်းရဲ့ခြေစွမ်းကို ဘောလုံးပရိသတ်တွေ တွေ့မြင်ကြရဦးမှာ ဖြစ်ပါတယ်။

## မန်ယူကစားဖော်တွေကို နှုတ်ဆက်ဖို့တောင် အခွင့်အလမ်းမရှိခဲ့တဲ့ ရှဝိန်းစတိန်ဂါ

ချီကာဂို ဖိုင်းယားအသင်းသို့ ပြောင်းရွှေ့ပြီးနောက် ရှဝိန်းစတိန်ဂါက သူ့အနေနဲ့ မန်ယူကစားဖော်တွေကို နှုတ်ဆက်ဖို့ အခွင့်အလမ်းတောင် မရှိဘဲ ထွက်ခွာခဲ့ရတယ်လို့ ပြောဆိုလိုက်ပါတယ်။ ရှဝိန်းစတိန်ဂါဟာ သူ့ရဲ့အသင်းသစ် ချီကာဂိုဖိုင်းယားအသင်းနဲ့ မွန်ထရီရယ် အသင်းတို့ တွေ့မယ့်ပွဲမှာ စတင်ကစားရနိုင်ပါတယ်။ ကွင်းလယ်ကစားသမား ရှဝိန်းစတိန်ဂါဟာ မန်ယူမှာ ၁၈ လကြာကစားခဲ့ပြီးနောက် မေဂျာလိဂ်ကလပ် ချီကာဂိုဖိုင်းယားနဲ့ တစ်နှစ်စာချုပ်လိုက်ပါတယ်။ ပေါင် ၃ ဒသမ ၅ သန်းနဲ့ စာချုပ်ခဲ့တာဖြစ်ပါတယ်။ မန်ယူကစားသမားတွေနဲ့ နှုတ်ဆက်ပွဲ မလုပ်ရဘဲ ထွက်ခွာခဲ့ရတယ်လို့ ဂျာမန်ကွင်းလယ်ကစားသမားရှဝိန်းစတိန်ဂါက ဆိုပါတယ်။ ယခုအခါမှာတော့ ချီကာဂို ဖိုင်းယားကစားသမားသစ်တွေ စတင်လေ့ကျင့်မှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။ ရှဝိန်းစတိန်ဂါဟာ ဂျာမန်လက်ရွေးစင်အသင်းမှာ အောင်မြင်မှုတွေရခဲ့တဲ့ အကောင်းဆုံးကွင်းလယ် ကစားသမားတစ်ဦးဖြစ်ပါတယ်။ သို့ပေမယ့် နည်းပြ မော်ရင်ဟို လက်ထက်မှာတော့ ခြေစွမ်းပြကစားခွင့်တွေ ဆုံးရှုံးခဲ့ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## အာဆင်နယ်နဲ့ နှစ်နှစ်ထပ်မံစာချုပ်လိုတဲ့ နည်းပြဝင်းဂါး



အာဆင်နယ်အသင်းရဲ့ဝါရင့်နည်းပြကြီး အာစင်ဝင်းဂါးက သူ့အနေနဲ့ စာချုပ်သစ်ချုပ်ဆိုပြီး အနည်းဆုံး နှစ်နှစ်ကြာ အမ်းမရိတ်မှာ ဆက်လက်နည်းပြလုပ်လိုတယ်လို့ အာဆင်နယ် တာဝန်ရှိသူတွေကို ပြောဆိုလိုက်ပါတယ်။

ပြင်သစ်နိုင်ငံသား ဝင်းဂါးဟာ အာဆင်နယ်အသင်းရဲ့ ရလဒ်တွေ ဆိုးဆိုးရွားရွားဖြစ်ပေါ်ခဲ့ပြီးနောက် အသင်းမှ နုတ်ထွက်ဖို့ ဖိအားပေးမှုတွေရှိခဲ့ပါတယ်။ မြောက်လန်ဒန်ကလပ် အာဆင်နယ်က ဝင်းဂါးရဲ့ အနာဂတ်နဲ့ ပတ်သက်လို့ ပူးတွဲဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ဖို့ရှိနေပါတယ်။ ဝင်းဂါးအနေနဲ့ စာချုပ်သစ်ချုပ်ဖို့ ဆန္ဒပြင်းပြနေပါတယ်။ အသက် ၆၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အာစင်ဝင်းဂါးဟာ အာဆင်နယ်အသင်းနဲ့အတူ အောင်မြင်မှုတွေများစွာရယူပေးနိုင်ခဲ့တဲ့ နည်းပြဟောင်းတစ်ဦးဖြစ်ပါတယ်။ လက်ရှိ ပရီမီယာလိဂ်မှာလည်း သက်တမ်းအရှည်ဆုံး နည်းပြဖြစ်ပါတယ်။ သို့ပေမယ့် မကြာသေးမီက ရလဒ်တွေကြောင့် ဝင်းဂါးအနေနဲ့ ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

# သင်္ကြန်နီးလာ၍ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များ ရောင်းအားကောင်းလာ

**ရေး မတ် ၃၁**

အတာသင်္ကြန်ကာလ နီးကပ်လာသည်နှင့်အမျှ မွန်ပြည်နယ် ရေးမြို့နယ်ကုန်စည်ဈေးကွက်အတွင်း အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို ရောင်းအားပိုကောင်းလာကြောင်း၊ အဝတ်အထည်များတွင် ပြည်တွင်းထုတ်ကုန်ထက် ထိုင်းနိုင်ငံမှ ထုတ်လုပ်သော အဝတ်အထည်များက ပိုမိုအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ရေးမြို့ အခြေခံစားသောက်ကုန်ဈေးကွက်တွင် ဆန်တစ်ပြည်လျှင် အနိမ့်ဆုံး ကျပ် ၈၀၀ မှ အကောင်းဆုံး ကျပ် ၂၂၀၀ ခန့်အထိရှိကာ ကြက်သွန်နီ ဈေးမှာ ၁ ပိဿာလျှင် ကျပ် ၁၂၀၀ ခန့်၊ စားသုံးဆီ ဈေးမှာ အနိမ့်ဆုံး တစ်ပိဿာလျှင် ကျပ် ၂၃၀၀ မှ အကောင်းဆုံး ကျပ် ၆၀၀၀ အထိရှိနေပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။



ရေးမြို့မြသီတာဈေးအတွင်းရှိ အထည်ဆိုင်တစ်ဆိုင်တွင် ဈေးဝယ်နေသူများ

အဝတ်အထည်များ အပါအဝင် လူသုံးကုန် ပစ္စည်းများတွင် ပြည်တွင်း ထုတ်ကုန်များထက် ထိုင်းနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ထုတ်လုပ်သော လူသုံးကုန်ပစ္စည်းများက ယခုရက်ပိုင်းအတွင်း ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ဈေးကွက်အတွင်း ဝင်ရောက်မှု အများဆုံးမှာ ထိုင်းနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများဖြစ်ပြီး လူကြိုက်လည်းများ၍ ပြည်တွင်းထုတ်ထက်ရော တရုတ်နှင့် ကိုရီးယားနိုင်ငံထုတ်များထက်ပါ ပို၍ရောင်းအားကောင်းကြောင်း၊ အရောင်းအဝယ်ကောင်းသဖြင့် ယခုရက်များအတွင်း ထိုင်းနိုင်ငံထုတ် လူသုံးကုန်ပစ္စည်းများကို ရေးမြို့ဈေးကွက်သို့ ပိုမိုတင်သွင်းရောင်းချလျက်ရှိကြောင်း ရေးမြို့ မြသီတာဈေးရှိ လက်လီလက်ကား ရောင်းချနေသူများထံမှ သိရသည်။

**နေမျိုးထွန်း(ရေး)**

# မူခင်းကျဆင်းရေးအတွက် ပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ဟောပြော




**မိုးညှင်း မတ် ၃၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် ရဲတပ်ဖွဲ့၏ မှုခင်းကျဆင်းရေး ပညာပေးပြခန်းယာဉ်ဖြင့် မတ် ၂၉ ရက်က မိုးညှင်းမြို့အတွင်း လှည့်လည်၍ အသိပညာပေးဟောပြောမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းလှိုင်၏ ညွှန်ကြားမှုအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုင်းကျော်မျိုးနှင့် မိုးညှင်းမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဆန်းတို့က ကြီးကြပ်ကာ မိုးညှင်းမြို့၏ လူစည်ကားရာနေရာများဖြစ်သော စည်ပင်သာယာပန်းခြံ၊ မီးရထားဘူတာ၊ အဝေးပြေးကားဂိတ်နှင့် မြို့မဈေးတို့သို့ သွားရောက်ပြီး လူကုန်ကူးမှုအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ စသည်တို့ကို ပညာပေးဟောပြောကာ အသိပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၀၆၇)**

# မုန်တိုင်းဘေးကာကွယ်ရေးအတွက် ပုံစံတူ ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်

**ပခုက္ကူ မတ် ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ဦးဆောင်ပြီး ရေစကြိုမြို့နယ်မှ ဌာနဆိုင်ရာများ၊ ရေစကြို လူငယ်ကွန်ရက်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ မုန်တိုင်းကျရောက်ပါက ထိခိုက်ပျက်စီးမှု လျော့နည်းစေရေးအတွက် ပုံစံတူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ရေစကြိုမြို့နယ် ရွှေကျောင်းကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မတ် ၂၉ ရက်က ပြုလုပ်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် ရေစကြိုမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူငယ်ကွန်ရက်မှ ကိုဝေယံအောင်တို့က မုန်တိုင်းပုံစံ ဇာတ်တိုက်လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပခုက္ကူခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူးက မုန်တိုင်းပုံစံ ဇာတ်တိုက်လေ့ကျင့်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

ထို့နောက် တာဝန်ရှိသူများနှင့်အတူ ရွှေကျောင်းကျေးရွာနှင့် ပေါက်တောကျေးရွာတို့မှ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်၍ မုန်တိုင်းပုံစံတူ ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် အသိပေးခြင်း၊ တိမ်းရှောင်ခြင်း၊ ကူညီခြင်း၊ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ စိတ်ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများပေးခြင်း စသည်တို့ကို လက်တွေ့လေ့ကျင့်ပြုလုပ်ခဲ့ကြသည်။



**ကိုဇော်(ခတု)**

## ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ပေါက် မတ် ၃၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တံခွန်တိုးချဲ့ရပ်ကွက်တွင် ပြည်သူများ ဓာတ်အားသုံးစွဲမှု ပို၍အဆင်ပြေစေရန်အတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ပေ ၁၀၀၀ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၁၀၀၀ ကို တိုးချဲ့တည်ဆောက်ခဲ့ရာ မတ် ၃၀ ရက်တွင် လုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထရန်စဖော်မာသစ်နှင့် ဓာတ်အားလိုင်းများတိုးချဲ့ခြင်းကို တိုင်းဒေသကြီးရန်ပုံငွေဖြင့် ပေါက်မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးနန်းဦး၊ လိုင်းတာဝန်ခံ ဦးသိန်းဇော်ထွန်းတို့ ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မတ် ၂၀ ရက်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လုပ်ငန်းများပြီးစီးသဖြင့် ဓာတ်အားပျောက်ဆုံးမှုကို လျော့နည်းစေပြီး အောင်တံခွန်ရပ်ကွက်နေပြည်သူများအနေဖြင့်လည်း ဗို့အားပြည့်ဝစွာ မီးသုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# မြင်းခြံမြို့တွင် မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြင်းခြံ မတ် ၃၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်ပျော်ရွှင်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၉ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက ပွဲတော်ကို စည်ကားစွာ ကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ တည်ဆောက်ရေး၊ ရေရရှိရေး၊ လုံခြုံရေး၊ ယိမ်းအဖွဲ့များ ပါဝင်ကပြနိုင်ရေး၊ နှစ်ဆန်းတစ်ရက်နေ့တွင် ပရိတ်တရားတော်များရွတ်ဖတ်ခြင်း၊ သက်ကြီးရွယ်အိုများအား ဒါနကုသိုလ်များ ပြုလုပ်ပေးခြင်း စသည်တို့အတွက် ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ဗဟိုမဏ္ဍပ် ဆောက်လုပ်ခြင်းအတွက် စီစဉ်ထားရှိမှု၊ ရေရရှိရေး၊ အလှည့်ကျယိမ်းများ ကပြဖြေဖျော်ရေး စသည့်လုပ်ငန်းများအတွက် စီစဉ်ထားမှုများကို ရှင်းလင်းပြောကြားပြီး မြို့နယ် စည်ပင်သာယာရေးဦးစီးဌာန၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီ၊ မြို့နယ်သဘင်အဖွဲ့အစည်းနှင့် ဂီတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**



# ရေပြတ်လပ်သည့်ကျေးရွာများသို့ ရေလှူဒါန်းမည်

**နတ်မောက် မတ် ၃၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းမှ နွေရာသီ ရေလိုအပ်ချက်ရှိသည့် ကျေးရွာများသို့ သောက်သုံးရေများကို နတ်မောက်မြို့နယ် စိတ်ဓာတ်ဖြူစင် ကရုဏာရှင်များ လူမှုကူညီရေးအသင်းက ရေသယ်ယာဉ်ဖြင့် လိုက်လံပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သောက်သုံးရေလိုအပ်သည့် ကျေးရွာများအနေဖြင့် နတ်မောက်မြို့နယ် စိတ်ဓာတ်ဖြူစင်ကရုဏာရှင်များ လူမှုကူညီရေးအသင်း ဖုန်း-၀၆၃-၆၉၅၀၀ နှင့် ၀၉-၂၅၄၇၆၃၅၀၀၊ ၀၉-၇၇၆၆၆၉၅၀၀ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး အသင်းအနေဖြင့် အချိန်မရွေး လာရောက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# ဓာတ်အားလိုင်းတည်ဆောက်ရေးလုပ်ငန်းကြောင့် သီးနှံပျက်စီးသည့်တောင်သူများအား လျော်ကြေးငွေပေး

**ပင်လောင်း မတ် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်း ဘီလူးချောင်း(၂)-ရွှေမြို့၂၃၀ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရာတွင် တောင်သူငါးဦးစိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံပင်များနှင့် ရာသီနှစ်အလိုက်သီးနှံပင်များ ပျက်စီးသွားရသည့်အတွက် လျော်ကြေးငွေများကို မတ် ၂၉ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် လျော်ကြေးငွေပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက လျော်ကြေးငွေများပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအခြေအနေများကို ပြောကြားပြီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန စီမံကိန်းမန်နေဂျာရုံး(၂)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင့်ဇော်ဦးက တောင်သူတစ်ဦးချင်းအလိုက် လျော်ကြေးငွေရရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူတစ်ဦး စိုက်ပျိုးထားသည့် သရက်ပင်ကြီး ၄၀၊ ပိန္နဲပင်ကြီး ၁၁ ပင်၊ တည်ပင်ကြီး ၃၀ ပင်၊ သဘော်ပင်ကြီး ၃၀ နှင့် သဘော်ပျိုးပင် ၁၅၀၀ အတွက် သတ်မှတ်လျော်ကြေး ကျပ် ၂၈၉ သိန်း အပါအဝင် တောင်သူငါးဦးအတွက် သီးနှံလျော်ကြေးငွေ စုစုပေါင်း ကျပ် ၂၉၃ သိန်းကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ရေ၊ မြေ ထာဝစဉ်သန့်ရှင်းစေဖို့ ကြွပ်ကြွပ်အိတ် သုံးစွဲမှု ရပ်ကြစို့**


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care
THE GLOBAL COMPACT
Global Compact Network
[Myanmar]
မြန်မာနှစ်သစ်ကူး အထူးအစီအစဉ်
PREMIER
လီတာ
၂၀
ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကတ်
၅၀၀၀ကျပ်
ရယူပါ...
PREMIER
Weathershield
Odourless
Silk
လီတာ
၅၀
ဝယ်ယူတိုင်း
MPT ဖုန်းငွေဖြည့်ကတ်
၅၀၀၀ကျပ်
ရယူပါ...
ORIENT
ORIENT
ORIENT
Interior and Exterior Emulsion Paint
သင်္ကြန်ရေစင်ရေပေါက်ကဲ့သို့ အေးမြကြည်လင်စွာ...
နှစ်သစ်မှစ၍ ခံစားဖြတ်သန်းနိုင်ကြစေရန် အတာရေပက်ဖြန်းလိုက်ပါသည်။
Promotion ကာလ ▶ ၁-၄-၂၀၁၇ မှ ၃၁-၅-၂၀၁၇


CHEVROLET
UNLEASHING
AMERICAN POWER
THE NEW 2017
TRAILBLAZER
THE NEW 2017
COLORADO
HIGH COUNTRY
FIND NEW ROADS™
CHEVROLET
COMPLETE CARE
YANGON ROADSHOW
1ST APRIL 2017 AT MYANMAR PLAZA
MANDALAY ROADSHOW
1ST & 2nd APRIL 2017 AT MINGALAR MANDALAY
PACIFIC ALPINE
MYANMAR LTD
YANGON 3S SHOWROOM: 242, Upper Pazuntaung Rd, Sat San, Mingalar Taung Nyunt, Yangon Tel: 01 9000621
MANDALAY 3S SHOWROOM: 514/2, 35th St, Between 58th St & 59th St, Chan Aye Thar San, Mandalay Tel: 02 2832036 / 02 2832083
Exclusive Distributor: PACIFIC-AA MOTOR LTD
Exclusive Service Agent: PACIFIC ALPINE MYANMAR LTD
WWW.CHEVROLET.COM.MM
5 YEAR OR 100,000 KM Warranty


SPEEDTEST®
by OOKLA
AWARDS
WINNER
2016
MPT
Moving Myanmar Forward
မြန်မာနိုင်ငံ၏ အမြန်ဆုံး မိုဘိုင်း အင်တာနက်
SPEEDTEST
PING
DOWNLOAD
UPLOAD
Hosted By: Myanmar Posts and Telecommunications
SPEEDTEST
RESULTS
SETTINGS
ABOUT
နိုင်ငံတကာ အင်တာနက် အမြန်နှုန်းစမ်းသပ်မှု အဖွဲ့အစည်းဖြစ်သည့် OOKLA မှ
မြန်မာ့အမြန်ဆုံးအင်တာနက်ကွန်ယက်ဆုရ MPT ၏ အင်တာနက်နှင့် အခုပဲချိတ်ဆက်လိုက်ပါ။
For More Informations :
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday


Forever Gems
by ရွှေနန်းတော်
(2016 ASEAN BUSINESS INNOVATION AWARD)
၂၀၁၇ မတ်လ (၂၅)ရက်နေ့မှ ဧပြီလ (၃၀)ရက်နေ့အထိ
သိန်းပေါင်း (1800) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
(၁) Nissan brand new ကား (၂) စီး
(၂) ၅ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၅) ၈ပဲ သား ရွှေဆွဲကြိုး (၁၀) ကုံး
(၂၉-၃-၂၀၁၇ မှ ၉-၄-၂၀၁၇ ထိ)
နေ့စဉ် (၅)သိန်းနှင့်အထက် ဝယ်ယူသူ(၁၀၀)စီကို
(1gm) White Gold ဆွဲသီးလက်ဆောင်ပေးမည်။
(ကံစမ်းရန်မလို)
❋ အများဆုံးဝယ်ယူသူ(၁၀)ဦးအတွက်ထပ်ဆင့်လက်ဆောင်မွန်
❋ ရွှေသားကံစမ်းမဲ(၄၀၀)ကျော်ပါဝင်သောဇလာမပါကံစမ်းမဲ
SALE Up to 50% OFF
@ JUNCTION CITY YANGON
(ဗိုလ်ချုပ်ဈေးသစ်)

SHWE YAMONE
ရွှေယမုံ ထုတ်လုပ်မှုကုမ္ပဏီလီမိတက်၏ ပုသိမ်သား ရေချို/ရေငန် ငါးပုဇွန်၊ ပင်လယ်စာ နှင့်
PA THEIN THAR SEAFOOD DISTRIBUTION
Export
Processing
မီးဖိုချောင်သုံးပစ္စည်းဖြန့်ဖြူးရေး
ဂျပန်နိုင်ငံတွင် မြန်မာ့ရေထွက်ကုန်ပစ္စည်းရောင်းအားအကောင်းဆုံး ရွှေယမုံကုမ္ပဏီမှ
"ပြည်တွင်းအတွက် အရူးအစီအစဉ်"

Black Tiger HL, Pink, White, Telapia, White Pomfort, Fresh water Prawn, Sea Crab, Sea Tiger PUD, Sea Tiger, Sea Perch, Rohu, Fillet
Sea Crab, Telapia, Sea Perch, Fillet
ငရုတ်သီးမှုန့် (ဟင်းချက်မှုန့်)
ငရုတ်မှု
ကြက်သွန်ဖြူ / အခွံခွာပြီး
ငရုတ်သီးတောင့်ရှည်

သင့်ရဲ့စားသောက်ဆိုင်၊ ဟိုတယ်၊ အလှူပွဲတွေအတွက်သာမက အိမ်ရှင်မတွေအတွက်ပါ လိုအပ်နေတဲ့ ငါး၊ ပုဇွန်၊ ပင်လယ်စာတွေနဲ့ မီးဖိုချောင်သုံး၊ ငရုတ်၊ အာလူး၊ ကြက်သွန်၊ ငရုတ်ဆီ၊ ငံပြာရည် ကအစ ဟင်းခတ် ပစ္စည်းအားလုံးကို စိတ်ရှုပ်စရာမလိုဘဲ သက်သာသော ဈေးနှုန်း၊ မှန်ကန်သောပစ္စည်း၊ ကောင်းမွန်သောအရည်အသွေး (Quality) အပြည့်ရရှိနိုင်တဲ့ ပုသိမ်သားပင်လယ်စာနှင့် စားသောက်ကုန် ဖြန့်ဖြူးရေးကို ဖုန်းလေးတစ်ချက်ဆက်လိုက်ပါ။

ပုသိမ်သား ရေချို ရေငန်ငါးပုဇွန်ပင်လယ်စာဖြန့်ဖြူးရေးမှ လူကြီးမင်း၏ ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် သီးသန့်အော်ဒါလိုအပ်သူများအား မီးဖိုချောင်သုံးကုန်ချောက်များဖြစ်သောအရွယ်အစား ဆိုဒ်စုံ- ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်ရှည်၊ ငရုတ်မှု၊ ပဲခြမ်း၊ မန်ကျည်းသီး၊ ငံပြာရည်၊ ရှာလကာရည်၊ အချဉ်ရည်နှင့် ပဲငံပြာရည်များကိုလည်း နေ့စဉ်အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျှက်ရှိပါသည်။


အမြန်ဆုံး အိမ်ရှေ့အရောက်ပို့ဆောင်ပေးနေပါသည်။ ကားကြပ်တဲ့ဒုက္ခ၊ အလေးချိန်ခွင်မမှန်တဲ့ဒုက္ခ၊
ဈေးကြီးတဲ့ဒုက္ခတွေကင်းဝေးစေဖို့ အားကိုးရတဲ့ "ပုသိမ်သား" လာပြီ။ လတ်ဆတ်မှု၊ အလေးချိန်အတွက် ဈေးနှုန်းအာမခံပါသည်။
PATHEIN THAR MARINE PRODUCT GROUP (GOLDEN P.T BPAND), SINCE 1996
HOT LINE : 01-685450, 09-73162427, 09-32832147 Tel : 01-685780, 685781, 685320, 685331
Fax : 01-685472, Website : www.patheinthar seafood.com

ချာချီးယား
ခရိုက်ဖြီးသစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် မြောက်ပိုင်း၊
ရွှေပြည်သာမြို့နယ်
များရှိမြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

Tah Lee Gold
ယုဇနပလာဇာအနီး
စိန်ရွှေရတနာဆိုင် "တာလေမွှေဆိုင်ခွဲ" မှ
မိတ်ဟောင်းမိတ်သစ်များအား အစဉ်အမြဲ လက်ကမ်းကြိုဆိုလျက်...
No.294, ဗညားဒလလမ်း၊ ယုဇနပလာဇာအနီး၊
သီတာမှတ်တိုင်နှင့် အောင်မင်္ဂလာမှတ်တိုင်ကြား တာမွေမြို့နယ်။
Ph: 09-450000451, 09-450000452




..ဦးလှဝေ + ဒေါ်ဝင်းမြင့်လွင်
ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား) (ယုဇနပလာဇာ)
ရိုလုံ (၁)– အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။
☎ –၀၁–၂၀၀၇၄၇ (Ext.) ၂၀၀၈၊ ၀၉–၇၇၁၇၃၉၃၇၀
ရိုလုံ (၂)– ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား၊ အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎ –၀၁–၂၀၀၇၄၇ (Ext.) ၂၈၀၀
ရိုလုံ (၃)– (ပလက်တီနမ်ဆိုင်) ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎ –၀၁–၂၀၀၇၄၇ (Ext.) ၂၈၀၀
ချန်းလုံ ရွှေဆိုင် – ဒေါက်တာတင်အောင်ဝေ + ဒေါက်တာချောစုငယ်၊ အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။
☎ –၀၉–၇၃၁၀၃၀၉၀၊ ၀၁–၂၀၀၇၄၇ (Ext.) ၂၂၂၅
ချွန်းလုံ ရွှေဆိုင် – ကိုဘုန်းကျော်ဝေ + မငုဇင်သိန်း (H-10)၊ ယုဇနပလာဇာ (ပထမထပ်)။
☎ –၀၉–၇၃၀၅၃၁၀၁၊ ၀၉–၇၃၁၅၆၉၀၁၊ ၀၁–၂၀၀၇၄၇ (Ext.) ၂၈၈၀




Ks 5,000
တစ်နေ့တခြား အဖြစ်များလာသော နာတာရှည်ကျောက်ကပ်ရောဂါကို ကုသရာတွင် အစွမ်းထက်မြက်သည့် သဘာဝဆေးဖက်ဝင်အပင်အား သိပ္ပံနည်းကျ သုတေသနစမ်းသပ်ချက်များကို အခြေခံ၍
ဒေါက်တာခင်မောင်လွင် (FAME)
သုတေသနပြုရေးသားထားသည့်
ကျောက်ကပ်ဆေးပင်
"နာတာရှည်ကျောက်ကပ်ရောဂါဝေဒနာရှင်များ မဖြစ်မနေ ဖတ်ရှုသင့်သည့် စာအုပ်"
Ph: 09 965 559 860, 01 682 199, 685 083, 685 609

## သာသနာ့အမွေခံ ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာများအတွက် သင်္ကန်း၊ ပရိက္ခရာဈေးနှုန်း

| | | | | |
|---|---|---|---|---|
| ၃-နှစ်မှ ၆-နှစ် (ရှင်ငယ်) | အရပ်အမြင့် ၃-ပေ ၉-လက်မ(အောက်) | တက်ထရွန် စီဝိုင်စီ ၃-တောင်ထွာ × ၃-တောင် | အင်းဝသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း | ကျပ် ၁၂၀၀၀ |
| ၇-နှစ်မှ ၉-နှစ် (ရှင်လတ်) | အရပ်အမြင့် ၄-ပေ (အောက်) | တက်ထရွန် စီဝိုင်စီ ၃-တောင်ထွာ | အင်းဝသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း | ကျပ် ၁၂၅၀၀ |
| ၉-နှစ်မှ ၁၁-နှစ် (ရှင်လတ်) | အရပ်အမြင့် ၄-ပေ ၃-လက်မ(အောက်) | တက်ထရွန် စီဝိုင်စီ ၄-တောင် ၃-တောင်ထွာ | အင်းဝသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း | ကျပ် ၁၃၀၀၀ |
| ၁၁-နှစ်မှ ၁၃-နှစ် (ရှင်ကြီး) | အရပ်အမြင့် ၄-ပေ ၆-လက်မ(အောက်) | တက်ထရွန် စီဝိုင်စီ ၄-တောင် | အင်းဝသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း | ကျပ် ၁၄၅၀၀ |
| ၁၃-နှစ်မှ ၁၅-နှစ် (ရှင်ကြီးရွယ်) | အရပ်အမြင့် ၄-ပေ ၉-လက်မ(အောက်) | တက်ထရွန် စီဝိုင်စီ ၄-တောင်ထွာ ၄-တောင် | အင်းဝသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း | ကျပ် ၁၅၀၀၀ |
| ၁၅-နှစ်မှ ၁၈-နှစ် (ရှင်ကြီးဇက) | အရပ်အမြင့် ၅-ပေ ၂-လက်မ(အောက်) | တက်ထရွန် စီဝိုင်စီ ၅-တောင် ၄-တောင်ထွာ | အင်းဝသပိတ်၊ ခါးပန်းကြိုး၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီးနှုန်း | ကျပ် ၁၆၀၀၀ |

ရဟန်းတစ်ပါးအတွက် ကိုရီးယားစီဝိုင်စီဒွိစုံသင်္ကန်း၊ ဒုကုဋ်၊ သပိတ်၊ ယပ်၊ ပရိက္ခရာရှစ်ပါးအပြီး ၂၈၀၀၀ ကျပ် (သင်္ကန်းအမျိုးအစားအလိုက် တန်ဘိုးအနိမ့်အမြင့် ပြောင်းလဲပါသည်။)

**ရန်ကုန်မြို့ပေါ်ရှိ ဇောတိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ**

ဇောတိက (၁) အမှတ်(၃၅)ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၀၇၅၇၁၊၀၁-၈၆၀၃၁၂၈
ဇောတိက (၂) အမှတ်(၉၇)အေး၊ ဘုန်းကြီးလမ်းအလယ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၁၂၁၅၉
ဇောတိက (၃) အမှတ်(၆၁/၆၂)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၉၃၁၇၃၉၃၊ ၀၉-၃၂၀၇၃၃၄
ဇောတိက (၄) အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၀၅၇၇၊ ၀၁-၈၆၀၃၁၂၉
ဇောတိက (၅) ၁၅လမ်း၊ ညောင်ပင်လေးဈေးအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၄၉၂၈
ဇောတိက (၆) တာမွေလမ်းဆုံ၊ ရွှေဟိုရ်ပ်ရှင်ရုံရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၇၀၇၂၅၉
ဇောတိက (၇) ပြည်လမ်း၊ ဂမုံ လမ်းဆုံ၊ ရိုးမဘဏ်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၆၅၃၁၃၇
ဇောတိက (၈) ပုဇွန်တောင်ဉယျာဉ်အိမ်ရာ၊ ပုဇွန်တောင်ဈေးအနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၀၇၅၀၀၅၅၊ ၀၁-၈၆၁၀၇၉၆
ဇောတိက (၉) Akk Shopping Mall အနီး၊ ကျိုက္ကဆံဘုရားလမ်းမှတ်တိုင်၊ လေးထောင့်ကန်လမ်းမ၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း ၀၁ ၅၆၀၇၉၃
ဇောတိက (၁၀) မြန်မာ့စင်္ကာပူစျေးဝယ်စင်တာ၊ အမှတ်(၈၅)၊ ရေတာရှည်လမ်းပေါင်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၅၄၇၀
ဇောတိက (၁၁) မြန်မာ့စင်္ကာပူစျေးဝယ်စင်တာ(၂)၊ အမှတ်(၉၄၆)၊ သုဓမ္မာလမ်း၊ မ/ဥက္ကလာ၊ ဖုန်း ၀၁-၉၆၉၂၂၇၉
ဇောတိက (၁၂) အမှတ်(၃၆)၊ ရေတာရှည်လမ်းသစ်၊ ရွှေဂုံတိုင်(ယုဇနဟိုတယ်အနီး)၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၈၆၁၈၆၇၃
ဇောတိက (တောင်ဥက္ကလာ) (၁၄၅/က)၊ ပါရမီလမ်း၊ ပါရမီအဝေးပြေးရှေ့၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၃၃၃၂၆၇
ဇောတိက (မ/ဥက္ကလာ) သေဟသီလမ်း၊ မ/ဥက္ကလာ(၅)ဈေးအနီး၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၉
ဇောတိက (ကမ္ဘာအေး) အမှတ်(၂၀)၊ ကမ္ဘာအေးဘုရားလမ်း၊ ဂမုန်းပွင့်ကုန်တိုက်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၂၀၇၃၃၅
ဇောတိက (မြေနီကုန်း) တိုက်(၁၇-အေ)၊ ပဒ္မမြာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၆၄၂၇
ဇောတိက (သိမ်ကြီးဈေး) အမှတ်(၅၇)၊ ကုန်ဈေးတန်းလမ်း၊ သိမ်ကြီးဈေးအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၉၃၅၃
ဇောတိက (အင်းစိန်) အမှတ်(၉)၊ လှိုင်မြစ်ကမ်းလမ်း၊ အင်းစိန်ဈေးကြီးရှေ့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၄၄၅၂၂
ဇောတိက (ဘုရင့်နောင်) အမှတ်(၁၁၀/ဂ)၊ သမိုင်းဘူတာရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ (သမိုင်းခုံးကျော်တံတား နှင့် ဘုရင့်နောင်တံတားကြား)။ ဖုန်း ၀၉-၃၂၂၃၂၂၈
ဇောတိက (အောင်မင်္ဂလာ) အဆောင်(တ)၊ အခန်း(၄)၊ ဒဂုံလမ်း၊ အဝေးပြေးဝင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၆၃၇၂၅၆
ဇောတိက (မန္တလေး) အမှတ်(၈၄၇)၊ ၈၁ လမ်း၊ ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ မန္တလေးမြို့။
ဇောတိက (နေပြည်တော်) အမှတ်(၅၀၁)၊ ရာဇဌာနီလမ်း၊ ဇွာကကော်ရပ်၊ ပျဉ်းမနားမြို့။ ဖုန်း ၀၉-၄၉၂၇၇၅၂ ၊ ၀၆၇ ၂၅၄၂၂

နေပြည်တော် ရာဇဌာနီလမ်းတွင် ဇောတိကသင်္ကန်း ပင်ရင်းဆိုင်ခွဲ ဖွင့်လှစ်လိုက်ပါပြီ။

**ရှင်ရဟန်းပြုဝေးရခြင်း၏ရည်ရွယ်ချက်**

၁။ အလုံးစုံသောသံသရာဝဋ်ဆင်းရဲတွင်းမှ လွတ်မြောက်လိုခြင်း။
၂။ သာသနာ့အမွေခံ သာသနာ့ဒါယကာဖြစ်လိုခြင်း။
၃။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါး ဒါယကာဖြစ်လိုခြင်း။
၄။ သာသနာပြုပုဂ္ဂိုလ်ဖြစ်လိုခြင်း။

ပေး၍ မကုန်၊ လှူ၍ မခန်း
ဇောတိက သင်္ကန်း

HOT - LINE
01-370792, 09-253348646
www.zawtika.com



# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

31th March 2017 ရက်တွင် Junction City အား အောင်မြင်စွာဖွင့်လှစ်နိုင်ပါသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**Congratulation on Opening of**
**" Junction City "**
**From**
**AVA Global Pte Ltd.**
**&**
**AVA Global(MYANMAR)Ltd.**



မှာပုံပေါ် ဆန်းမွှေးတောင်းကောင်း
အရောက်ပို့ (၃၆၀၀၀)ကျပ်
ပွဲတော်အုပ်ဆန်ဆိုင်
01-512443,09-5055574

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

Since 1996
ပုလဲ (သူငယ်တန်းမှ ၁၀တန်း)
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့်
ကိုယ်ပိုင်အထက်တန်းကျောင်း

မိမိတို့ ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အားကစားကွင်း၊ အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ။
(က) တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
(ခ) တန်းအထူး – သင်ရိုးကုန်သင်ပေး၍ နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
အမှတ်(၇၇) ငုဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၅၁၅၈၇၅၁၊ ၀၉-၄၅၆၃၉၉၉၉၃၊ ၀၉-၄၅၆၃၉၉၉၉၂



## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR)တို့၏မိခင်ဖြစ်သူ ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ) အသက်(၈၁)နှစ်သည် ၃၁-၃-၂၀၁၇ ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဇနီး ဒေါ်ခင်သီတာ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR)တို့၏မိခင်ဖြစ်သူ ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ) အသက်(၈၁)နှစ်သည် ၃၁-၃-၂၀၁၇ ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဇနီး ဒေါ်သန်းသန်းဌေး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR)တို့၏မိခင်ဖြစ်သူ ဒေါ်ကြည်အောင်(ငပုတောမြို့နယ်၊ ရေကျော်ရွာ) အသက်(၈၁)နှစ်သည် ၃၁-၃-၂၀၁၇ ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ဇနီး ဒေါ်အေးအေးမြင့်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(မွေးရေကျေးလက်)**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်-ဒေါ်ရီရီခိုင်(TOTAL E &P MYANMAR)တို့၏မိခင်ဖြစ်သူ ဒေါ်ကြည်အောင်(ငပုတောမြို့နယ်၊ ရေကျော်ရွာ) အသက်(၈၁)နှစ်သည် ၃၁-၃-၂၀၁၇ ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် ဝန်ထမ်းမိသားစုများ၊**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(မွေးရေကျေးလက်)**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်-ဒေါ်ရီရီခိုင်(TOTAL E &P MYANMAR)တို့၏မိခင်ဖြစ်သူ ဒေါ်ကြည်အောင်(ငပုတောမြို့နယ်၊ ရေကျော်ရွာ) အသက်(၈၁)နှစ်သည် ၃၁-၃-၂၀၁၇ ရက်(သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းနှင့် ဇနီး ဒေါ်နီလာညွှန့်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန(မွေးရေကျေးလက်)**

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်-ဒေါ်ရီရီခိုင်(TOTAL E &P MYANMAR)တို့၏မိခင် ဖြစ်သူ ဒေါ်ကြည်အောင် (ငပုတောမြို့နယ်၊ ရေကျော်ရွာ) အသက်(၈၁) နှစ်သည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းမြင့်-ဒေါ်နုနုဆွေ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမြင့်ဦး**
ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်
အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၁)
**အသက်(၆၁)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်မြေအမှတ် (၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး အသက်(၆၁)နှစ်သည် ၂၂-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**
**အထက၊ အုတ်တွင်းမြို့**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးမောင်လေး၏ဇနီး၊ ဦးတင်ဦး-ဒေါ်မြင့်ဆန်း၊ ဦးကိုနိုင်-ဒေါ်ဝေဝေကြူ၊ ဦးဗိုလ်နိုင်(ဒု-မြို့နယ်ပညာရေးမှူး၊ လပွတ္တာမြို့နယ်)-ဒေါ်ခင်မာရီ(အထက်တန်းပြ၊ အထက-ခွဲ၊ အလက-၃၊ ပုသိမ်မြို့)၊ ဦးခန့်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR) တို့၏မိခင်၊မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၇ ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာ၊ အမှတ်(၅၀၉/A)၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွေ့ကြီးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေပြည်တော် ခတင်-၁၀၀၀ ဆေးရုံကြီးမှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးမောင်လေး၏ဇနီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာ၊ အမှတ် ၅၀၉/A နေ ဦးခန့်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR)တို့၏မိခင် ဒေါ်ကြည်အောင်သည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နေပြည်တော်ကောင်စီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဝန်ထမ်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြည်အောင်** (ငပုတောမြို့နယ်၊ ရေကျော်ရွာ)
**အသက်(၈၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရေကျော်ကျေးရွာနေ ဦးမောင်လေး၏ဇနီး၊ နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ စံပယ်အိမ်ရာ၊ အမှတ် ၅၀၉/Aနေ ဦးခန့်ဇော်(ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)-ဒေါ်ရီရီခိုင်(TOTAL E & P MYANMAR)တို့၏မိခင် ဒေါ်ကြည်အောင်သည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ဝန်ထမ်းများနှင့် မိသားစုများ**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်စန်းရီ (BA, DEP)**
(ဒု)ညွှန်ကြားရေးမှူး(ငြိမ်း)
နိုင်ငံတော်ကောင်စီရုံး
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၁၂၇၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပ ၁လမ်းနေ (ဦးကြင်-ဒေါ်ခင်လှ)တို့၏သမီး၊ ဦးမြင့်သိန်း(လ/ထ ညွှန်ကြားရေးမှူး၊ နဝတရုံး)၏ဇနီး၊ (ဦးမြင့်သိန်း)-ဒေါ်ကျင်ရွှေတို့၏ညီမ၊ (ဦးတင်အောင်)-ဒေါ်ခင်ထားရီ၊ ဒေါ်လှလှရီ၊ ဦးစိုးမင်း-ဒေါ်ခင်အုန်းမြင့်၊ ဦးစိုးကြည်-ဒေါ်မိမိရီ၊ (ဦးသောင်းတင်)-ဒေါ်လဲ့လဲ့ရီတို့၏အစ်မ၊ ဦးရဲဝင်းထွန်း-ဒေါ်ခင်ငြိမ်းစိုးတို့၏မိခင်၊ မောင်အောင်ဖုန်းမြင့်၊ မစုရွှေရည်ဝင်းတို့၏အဘွားသည် ၃၀ -၃-၂၀၁၇ရက် (ကြာသပတေးနေ့) ည ၁၀း၄၅နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၄-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဖီးဖီးနော်ဖရီစေးလာ (Hpee Hpee Naw Priscilla)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးဖိုးခင်လမ်း၊ အမှတ် ၄နေ(စောဝင်းထိန်-နော်အေးဒါ)တို့၏သမီး၊ (ဦးဘဟန်-ဒေါ်သင်းယုံ)တို့၏သမီးချွေးမ၊ စောအိုက်ဇက်-(နော်ဆာမူး)တို့၏ညီမ၊ နော်သင်းသင်းလှိုင်(မစဘ-၃)-ဦးသိန်းဦး၊ စောစန်းလွင်(လေယာဉ်ဆီဌာန၊ ငြိမ်း)-နော်ကကွယ်ထူး၊ နော်ခူရှီး(မစဘ၊ ဖျာပုံ)-စောဂျွန်လူမောင်၊ နော်မြမြအေး-စောရေးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဖီး၊ စောကျင်လှိုင်၏ဇနီးသည် ၃၀-၃-၂၀၁၇ရက် ည ၈း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၈း၁၀နာရီတွင် ရန်ကုန်ကရင်နှစ်ခြင်းအသင်းတော်(သူငွေးကုန်း)ဘုရားကျောင်း၊ (၅၁၄၊ အောက်ကြည့်မြင်တိုင်လမ်း၊ အနောက်ပိုင်းဆေးရုံရှေ့၊ ကြည့်မြင်တိုင်)တွင်ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး
**ဗိုလ်ကြီးတင်အေး(ငြိမ်း) (တံတားဦး)**
ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၉)
**အသက်(၅၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ် ၂၉နေ(ဦးရဲမြင့်)-ဒေါ်မြသိန်းတို့၏သား၊ စမ်းချောင်းမြို့နယ်၊ ဒေါနလမ်း၊ အမှတ် ၃နေ (သမားတော်ကြီး ဦးအေးထွန်း-ဒေါ်ခင်သောင်း)တို့၏သားသမက်၊ ဗိုလ်ကြီးအောင်ကြိုင်(ငြိမ်း)-ဒေါ်မာမာအေး၊ တပ်ကြပ်ကြီးကျော်ဇင်(ငြိမ်း)တို့၏ညီ၊ ဆရာမကြီး ဒေါ်ခင်အေးမူ(ရွှေမိုးညိုဆေးတိုက်)၏ခင်ပွန်း၊ ဦးမြင့်ထွန်း-ဒေါ်ခင်အေးရီ (အလက-မြို့မ၊ မိုးညို)တို့၏အစ်ကို၊ ဗိုလ်ကြီးအောင်ကျော်စိုး(ခမရ-၃၅၇)-ဒေါ်သူသူစံ၊ မောင်စိုးဝင်းဖြိုး၊မောင်ထက်အောင်ကျော်တို့၏ဖခင်၊ မသုထက်ဝတီ၏အဘိုးသည် ၃၀-၃-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁-၄-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
**ခတီဇာဘီဘီ(ခ)ဒေါ်ခင်ဝင်း**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း ၄၀၊ အမှတ် ၁၄၅၊ ငါးလွှာ(ဝဲ)နေ (ဦးဘဘာ-ဒေါ်ရာဘီယာ)တို့၏သမီး၊ ဦးရာကွက်(ခ)ဦးမောင်မောင်၏ဇနီး၊ ဦးကိုကိုလေး၊ဒေါ်ခင်လှ၊ ဦးကိုကိုအေး-ဒေါ်ဂျူလီ၊(ဦးကိုကိုဌေး)၊ဦးလတ်ထွေးတို့၏မိခင်၊ မောင်အောင်မျိုးဦး၊ မဖြိုးဝေအောင်၊မောင်စည်သူလတ်တို့၏အဘွားသည် ၂၉-၃-၂၀၁၇ရက် ည ၁၀း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၃၀-၃-၂၀၁၇ရက် ဇဟိုရ်အပြီး ရေဝေး စွန်နီကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်တင်ကြည်**
**(မြောက်ဥက္ကလာပမြို့နယ်)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဈေး ၁၃လမ်း၊ အမှတ် ၆၃၁နေ ဦးတင်ထွန်းနိုင် (လှိုင် ယာဉ်ရောင်းဝယ်ရေးစခန်း) - ဒေါ်စိုးစိုးတို့၏မိခင်သည် ၃၀-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၇ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

တောင်ကြီးအသင်း(ရန်ကုန်)
**ဒေါက်တာဦးမြင့်သူလွင်**
**@ John Mclean**
**ဓာတ်မှတ်ဆရာဝန်ကြီး**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနအိမ်ရာ၊ အခန်း ၂၀၁နေ (ဦးမင်္ဂလင်း-ဒေါ်ရင်မေ)တို့၏သား၊ဒေါ်ရီစီညီ၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာဦးမြင့်သူလွင်သည် ၂၈-၃-၂၀၁၇ရက် (အင်္ဂါနေ့)နံနက် ၈း၃၀နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့
တောင်ကြီးအသင်း(ရန်ကုန်)

---

**ကိုနိုင်လင်းထွန်း (B.Com)**
**SBT (Tokyo, Japan)**
**အသက်(၃၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့၊ ကန်တော်မင်္ဂလာရပ်ကွက်နေ ဦးသောင်းကြည်-ဒေါ်ခင်စန်းမြင့်(စာရေးကြီးစားသောက်ဆိုင်)တို့၏သား၊ ကိုမင်းမင်းထွန်း-မစိုးစိုးရီတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက် ၁၅၊ အခန်း ၀၀၄၊ ၁၇လမ်း (A) ဘလောက်နေ ဦးခင်မောင်ထွေး-ဒေါ်စမ်းစမ်းဝင်းတို့၏သားသမက်၊ ကိုကျော်ဇော-မမိုးဖြူသဲတို့၏အစ်ကို၊ မလဲ့ရည်မွန်(B.Com) SBT (Tokyo Japan)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၂၀ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သက္ကလသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
**Aileind Van Tha Chin Par (Ngenge)**
**အသက်(၂၇)နှစ်**

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်နေ Pu Van Cuan - Pi Sang Parတို့၏သမီး၊ Dr. Emily Van Sui Ci Tial (ပြည်သူ့ဆေးရုံ၊ ထန်တလန်မြို့နယ်)-Pu Rum Rem Thang တို့၏ညီမ၊ Van Bawi Lian Sang ၏အစ်မ၊ Dr.Hoi Sang-Pi Hniar Vel (အမှတ် ၆၄၁၊ ဘူတာရုံလမ်းသွယ်၊နံ့သာကုန်းရပ်ကွက်၊ အင်းစိန်)၏တူမ၊ Pu Ceu Hlei Lian-Pi Sung Khum Tial တို့၏ညီမသည် ၃၁-၃-၂၀၁၇ရက် နံနက် ၆း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၄-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်၊ လှိုင်သီရိ၊ BOC, မန္တလေးမှတ်တိုင် (မ/ဒဂုံ)တို့မှကားများ နံနက်၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ချိုမေ**
**အသက်(၉၂)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတမြို့နယ်၊ယုန်သလင်းကျေးရွာ၊ အနောက်မြို့ကွက်၊ လမ်းမတော်လမ်း၊ အမှတ် ၂၁၉နေ(ဦးအင်ယင်ကြို-ဒေါ်အွန်တန်ဖော့)တို့၏သမီး၊ ဦးကျင်စိန်၏ချစ်လှစွာသောဇနီး၊ ဦးအေးမောင်-ဒေါ်နီနီ၊ ဦးအေးမြင့်ဦး(ဥက္ကဋ္ဌ အေးမိသားစု)၊ ဒေါ်ခင်အေးခိုင်၊ ဦးသန်းအေး၊ ဒေါ်မွေးမွေး၊ ဦးသိန်းမောင်၊ ဒေါ်နွဲ့နွဲ့ရီ Mr TAKA YA MA-YOSHI KAZU၊ ဒေါ်သန်းနွဲ့၊ ဦးအောင်သန်း-ဒေါ်လဲ့ချိုဦး၊ ဦးကျော်တင့်၊ ဦးလှဝင်း-ဒေါ်သင်းသင်း၊ ဦးညီညီသန်း၊ ဒေါ်ခင်မိုးအေးနိုင်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၃၁-၃-၂၀၁၇ရက် နံနက် ၁၁း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ယုန်သလင်းနေအိမ်မှ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးသန်းအေး အသက်(၈၂)နှစ်**
**G.E.7**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း ၇လမ်း၊ အမှတ် ၉၈၃နေ (ဦးလှိုင်-ဒေါ်ညွှန့်ရင်)တို့၏သား၊ (ဦးအုန်းဆိုင်-ဒေါ်သောင်း)တို့၏သားသမက်၊ (ဦးကျော်လှ)၊ (ဦးမောင်မောင်သွင်-ဒေါ်ရီရီ)တို့၏ညီ/မောင်၊ ဦးသိန်းဟန်-ဒေါ်ခင်လှ၊ ဥပုသောဘိတ(ခ)ဦးသန်းမြင့်တို့၏အစ်ကို၊ (ဒေါ်တင်တင်အုန်း)၏ခင်ပွန်း၊ ဦးကျော်ဇင်ဦး(လျှပ်စစ်စွမ်းအား၊ ငြိမ်း)-ဒေါ်ခင်စောသန်း(မန်နေဂျာ၊ တကစ၊ ထုံးဘို)၊ ဦးဝင်းမောင်(2/E)-ဒေါ်ခင်မေဌေး၊ ဦးစန်းလွင်-ဒေါက်တာမီမီသန်း(ကထိက၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးဇော်မိုး-ဒေါ်ခိုင်ချိုဆက်၊ဦးစိုးနိုင်(AB Bernhard Schulte Shipmanagement)-ဒေါ်သူဇာဆွေတို့၏ချစ်လှစွာသောဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၃၁-၃-၂၀၁၇ရက်(သောကြာနေ့)နံနက် ၂း၃၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးခင်ညွန့်(ခ) Richard Lim**
**(တရားလွှတ်တော်ရှေ့နေ)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ စမ်းရေတွင်းလမ်းသွယ်၊ အမှတ် ၃၄၊ ဒီ-၄နေ ဦးကြီးဖြန်-ဒေါ်ချိုက်ခင်တို့၏သား၊ ဦးတင်အောင် - ဒေါ်စောမြင့်တို့၏သားသမက်၊ ဒေါ်ရီရီတင် (တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၏ခင်ပွန်း၊ ဒေါက်တာနှင်းဟေမာန် (M.B.,B.S-YGN)၊ မောင်နေမျိုးအောင် (B.Sc Oxford BROOKS University)တို့၏ဖခင်၊မောင်ဖြိုးခန့်ဟိန်း(7th Standard Lumbini Academy)၏အဘိုးသည် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

တေဇ(၂၃)မှ သူငယ်ချင်း ဗိုလ်ကြီးအောင်ဖြိုး(ငြိမ်း)၏ဖခင် ဦးလှမောင်သည် ၂၇-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တေဇ(၂၃)မှ ကျောင်းဆင်းသူငယ်ချင်းများနှင့်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်တင်ရွှေ**
**အသက်(၆၅)နှစ်**

သူငယ်ချင်း မလွင်လွင်မိုး၏ မိခင် ဒေါ်တင်ရွှေသည် ၂၉-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**2009 Batch သူငယ်ချင်းများ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
**ဦးတိုးအောင်**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်ပင်လမ်း၊အမှတ် ၅၊ လေးလွှာနေ (ဦးထွန်းကြည်-ဒေါ်လှရွှေ)တို့၏သား၊ ဒေါ်ကြင်မေ၊ (ဦးမြင့်ရွှေ)တို့၏ညီ/မောင်၊ ဒေါ်စန်းရီ၊ ဒေါ်ခင်နု၊ ဒေါ်မြမြသင်းတို့၏အစ်ကို၊ ဒေါ်လှလှဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထွန်းနိုင်ဖြိုး-ဒေါ်ခင်မျိုးထက်၊ဦးကျော်ဇင်တို့၏ဖခင်၊ မချောချော၏အဘိုးသည် ၃၁-၃-၂၀၁၇ရက်(သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးအောင်မြင့်**
**ထွေ/အုပ်(ငြိမ်း)၊ သင်္ဃန်းကျွန်း**
**MPHA (အမှုဆောင်)**
**မြို့မကျောင်းသားဟောင်း**
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်)ရပ်ကွက်၊ ပြည်သာယာလမ်းသွယ်(၂)၊ အမှတ် S/၁၆၈၊ ငွေတိုက်စိုးခြံနေ (ဗိုလ်မှူးကျော်မင်း-ဒေါ်ထားထား)တို့၏သား၊ (ဦးရွှေ-ဒေါ်ခင်စီ)တို့၏သားသမက်၊ ဒေါ်မိမိလေး(ထ/၂ သင်္ဃန်းကျွန်း(ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးထိုက်အောင်-ဒေါ်ခင်အေးမြိုင်၊ ဦးသန့်ဇင်-ဒေါ်မူမူမြင့်၊(ဒေါ်ရီရီဝေ)၊(ဦးအောင်မျိုးနိုင်)-ဒေါ်ဖြူဖြူကျော်၊ဦးမင်းဇော်-ဒေါ်ဥမ္မာစိုး၊ ဦးအောင်အောင်ထွန်း-ဒေါ်သံသာထွေးတို့၏ မောင်/ညီ/အစ်ကို၊ မောင်ကောင်းမြတ်ထွန်း-မမို့မို့အောင်မြင့်တို့၏ ချစ်လှစွာသောဖခင်၊ မောင်စစ်ငြိမ်းအောင်၏အဘိုးသည် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၇/၂၀၁၇)ကျင်းပစဉ် (သတင်းစဉ်)

# မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၃၁**

မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင် အစည်းအဝေး (၇/၂၀၁၇)ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၈)၊ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် အစီရင်ခံစာပါအချက်များနှင့်စပ်လျဉ်း၍ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် မောင်တောဒေသသို့ ကွင်းဆင်းသွားရောက်လေ့လာစုံစမ်းမေးမြန်းခဲ့ကြောင်း၊ ထို့အပြင် မောင်တောဒေသဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည်ဆိုသည့် ဒုက္ခသည်များကိုလည်း ဖြစ်စဉ်နှင့်ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းမှုများဆောင်ရွက်ခဲ့ကြောင်း။

ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်အစီရင်ခံစာပါ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာများနှင့်စပ်လျဉ်း၍ တပ်မတော်မှ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်း ဦးဆောင်သည့်

*စာမျက်နှာ ၇ ကော်လံ ၁* ◆

## ကာကွယ်ရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ ဧပြီ ၂ ရက် သတင်းစာတွင် ပါရှိမည်

ကာကွယ်ရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ ဧပြီ ၂ ရက် သတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြမည်ဖြစ်သည်။ (မြန်မာ့အလင်း)

## ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် မတ် ၃၁**

ဧရာဝတီမြစ်ရေသည် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၄၉၉ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး တစ်ရက်အတွင်း ခုနစ်ပေခွဲခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်၊ နောက်သုံးရက်မှ ခုနစ်ရက်အတွင်း သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် နှစ်ပေခွဲမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း နှိုးဆော်ထားသည်။

(မိုး/ဇလ)

# မြေသိမ်းဆည်းခံရမှုကြောင့် နစ်နာသူပြည်သူများ၏ ရေရှည်ဘဝရပ်တည်နိုင်ရေးအတွက် အလေးထားဆောင်ရွက်ရန်လိုအပ်

*စာမျက်နှာ - ၇*

# သီလဝါအထူးစီးပွားရေးဇုန်သို့ ကွန်တိန်နာရထားပြေးဆွဲရန် စီစဉ်

**သတင်း-မြင့်မောင်စိုး**

**ရန်ကုန် မတ် ၃၁**

ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဂျပန်နိုင်ငံ မှ ချေးငွေဖြင့် နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာဆိပ်ကမ်းကြီးတစ်ခု စတင် တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့ နံနက်ပိုင်းက သီလဝါဆိပ်ကမ်းဒေသ မြေကွက်(၂၅/၂၆)တွင် တည်ဆောက်နေသော ဆိပ်ခံတံတားသို့ ရောက်ရှိပြီး ဆိပ်ခံတံတားဘိုးပိုင်ရိုက်နေမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် Green Asia Port Terminal (Thilawa)ရုံးသို့ ရောက်ရှိလာရာ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်က သီလဝါ SEZ နှင့် သီလဝါဘူတာယာဉ်ဝင်ကားလမ်းနှင့် ရထားလမ်းပြောင်းရွှေ့မည့်လုပ်ငန်း အစီအမံများအားလည်းကောင်း၊ သီလဝါ SEZ ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက သီလဝါ SEZ နှင့် သီလဝါဘူတာယာဉ်ဝင်း SEZ တွင် ကွန်တိန်နာရထား ပြေးဆွဲရေးအတွက် လမ်းအူကြောင်း ရှာဖွေခြင်းနှင့် ကွန်တိန်နာယာဉ်ဝင်း တည်ဆောက်ခြင်းအတွက် လိုအပ်သည့်မြေနေရာနှင့် ရထားလမ်းကြောင်း ရွေးချယ်နိုင်ရေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။



အာရှ ယူ-၁၉ ဘော်လီဘော ပြိုင်ပွဲယှဉ်ပြိုင်နေသည့် မြန်မာ ယူ-၁၉ အသင်း

# အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲများ ဆက်လက်ကျင်းပမည်

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပွဲများကို ဧပြီ ၁ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ ကွာတားဖိုင်နယ်တက်ရောက်ခွင့် ရထားသည့်အသင်းများမှာ အဆင့်သတ်မှတ်ရန်အတွက် ဒုတိယအဆင့် အုပ်စုပွဲများ ကစားရခြင်းဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၁၄ ကော်လံ ၁* ✪



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ ဧပြီ ၁၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အဓိကထားဖော်ဆောင်ခဲ့သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

● ခင်ရတနာ







နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ

နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူချိန်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ဧပြီလ ၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေနှင့်အညီ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟူသည့် ဝန်ကြီးဌာနအသစ် ပေါ်ထွန်းလာခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ရည်ရွယ်ချက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေပုဒ်မ-၃ ပြဋ္ဌာန်းချက်ပါအတိုင်း (၁) ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ (၂) ဈေးကွက်စီးပွားရေးစနစ် ထွန်းကားရေး၊ (၃) ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရေးနှင့် (၄) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပါသည်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေအရအပ်နှင်းထားသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ တာဝန် (၄) ရပ်ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည်များကို ပံ့ပိုးကူညီနိုင်ရန်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ချမှတ်ပေးသည့် မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပေါင်းစပ်ညှိနှိုင်းပေးရေးအတွက် အထောက်အကူပြုဝန်ကြီးဌာနတစ်ခုပင်ဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဆောင်ရွက်ချက်များမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဆောင်ရွက်ချက်များနှင့် ဆက်နွှယ်နေသည်ဟု ဆိုနိုင်ပါသည်။

"နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟာ စင်စစ်အားဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို လိုအပ်တာတွေ ပံ့ပိုးကူညီဆောင်ရွက်ပေးနေတဲ့၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးတဲ့မူဝါဒတွေကို အကောင်အထည်ဖော်ရာမှာ ပေါင်းစပ်ညှိနှိုင်းပေးနေတဲ့ အထောက်အကူပြုဝန်ကြီးဌာနတစ်ခု ဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနရဲ့ ဆောင်ရွက်ချက်တွေဟာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဆောင်ရွက်ချက်တွေနဲ့ ဆက်နွှယ်နေတယ်လို့ ဆိုနိုင်ပါတယ်။ အစိုးရသစ်ရဲ့ တစ်နှစ်တာကာလအတွင်းမှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင်နိုင်ငံရေးနဲ့ဆက်နွှယ်ပြီး ထိန်းသိမ်းခံရသူတွေ လွတ်မြောက်ရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအပါအဝင် နိုင်ငံတော်အတွက် အရေးကြီးတဲ့ကဏ္ဍတွေကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ချမှတ်ပေးတဲ့ မူဝါဒလမ်းညွှန်ချက်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်"ဟု နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြောကြားသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် အစိုးရသစ်၏ နိုင်ငံတော်အတွက် ချမှတ်ထားသည့် ရည်မှန်းချက်ပန်းတိုင်များဖြစ်သော ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက် သာယာဝပြောရေးနှင့် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာ အောင်မြင်ရေး (Peace Prosperity Democracy-PPD) တို့အတွက် အကောင်အထည်ဖော်ရာတွင် အဓိက ပံ့ပိုးကူညီဆောင်ရွက်ပါသည်။ ထိုပန်းတိုင် (၃) ရပ်မှာ တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပါသည်။ နိုင်ငံအတွင်း ငြိမ်းချမ်းမှ စီးပွားရေးတိုးတက်မှုများ အားကောင်းခိုင်မာစေမည် ဖြစ်သကဲ့သို့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် အထက်ပါပန်းတိုင် (၃) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တစ်သီးတခြား ဆောင်ရွက်ခြင်းမပြုဘဲ ခြုံငုံစဉ်းစား၍ ဆက်စပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အင်စတီကျူးရှင်းများ စတင်ပြင်ဆင်

အစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းများ မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်မည်နည်းဟူသော မေးခွန်းမှာ ပြည်သူများသာမက နိုင်ငံတကာကပါ သိရှိလိုသည့် မေးခွန်းဖြစ်ပါသည်။ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေဖြင့် ငြိမ်းချမ်းရေး ဖြစ်စဉ်ကြီးတစ်ခုလုံးကို ရှေ့နောက် အဆက်မပြတ်ရေး၊ လက်တွေ့ကျပြီး အလားအလာကောင်းမွန်သော လုပ်ငန်းစဉ်တစ်ခု ဖော်ဆောင်ရေး၊ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူ Stakeholder များအားလုံးက သဘောတူလက်ခံနိုင်ရေး စသည်တို့ကို တာဝန်ယူ၍ ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံဦးဆောင်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့သူများနှင့် ညှိနှိုင်းအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့သည့်နည်းတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပိုင်းမှာနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ရည်မှန်းချက်နဲ့အညီ ငြိမ်းချမ်းရေးတစ်ခုတည်းသာမက အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပါ ခြုံငုံထူထောင်ဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ရှေ့နောက်အဆက်မပြတ်စေရေး၊ လက်တွေ့ကျပြီးအလားအလာကောင်းတဲ့ လုပ်ငန်းစဉ်တစ်ခုအဖြစ် ဖော်ဆောင်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါဝင်တဲ့ Stakeholder အားလုံးသဘောတူလက်ခံနိုင်ရေးတို့အတွက်ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထိုသို့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်နေသူ အသီးသီးနှင့်တွေ့ဆုံခြင်း၊ အပြန်အလှန်ဆွေးနွေးခြင်း၊ အကြံပြုချက်များရယူခြင်း စသည်တို့ကို ဆောင်ရွက်ပြီးနောက် ပန်းတိုင်သုံးရပ်လုံးအတွက် အင်စတီကျူးရှင်းများ ပြင်ဆင်ခင်းကျင်းခြင်း၏ ကနဦးဆောင်ရွက်ချက်အဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center - NRPC) ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်သည်။

**အချပ်ပို (ခ) သို့**

**အချပ်ပို(က)မှ**

NRPC မှ အစပြု၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဖြစ်စဉ်ကြီးတစ်ခုလုံးကို စတင်ခြေလှမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

NRPCကို ဖွဲ့စည်းရာတွင် ပြည်တွင်းငြိမ်းချမ်းရေးသာမက ပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့သည်။ NRPC ပြင်ဆင်ဖွဲ့စည်းရာတွင်လည်း နေပြည်တော်တွင် NRPC ရုံးချုပ်ထားရှိပြီး ရန်ကုန်ရှိ ရုံး(ယခင် Myanmar Peace Center ရုံးဟောင်း)ကို NRPC ရန်ကုန်ရုံးခွဲအဖြစ် ထားရှိနိုင်ရေး ဆောင်ရွက်ခဲ့ရသည်။ နေပြည်တော်ရှိ NRPC ရုံးချုပ်ကို ယခင် အားကစားတက္ကသိုလ် ဖွင့်လှစ်ရန် လျာထားသည့် အားကစားကျေးရွာရှိ အဆောက်အအုံတွင် ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။ NRPC ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ပြီး ငြိမ်းချမ်းရေးသံလွင်ပင်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် စိုက်ပျိုး၍ ဖွင့်လှစ်ပေးခဲ့သည်။

တစ်ဖက်တွင်လည်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအကြို ပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အဆက်ပြတ်တောက်ခြင်း မရှိစေရန် အခင်းအကျင်းများ ပြောင်းလဲဆောင်ရွက်ခဲ့သည်။ အင်စတီကျူးရှင်းများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးခြင်းတို့ကို တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ပထမဦးစွာ (၂၁) ရာစု ပင်လုံညီလာခံဟူသော သဘောတရားကို တည်ရှိပြီးဖြစ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အံဝင်ခွင်ကျဖြစ်စေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA)လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီး ပြုလုပ်ရန်ရှိသော ညီလာခံကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံဟု ခေါ်တွင်စေခဲ့သည်။ NCA အရဖွဲ့စည်းပေါ်ပေါက်လာသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲ စောင့်ကြည့်ရေးကော်မတီ (Joint Ceasefire Monitoring Committee-JMC) နှင့် တွေ့ဆုံပြီး JMC လုပ်ငန်းစဉ်များ ဆက်လက် ဆောင်ရွက်နိုင်ရန် မူဝါဒပိုင်းအရ အတည်ပြုပေးခဲ့သည်။ NCA စာချုပ်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရန် ဟူသော အရေးကြီးသည့် လုပ်ငန်းတာဝန်ကြီးနှစ်ရပ် ဖော်ပြပါရှိသည့်အလျောက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအား ဆက်လက် ထိန်းသိမ်းနိုင်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်နှင့် JMC၏ လုပ်ငန်းစဉ်များ ခိုင်မာစေရန် ဆောင်ရွက်ခြင်းဖြင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား သဘောထားကွဲလွဲမှုများ လျော့ပါးစေခဲ့ပြီး နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ် ပိုမိုခိုင်မာလာစေခဲ့သည်။

**ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သက်ဆိုင်သူများအားလုံးပါဝင်ရေး လမ်းနှစ်သွယ်ဖြင့် ချဉ်းကပ်ဆောင်ရွက်**

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုလည်း Dual track နှစ်လမ်းသွားလမ်းကြောင်းနဲ့ ဆောင်ရွက်ရာမှာတစ်ဖက်မှာ (Nationwide Ceasefire Agreement – NCA)လက်မှတ်ထိုးထားတဲ့အဖွဲ့တွေနဲ့ နိုင်ငံရေးဆွေးနွေးမှုတွေ ဆက်လက်ဆောင်ရွက်ခဲ့သလို နောက်တစ်ဖက်မှာလည်း NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးကျင်းပစဉ်

လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံရေးဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်ရာတွင် အဓိကအားဖြင့် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြင်ဆင်ရေးအတွက် ဆွေးနွေးခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးခြင်းမရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်အတွက်လည်း သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး လမ်းနှစ်သွယ်တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ဆပ်ကော်မတီ(၁)နှင့် ဆပ်ကော်မတီ(၂) ဟူ၍ ကော်မတီနှစ်ခုပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

ဆပ်ကော်မတီ(၁)မှာ NCA လက်မှတ်ရေးထိုးထားပြီးဖြစ်သော အဖွဲ့များနှင့် ဆွေးနွေးရန်ဖြစ်ပြီး ဆပ်ကော်မတီ(၂)မှာ NCA လက်မှတ်မထိုးရသေးသော အဖွဲ့များနှင့် ဆွေးနွေးရန်ဖြစ်သည်။ ယင်းဆပ်ကော်မတီ နှစ်ရပ်ပေါင်းအနေဖြင့် လက်မှတ်ထိုးပြီးသူများရော၊ လက်မှတ်မထိုးရသေးသူများပါ ပေါင်းစည်းပါဝင်ဆွေးနွေးနိုင်မည့် နည်းလမ်းကို ရှာဖွေခဲ့ရာ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပြန်လည်သုံးသပ်သည့် အစည်းအဝေးများ ဆောင်ရွက်နိုင်သည့်အခြေအနေကို ရရှိခဲ့ကြောင်း သိရသည်။

အလားတူပင် NRPC မှ ချမှတ်ပေးသော မူဝါဒများကို အကောင်အထည်ဖော်ရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား NRPC နှင့် ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန် ဒေါက်တာတင်မျိုးဝင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ငြိမ်းချမ်းရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးခဲ့ပါသည်။ အဓိကအားဖြင့် လက်မှတ်မထိုးရသေးသည့်အဖွဲ့များ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

(၂၁)ရာစု ပင်လုံညီလာခံကျင်းပရေးကိစ္စရပ်များကို ဆပ်ကော်မတီ(၁)နှင့် ဆွေးနွေးခြင်း၊ လက်မှတ်မထိုးရသေးသော အဖွဲ့များအား ဆပ်ကော်မတီ(၂)မှ တွေ့ဆုံ ဆွေးနွေးခြင်း၊ နှစ်ဖွဲ့ပေါင်းစည်းပါဝင်သော Framework Review Meeting များကို ပူးတွဲပါဝင်စေခြင်းဖြင့် လက်မှတ်ရေးထိုးခြင်း မရှိသေးသူများ Ownership ရရှိရေးကို ဆောင်ရွက်နိုင်ခဲ့သည်။ ထိုသို့နည်းလမ်းနှစ်သွယ် တစ်ပြိုင်နက်တည်း ဆောင်ရွက်ခဲ့သည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးတွင် NCA လက်မှတ်မရေးထိုးနိုင်သေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တက်ရောက်နိုင်သည်အထိ နားလည်မှုများ ဖြစ်ထွန်းပေါ်ပေါက်လာစေခဲ့သည်။

ပို၍ထူးခြားသည်မှာ ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ပထမအစည်းအဝေးတွင် အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးတွဲကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။ ၎င်းထူးခြားချက်မှာ NRPC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပူးတွဲဆောင်ရွက်ခဲ့ကြသည့် အောင်မြင်မှု တစ်ရပ်ဟု ဆိုနိုင်ပါသည်။

**နိုင်ငံရေးဆွေးနွေးပွဲများအတွက် ပြင်ဆင်ဆောင်ရွက်**

တစ်ချိန်တည်းမှာပင် နိုင်ငံရေးဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် အဓိက အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (Union Peace Dialogue Joint Committee-UPDJC) ကို ပြင်ဆင်ဖွဲ့စည်းရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ UPDJC သည် NCAအရ ဖွဲ့စည်းဖြစ်ပေါ်လာသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်တိုင်းတွင် ပါဝင်သင့်ပါဝင်ထိုက်သူများအားလုံး ပါဝင်ခွင့်ရရှိရမည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မူဝါဒလမ်းညွှန်ချက်အတိုင်း ပါဝင်သင့် ပါဝင်ထိုက်သူများအားလုံး ပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် UPDJC ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့၊ နိုင်ငံရေးပါတီများ အစုအဖွဲ့များနှင့် ပြန်လည်ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံရေးဆွေးနွေးမှုမူဘောင် ပြန်လည်သုံးသပ်ရာတွင် ငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးအတွက် အလေးပေးဆောင်ရွက်ခဲ့သလိုအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် လိုအပ်သော လုပ်ငန်းလမ်းညွှန်များကို UPDJC မှ ရေးဆွဲအတည်ပြုပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ပြီး နိုင်ငံသားတို့ ဆန္ဒသဘောထားများ ပါဝင်နိုင်ရေးကို အလေးပေးဆောင်ရွက်ခြင်းတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်းသည် နှစ်ပေါင်းများစွာအတွင်း ကြီးမားလှသော လူထုပါဝင်မှုပင် ဖြစ်ပါသည်။ အလားတူ ထူးခြားချက်တစ်ရပ်မှာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အလေးအနက်ထားပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပေါင်းစည်းနိုင်ခဲ့ခြင်းဖြစ်သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများအား CSO Forum အဖြစ် သီးခြားဆောင်ရွက်စေပြီး ထိုဖိုရမ်မှ တင်ပြလာသော အဆိုပြုချက်များကို ငြိမ်းချမ်းရေးညီလာခံတွင် ထည့်သွင်းစဉ်းစားသုံးသပ်နိုင်စေရန် ဆောင်ရွက်ခဲ့ရာတွင် UPDJC ၏ အခန်းကဏ္ဍမှာ အထူးပင်အရေးကြီးသည်။ မူဘောင်ပြင်ဆင်ခြင်းနှင့် ပြည်သူလူထုပါဝင်မှု လမ်းဖွင့်ပေးခြင်းတို့သည် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်၏ အောင်မြင်မှုပင်ဖြစ်သည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ**

နှစ်ပေါင်းခြောက်ဆယ်ကျော် ပဋိပက္ခနှင့် တင်းမာမှုများ ပြင်းထန်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ အနေဖြင့် ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးသည် အဓိကအရေးကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သည်။

အစိုးရသစ် စတင်တာဝန်ယူစဉ် ပြည်သူလူထုအား အသိပေးပြောကြားခဲ့သည်နှင့်အညီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဓိကဦးစားပေး လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အနိမ့်အမြင့်၊ အတက် အကျများစွာ ကြုံတွေ့ရလေ့ရှိပြီး စိတ်ရှည်သည်းခံမှု၊ စိတ်ရင်းစေတနာမှန်ကန်မှု၊ အပြန်အလှန် နားလည်မှုတို့ဖြင့်

**အချပ်ပို (ဂ)သို့**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းတွင် အပြန်အလှန်ဆွေးနွေးကြစဉ်

အချပ်ပို(ခ)မှ

ရေရှည်အချိန်ယူ၍ ဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ နှစ်ပေါင်းများစွာအတွင်း တွေ့မြင်ခဲ့ရသော အတွေ့အကြုံတို့သည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ် မယိမ်းယိုင်ရေးအတွက် သင်ခန်းစာများဟု ဆိုနိုင်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံရေးဆွေးနွေးပွဲများသည် ခွဲခြား၍ မရနိုင်ဘဲ တစ်ပေါင်းတစ်စည်းတည်းဖြစ်သည်ကို ပြသသည့်အနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်းအဖြေရှာနိုင်ရန် နှစ်ပေါင်း(၆၀)ကျော်ကာလအတွင်း တိုင်းရင်းသားများ၏ သဘောထားရပ်တည်ချက်များကို ပွင့်လင်းလွတ်လပ်စွာ ပြောကြားခွင့်ရရှိစေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကို ကျင်းပခဲ့ပါသည်။ ယင်းကို ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ရာ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများက တိုင်းရင်းသားပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံ၏ ရပ်တည်ချက်သဘောထားများကို တိုက်ရိုက်ကြည့်ရှုနိုင်သည့်အတွက် လူထုစိတ်ဝင်စားမှု အရှိန်အဟုန်မြင့်တက်ခဲ့သည့်အပြင် နှစ်ပေါင်းများစွာအတွင်း မတူကွဲပြားနေခဲ့သော တိုင်းရင်းသားတို့၏ အမြင်များကို ပြည်သူတစ်ရပ်လုံး တွေ့မြင်ကြားသိခွင့် ပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

မကြာခင်ကာလတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ကျင်းပရန် စီစဉ်လျက်ရှိပြီး ယင်းညီလာခံတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ အခြေခံမူဝါဒနှင့် စပ်လျဉ်းသည့် သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် UPDJC မှ သဘောတူဆုံးဖြတ်ထားပြီး ဖြစ်သည်။ ဤသဘောတူညီချက်သည် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသည့် အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် အရေးကြီးလှသော အခြေခံမှုများ ဖြစ်လာမည်ဖြစ်သည်။

**NCA ၏ တစ်နှစ်တာနှင့် အနာဂတ်မျှော်မှန်းချက်**

လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်သည် NCA ကို အခြေခံ၍ တိုးတက်ဖြစ်ပေါ်လာသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ထွန်းပေါ်ပေါက်လာစေသည့် NCA သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသာမက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပေါ် စောင့်ကြည့်၍ ညှိနှိုင်းဖြေရှင်းသည့် လုပ်ငန်းစဉ်များကို သဘောတူညီခြင်းဖြစ်သည့်အပြင် နိုင်ငံရေးဆွေးနွေးမှုလုပ်ငန်းစဉ်များအတွက်ပါ နှစ်ဦးနှစ်ဖက်အကြား အာမခံချက်များထားရှိခြင်း ဖြစ်ပါသည်။ ယင်းစာချုပ်ပါ အချက်များသည် အင်အားစုများအကြား ညှိနှိုင်းသဘောတူညီထားသော ငြိမ်းချမ်းရေး အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် ၎င်းအချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် အနာဂတ် ပြည်ထောင်စုအတွက် အရေးပါသော ခြေလှမ်းများဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းမှု၏ အဓိကသမိုင်းမှတ်တိုင်တစ်ခုဖြစ်သော NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ခဲ့သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၆ အောက်တိုဘာ ၁၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပခဲ့ပြီး NCA ပါ လုပ်ငန်းများကို ပူးပေါင်းအကောင်အထည်ဖော်ခြင်းဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အသစ်တစ်ရပ်ကို တည်ဆောက်၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲများ၏ ရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန် တွန်းအားပေးနိုင်ခဲ့ပြီဖြစ်သည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် “ဝ”အထူးဒေသ(၂)မှ “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ ဗဟိုပေါလစ်ဗျူရိုအဖြဲ့တမ်း ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်ယူယိ ဦးဆောင်သည့်အဖွဲ့ဝင်များ၊ အထူးဒေသ(၄) မိုင်းလား ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်း ဦးဆောင်သည့်အဖွဲ့ဝင်များအား ၂၀၁၆ ခုနှစ် ဇူလိုင် ၂၉ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ တွေ့ဆုံစဉ်**

တစ်နှစ်တာအတွင်း ငြိမ်းချမ်းရေးခရီးကို ပြန်လည်သုံးသပ်ကြည့်ပါက မျှော်လင့်ချက်များ ပိုမိုခိုင်မာလာစေသည့် အခြေအနေများရှိနေသလို ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုခိုင်မာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည့် စိန်ခေါ်မှုများလည်း ရှိနေသေးသည်ကို တွေ့ရှိနိုင်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းစဉ်ကြီးတစ်ရပ်ဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးပန်းတိုင်ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။



**ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစည်းအဝေးကျင်းပစဉ်**

**နိုင်ငံရေးနှင့်ဆက်နွှယ်၍ ထိန်းသိမ်းခံထားရသူများ လွတ်မြောက်ရေးဆောင်ရွက်**

ဒီမိုကရေစီအစိုးရလက်ထက်တွင် နိုင်ငံရေးအကျဉ်းသားမရှိစေရဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ စိတ်ရင်းစေတနာ၊ မူဝါဒနှင့် လမ်းညွှန်မှုကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံရေးဆက်နွှယ်၍ ထိန်းသိမ်းခံထားရသူများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးနှင့် ဆက်နွှယ်အမှုရင်ဆိုင်နေရသော ကျောင်းသားကျောင်းသူများ ပြန်လည်လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။ ယခုကိစ္စနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးရှိ စစ်ဆေးဆဲအမှုများ၊ မြို့နယ်တရားရုံးအသီးသီးတွင် တရားစွဲဆိုထားသည့်အမှုများ ပိတ်သိမ်းခြင်း၊ ရုပ်သိမ်းခြင်းများကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်နှင့် ဧပြီ ၁၆ ရက်တွင် ပြန်လွှတ်ပေးခဲ့သည့် ၈၃ ဦး အပါအဝင် ၂၀၁၆ ခုနှစ် မေလကုန်အထိ ထိန်းသိမ်းခံထားရသူ စုစုပေါင်း ၄၅၃ ဦးကို ပြန်လည်လွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်သူများအကြား ငြိမ်းချမ်းရေးအသိပျိုးထောင်**

(က) ငြိမ်းချမ်းရေးစကားဝိုင်းများကျင်းပခြင်း

ငြိမ်းချမ်းရေး ရခြင်း၊ မရခြင်း၏အကျိုးဆက်ကို အများဆုံးခံစားရမည့်သူများမှာ အနာဂတ် မျိုးဆက်သစ်လူငယ်များဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များအတွက်ရည်ရွယ်ကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ လူငယ်များအားတွေ့ဆုံ၍ ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) ကို ၂၀၁၇ ဇန်နဝါရီ ၁ ရက်တွင်လည်းကောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ပြည်ထောင်စုသားအားလုံးနှင့် သက်ဆိုင်သဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသူ၊ တိုင်းရင်းသားများ တွေ့ဆုံဆွေးနွေးသည့် ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း (Panglong Peace Talk)ကို ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တွင် ပင်လုံမြို့၌လည်းကောင်း ကျင်းပပြုလုပ်နိုင်ခဲ့သည်။ ဆက်လက်၍လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်းသာမက ပြည်သူများအကြားတွင်လည်း ငြိမ်းချမ်းရေးစကားဝိုင်းများ ပေါ်ပေါက်လာစေရန်လည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

(ခ) Peace Process Orientation Course သင်တန်းများ ဖွင့်လှစ်ခြင်း

နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် တစ်ခုတည်းသော အဖြေသည် လက်ရှိမြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်ပြီး ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ဖက်ဒရယ်စနစ်ဖြစ်ပြီး ယင်းဖက်ဒရယ်စနစ်ကို ညှိနှိုင်းဆွေးနွေးနိုင်မည့် တစ်ခုတည်းသော နိုင်ငံရေးစကားဝိုင်းမှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဖြစ်သည်။ သို့ဖြစ်၍ (၂၁) ရာစုပင်လုံ ညီလာခံတွင် ပါဝင်ကြမည့် အစိုးရကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လုပ်ငန်းကော်မတီများ၊ ကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် (၂၁)ရာစုပင်လုံနှင့် ပတ်သက်၍ သိသင့်သိထိုက်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ဆွေးနွေးနိုင်စေရန် ရည်ရွယ်၍ Peace Process Orientation Course သင်တန်းကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(နေပြည်တော်) တွင် ၂၀၁၇ ဇန်နဝါရီ ၁၉ ရက်မှ ၂၁ရက်အထိ ဖွင့်လှစ်ခဲ့သည်။

**ငြိမ်းချမ်းရေးဆိုင်ရာကူညီထောက်ပံ့မှုများကို ညှိနှိုင်းဆောင်ရွက်ခြင်း**

နိုင်ငံတော်အတိုင်ပင်ခံရုံးအနေဖြင့် ငြိမ်းချမ်းရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သော ရန်ပုံငွေများအား ပြည်တွင်းပြည်ပ အလှူရှင်များမှ ထည့်ဝင်နိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ဘဏ်ခွဲ၌ ငွေစုဘဏ်စာရင်းဖွင့်လှစ်လက်ခံထားပြီး ပြည်တွင်းအလှူရှင်များမှ လှူဒါန်းသည့် ငြိမ်းချမ်းရေးရန်ပုံငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် စနစ်တကျသုံးစွဲခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှု ခံယူခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးနှင့် အောင်မြင်စေရေးအတွက် လိုအပ်သော ရန်ပုံငွေများရရှိရေး၊ ရရှိလာသော ရန်ပုံငွေများကို မျှတညီညွတ်စွာ ခွဲဝေပေးနိုင်ရေး၊ ရန်ပုံငွေများ သုံးစွဲရာတွင် ထိရောက်မှုရှိစေရေးနှင့် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများကို စနစ်တကျခွဲ မျှဝေနိုင်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Joint Coordinating Body for Peace Process Funding-JCB)ကိုဖွဲ့စည်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည်။ ထူးခြားချက်မှာ JCB တွင် ပါဝင်သော အဖွဲ့အစည်းများမှာ NCA လက်မှတ်ရေးထိုးပြီး အဖွဲ့များသာမက NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသော အဖွဲ့များပါ ပါဝင်စေလျက် ညှိနှိုင်းဆောင်ရွက်ခြင်း ဖြစ်သည်။ လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့ ကိုယ်စားလှယ်များသာမက လက်မှတ်မထိုးရသေးသည့် UNFC ကိုယ်စားလှယ်များ၊ “ဝ ” နှင့် “မိုင်းလား” ကိုယ်စားလှယ်များလည်း ပါဝင်ပါသည်။ နိုင်ငံတကာကူညီထောက်ပံ့မှုများကို ညှိနှိုင်းဆွေးနွေး၍ ဆုံးဖြတ်ခြင်းကို ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဆက်စပ်လျက် ဆောင်ရွက်နေခြင်းဖြစ်သည်။

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မူဝါဒ လမ်းညွှန်ချက်ဖြစ်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်တွင်းရှိ လက်နက်ကိုင်ပဋိပက္ခများရပ်ဆိုင်းပြီး ပစ်ခတ်တိုက်ခိုက်မှုများပြီးဆုံးသွားရေးအတွက်သာ မဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခအပါအဝင် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသူများ အားလုံး၏သက်ဆိုင်ရာ လူ့အသိုက်အဝန်းများအတွင်း တင်းမာမှု၊ မုန်းတီးမှုများနှင့် ရန်လိုမှုများအား အရင်းအမြစ် အခြေခံများမှစတင်ပြီး ဖြေရှင်းဆောင်ရွက်နိုင်ရေးနှင့် အသိုက်အဝန်းများအကြားတွင်လည်းကောင်း၊ တိုင်းရင်းသား ညီအစ်ကိုများအကြားတွင်လည်းကောင်း ပြန်လည်သင့်မြတ် ရင်ကြားစေ့နိုင်ရေးနှင့် လိုက်လျောညီထွေ အတူတကွအေးချမ်း စွာ ယှဉ်တွဲနေထိုင်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ကိုပါ အလေးထားဆောင်ရွက်လျက်ရှိသည်။

“ရခိုင်ပြည်နယ်ဟာ ရခိုင်ပြည်သူပြည်သားများအတွက်သာမက နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးအတွက်လည်း အလွန်ကိုအရေးကြီးတဲ့အတွက် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး၊ ယင်းဒေသမှာနေထိုင်ကြသူတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အသိုက်အဝန်းများအကြား သဟဇာတဖြစ်စေရေးတို့အတွက် ဘက်ပေါင်းစုံချဉ်းကပ်မှုနဲ့ အထူးအလေးထားဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အဆင့်၊ နိုင်ငံတကာအဆင့် ယန္တရားများကိုလည်း ဖွဲ့စည်းခဲ့ပြီး ဘက်စုံထောင့်စုံမှကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ရခိုင်ပြည်နယ်သည် သဘာဝ သယံဇာတပေါကြွယ်ဝသည့် ကမ်းရိုးတန်းဒေသဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရခိုင်တိုင်းရင်းသားများမှာ ၎င်းတို့၏ မွေးရပ်မြေကို စွန့်ခွာလျက် ရေကြည်ရာမြက်နုရာအရပ်များသို့ ထွက်ခွာသွားသဖြင့် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံမှ နည်းမှန်လမ်းမှန်မဟုတ်ဘဲ ဝင်ရောက်လာသော (Irregular Migration) ကြောင့်လည်းကောင်း ကျန်ရှိသည့် ရခိုင်တိုင်းရင်းသားများသည် ၎င်းတို့၏ မွေးရပ်မြေပေါ်မှာပင် လူနည်းစုများအဖြစ် ရပ်တည်နေသည့်

**အချပ်ပို (ဃ)သို့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ ဧပြီ ၁၊ ၂၀၁၇



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံဖွင့်ပွဲအခမ်းအနား၌ အဖွင့်မိန့်ခွန်းပြောကြားစဉ်

**အချပ်ပို(ဂ)မှ**

အနေအထားကို အစိုးရသစ်အနေဖြင့် အထူးသုံးသပ်လေ့လာမိသည့်အချက်ဖြစ်သည်။ အဆိုပါ အခြေအနေတို့အား ကျော်လွှားနိုင်ရန်နှင့် ရခိုင်ပြည်နယ်အတွင်း နှစ်ပေါင်းများစွာကပင် အမြစ်တွယ်နေသည့် ပြဿနာများနှင့် စိန်ခေါ်မှုများအား လက်တွေ့ကျကျဖြေရှင်းနိုင်ရန်အတွက် နည်းလမ်းများရှာဖွေရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးမှာ အစိုးရသစ်၏ အဓိက ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် နိုင်ငံတော်မှဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များသည် နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးအတွက် အလွန်အရေးကြီးလျက်ရှိရာ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရန် ဘက်ပေါင်းစုံချဉ်းကပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပြီး နားလည်မှုနှင့်ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် ရေတို/ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ် အရေးကိစ္စကို အထူးအလေးထား၍ အစိုးရတစ်ဖွဲ့လုံး ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်လျက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ပြည်ထောင်စုအစိုးရတစ်ဖွဲ့လုံးအဖွဲ့ဝင်အဖြစ် ပါဝင်သည့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီအောက်တွင် ကဏ္ဍအလိုက် လုပ်ငန်းကော်မတီ (၄)ရပ်ကို ဖွဲ့စည်းခဲ့သည်။ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများအနေဖြင့် မြေပြင်အခြေအနေမှန်များအား သိရှိစေရန်နှင့် ရခိုင်ပြည်နယ်သို့ ကွင်းဆင်းလေ့လာမှုများပြုလုပ်၍ အေးချမ်းတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဦးစားပေးအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ရခိုင်ပြည်နယ်အရေးကိစ္စသည် သိမ်မွေ့နက်နဲသော သဘောသဘာဝရှိရာ ယင်းကို ဖြေရှင်းနိုင်မည့် ရေရှည်နည်းလမ်းကောင်းများ ရရှိရေးအတွက် အကြံပြုပေးနိုင်ရန်နှင့် ရခိုင်ပြည်နယ်အရေးကိစ္စကို ပြည့်စုံစွာ ဖြေရှင်းနိုင်ရန်အစိုးရ၏ ကြိုးပမ်းအားထုတ်နေမှုများကို အထောက်အကူဖြစ်စေရေးတို့အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ကိုဖီအာနန်ဖောင်ဒေးရှင်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာ ကိုဖီအာနန်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ကော်မရှင်အနေဖြင့် ယခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ကြားဖြတ်အစီရင်ခံစာကို နိုင်ငံတော်အစိုးရထံ တင်သွင်းခဲ့ပါသည်။ ကော်မရှင်မှ မြေပြင်ကွင်းဆင်းလေ့လာမှုများ၊ စုံစမ်းဆွေးနွေးမှုများအပေါ် အခြေခံ၍ နိုင်ငံတော်အစိုးရထံသို့ တင်သွင်းခဲ့သည့် အကြံပြုချက်များသည် ရေရှည်ကာလအတွက် ဖြေရှင်းချက်များ ရှာဖွေရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ယင်းသို့ အပြုသဘောလုပ်ဆောင်ချက်များ လုပ်ဆောင်နေစဉ်မှာပင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ် မောင်တောဒေသရှိ နယ်ခြားစောင့်ရဲစခန်းများအား နိုင်ငံရပ်ခြားက ရန်ပုံငွေပံ့ပိုးလှုံ့ဆော်ပေးထားသော လက်နက်ကိုင်များက အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပုဒ်မ-၁၄၄ ထုတ်ပြန်ခဲ့ပြီး မောင်တောဒေသကို စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ကာ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။

ယခုအခါ ဒေသပြန်လည်တည်ငြိမ်မှုရရှိပြီဖြစ်၍ ယခင်ညမထွက်ရအမိန့်ကို ပြန်လည်လျှော့ပေါ့လိုက်ပြီး တပ်မတော်မပါဝင်တော့ဘဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကသာ လုံခြုံရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မောင်တောဒေသရှိ နှစ်ဖက်အသိုက်အဝန်းအား လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးခြင်းကိုလည်း အစိုးရကပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇ခုနှစ် အောက်တိုဘာလ ၉ ရက်နှင့် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ လုံခြုံရေးအဖွဲ့ဝင်များအား တိုက်ခိုက်မှုများ ဖြစ်ပွားရသည့် နောက်ခံအကြောင်းရင်းများနှင့် နောက်ဆက်တွဲ အကျိုးဆက်များကို စုံစမ်းစစ်ဆေးရန်နှင့် ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များ ထွက်ပေါ်နေခြင်းတို့ကို စုံစမ်းစစ်ဆေးရန်စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ စုံစမ်းစစ်ဆေးရေး ကော်မရှင်အနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလဆန်းမှ ၂၀၁၇ ခုနှစ် မတ်လအတွင်း မောင်တောဒေသသို့ လေးကြိမ်တိုင်တိုင် သွားရောက်ကွင်းဆင်း စစ်ဆေးခဲ့သည့်အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကော်မရှင်အဖွဲ့ဝင်များက ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားခရိုင်သို့ သွားရောက်စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေအရ နိုင်ငံသားစိစစ်မှုများ ပြုလုပ်၍ သက်သေခံအထောက်အထားလက်မှတ်များ ရရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်တွင် နယ်မြေအေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကို အလေးထားဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ မြင့်မားစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတော်အတိုင်ပင်ခံရုံးမှ**
**အချိန်နှင့်တစ်ပြေးညီ သတင်းများထုတ်ပြန်**

ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များအပါအဝင် မြန်မာနိုင်ငံတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီကို ၂၀၁၆ ခုနှစ် နိုဝင်ဘာတွင်ဖွဲ့စည်း၍ သတင်းဖြစ်ရပ်မှန်များကို သတင်းမီဒီယာများ၊ လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက် ရှိသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်**

နိုင်ငံတစ်နိုင်ငံတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တစ်ရပ် ပေါ်ပေါက်စေရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု မြင့်မားတိုးတက်စေရေးတို့အတွက် အဂတိလိုက်စားမှုကင်းရှင်းရေးမှာ အဓိက အခြေခံကျသော အချက်တစ်ရပ်ဖြစ်သည်။

နိုင်ငံတော်၏ အစိုးရယန္တရားအဖွဲ့အစည်းများ၌ အဂတိလိုက်စားမှု ကင်းစင်ပပျောက်စေရေးကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြင့် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာနအနေဖြင့် အစိုးရပိုင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ အဂတိလိုက်စားမှု၊ မမှန်မကန်လုပ်ဆောင်ခဲ့မှုများနှင့် ပတ်သက်သည့် ပြည်သူလူထုထံမှ အသိပေးတိုင်ကြားစာများကို မှတ်ပုံတင်စာ၊ ဖက်စ်၊ အီးမေးလ်တို့ဖြင့် လက်ခံအရေးယူဆောင်ရွက်ခြင်း၊ ပြည်သူတို့၏ တင်ပြချက်များအပေါ် အရေးယူဆောင်ရွက်ခြင်းတို့ကို နိုင်ငံတော်သမ္မတရုံးနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ သိရှိရသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပံ့ပိုးကူညီအထောက်အကူပြုရန် ဖွဲ့စည်းပေါ်ပေါက်လာသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်နှင့်အညီ အစိုးရသစ်၏ ပထမတစ်နှစ်တာကာလအတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အဓိကထား ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မူဝါဒများ အကောင်အထည်ဖော်ခြင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပေးအပ်လာသော တာဝန်များကို ထမ်းဆောင်ခြင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များအကြား လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံတကာအသိုင်းအဝိုင်း ဆက်သွယ်ဆောင်ရွက်သည့် ကိစ္စများတွင်လည်း ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရသစ်၏ ကျန်ရှိသည့် သက်တမ်းလေးနှစ်တာကာလတွင်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ချမှတ် ပေးထားသည့် မူဝါဒများနှင့် လမ်းညွှန်ချက်များ အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန်အတွက် နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာနအနေဖြင့် တစ်တပ်တစ်အား ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသမီးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်





ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း



# ရန်ကုန်တိုင်းဒေသကြီး အစိုးရသစ်၏ တစ်နှစ်တာဆောင်ရွက်ချက်များ

**ဖိုးသက်**

ရန်ကုန်မြို့နေ ပြည်သူလူထု၏ နေ့စဉ်အဓိကလိုအပ်ချက်များထဲမှ လမ်း၊ မီး၊ ရေ ပြည့်ပြည့်ဝဝ ကောင်းမွန်စွာ အဓိကအဆင်ပြေစေနိုင်ရေး မျှော်မှန်းထားရှိပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်ထိ တစ်နှစ်တာကာလအတွင်း လုပ်ငန်းပေါင်း ၇၀၀ ကျော်လောက်ကို အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သိရှိရသည်။

**စွမ်းဆောင်ကြိုးပမ်း**

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့ကို စည်းကမ်းကျနပြီး နေချင်စဖွယ် သာယာလှပဖွံ့ဖြိုးသည့် မြို့တစ်မြို့အဖြစ် ပေါ်ထွန်းလာစေရန်အတွက် စွမ်းဆောင်ကြိုးပမ်းအကောင်အထည်ဖော်လာသောကြောင့် ယခုအချိန်တွင် အောင်မြင်လှပသော မြင်ကွင်းများအဖြစ် သရုပ်ပေါ်လာ ပြီဖြစ်သည်။

ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရန်အတွက် ခရီးသွားပြည်သူများကို ပိုမိုကောင်းမွန်သော အများပြည်သူသယ်ယူပို့ဆောင်ရေး စနစ်သစ် YBS ကို ဖော်ဆောင်နိုင်ခဲ့ခြင်းမှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အပြောင်းအလဲကောင်းများစွာထဲမှ တစ်ခုအဖြစ် အရေးပါလွန်းလှသည်။

ရန်ကုန်မြို့တော် အတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်သစ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ယာဉ်လိုင်းပေါင်း ၆၀ ဖြင့် ပြောင်းလဲဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။



**ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု**

ယခင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (မထသ) မှ ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု (Yangon Bus Service - YBS) သို့ ပြောင်းလဲခဲ့ခြင်းသည် ပြည်သူလူထုကို ဝန်ဆောင်မှုကောင်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ ပြောင်းလဲခြင်းဖြစ်ပြီး ယင်းအပြောင်းအလဲသည် စနစ်အပြောင်းအလဲသာ ဖြစ်သည်ဟု ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က “ရန်ကုန်မှာ ဘတ်စ်ကားယာဉ်လိုင်းတွေကို မထသအဖြစ် ပြေးဆွဲလာခဲ့တဲ့ နှစ် ၅၀ ကျော် ဆောင်ရွက်ခဲ့မှုတစ်ရပ်ကို ကျွန်တော်တို့ ရပ်ဆိုင်းခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အပြောင်းအလဲဟာ စနစ်အပြောင်းအလဲ ဖြစ်ပါတယ်။ စနစ်ကို စတင်နိုင်ဖို့အတွက် YBS ယာဉ်လိုင်းကို စတင်ခဲ့ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်း ပါဝင်လာမှုကြောင့် စနစ်တစ်ရပ်လုံးဟာ သုံးရက်တာကာလ လောက်အတွင်းမှာပဲ စနစ်တကျ ပြောင်းလဲနိုင်ခဲ့ပါတယ်။

**ကားသစ်ပေါင်း ၃၀၀၀**

“အသွားကျမှုတစ်ရပ်ကိုတော့ ကျွန်တော်တို့ အခု စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကားတွေကို အဆင့်မြှင့်နိုင်ဖို့၊ ကားတွေကို GPS စနစ်နဲ့ Operator Team ကနေ ထိန်းချုပ်နိုင်ဖို့၊ တစ်ဖက်ကလည်း ဘတ်စ်ကား ပိုက်ဆံပေးတဲ့ စနစ်ကို ငွေပေးကတ်နဲ့ပေးနိုင်ဖို့ဆိုတဲ့ အခြေအနေကို ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ကားသစ်ပေါင်း ၃၀၀၀ လောက်ကို ဝယ်ယူဖို့ပြင်ဆင်နေပြီဖြစ်ပါတယ်။ နိုင်ငံတော်ဘဏ္ဍာငွေထဲကလည်း ငွေကျပ်ဘီလီယံ ၇၀ လောက် သုံးစွဲဖို့ ပြင်ဆင် နေပြီဖြစ်ပါတယ်။ကားတွေက မှတ်တိုင်မှာ ဘယ်လောက်ကြာကြာရပ်တယ်၊ လမ်းမှာ ဘယ်လောက်ကြာတယ်၊ ဂိတ်စဂိတ်ဆုံးပြေးဆွဲမှု ရှိမရှိ ဆိုတာကို Tarffic Control Center ကနေ ထိန်းချုပ်သွားမှာ ဖြစ်ပါတယ်။ ကားတွေရဲ့ ယာဉ်ကြောကျပ်တည်းမှုကိုလည်း ဖြေရှင်းသွားနိုင်ဖို့အတွက် တကယ့်မီးပွိုင့်စနစ်တစ်ရပ်ကိုလည်း ပြုပြင်ပြောင်းလဲပြီး ဖြစ်ပါတယ်”ဟု ပြောသည်။

YBS ယာဉ်လိုင်းစတင်ပြောင်းလဲချိန်တွင် အခက်အခဲအနည်းငယ်ရှိခဲ့သော်လည်း ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုများဖြင့် ယခုအချိန်တွင် ရလဒ်ကောင်းများ ခံစားရရှိနေကြပြီဖြစ်သည်။

လက်ရှိ အချိန်တွင် YBS ယာဉ်လိုင်းပေါင်း ၈၀ နီးပါး၊ ယာဉ်စီးရေ ၄၀၀၀ ခန့်တို့ဖြင့် ခရီးသွားပြည်သူ ၂ ဒသမ ၅ သန်းခန့်ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

**ခေတ်မီ မီးပွိုင့်များ**

ရန်ကုန်မြို့တွင် နိုင်ငံတကာအဆင့်အတန်းမီ ဘတ်စ်ကားစနစ်တစ်ရပ်ပေါ်ထွန်းရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရည်မှန်းဆောင်ရွက်ရာတွင် ခေတ်မီမီးပွိုင့်စနစ် တပ်ဆင်ရန် ၁၅၄ ပွိုင့်ကို သတ်မှတ်ထားပြီး ၎င်းကင်မရာမှ မြို့တွင်းဝင်လာသော ကား၊ ထွက်သွားသောကားများနှင့် ရန်ကုန်မြို့လမ်းကြောအသီးသီးတွင် သွားလာနေမှုမှတ်တမ်းများ စသည်တို့ကို မှတ်တမ်းပြုစုပေးထားနိုင်မည်ဖြစ်သည်။ စည်းကမ်းမဲ့ယာဉ်များ၊ ယာဉ်ကြောကျပ်တည်းမှုများကိုလည်း ဖြေရှင်းပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရမှ ညွှန်ကြားထားသော ညွှန်ကြားချက်များနှင့်အညီ ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီတစ်ရပ်ကို ဖွဲ့စည်းကာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

မြို့တော်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းသည် မြို့နေလူထု၏ ကျန်းမာရေးအတွက် လွန်စွာအန္တရာယ်များလှသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်များကိုလည်း လျှော့ချဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

**အမှိုက်ထုပ်ကောက်သိမ်းစနစ်**

စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် နောက်ဖေးလမ်းကြားများ၊ ရပ်ကွက်များရှိ ရေမြောင်းများ၊ ရေစီးရေလာမကောင်းခြင်း၊ ရေမြောင်းပိတ်ခြင်းများ မဖြစ်ပေါ်စေရေးအတွက်လည်း အမှိုက်ထုပ်ကောက်သိမ်းစနစ်အား ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရိုင်လေးခရိုင်ရှိ ရပ်ကွက်ပေါင်း ၁၀၀ ကျော်တွင် သိမ်းဆည်းပေးနိုင်ခဲ့သည်။

နောက်ဖေးလမ်းကြား အမှိုက်သိမ်းခြင်းကို အရှေ့ပိုင်းခရိုင်တွင် ယုဇနဉယျာဉ် အိမ်ရာ၊ အနောက်ပိုင်းခရိုင်တွင် မြို့နယ်ခုနစ်မြို့နယ်ရှိ ရပ်ကွက်ပေါင်း ၄၀ ကျော်နှင့် လမ်းကြား ၁၀၀ ကျော်၊ တောင်ပိုင်းခရိုင်တွင် မြို့နယ်လေးမြို့နယ်ရှိ ရပ်ကွက်ပေါင်း ၂၀ ကျော်နှင့် လမ်းကြား ၁၅၀ ကျော်၊ မြောက်ပိုင်းခရိုင်တွင် လမ်းကြား ၁၈၀ ကျော်တို့၌ ရေစီးရေလာကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးတို့ကို ပြုလုပ်ပေးခဲ့သည်။

**အချပ်ပို (စ) သို့**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက YBS စနစ်သစ်ဆောင်ရွက်ရာတွင် Volunteer များနှင့်တွေ့ဆုံပွဲကျင်းပစဉ်

**ရန်ကုန်မှာ ဘတ်စ်ကားယာဉ်လိုင်းတွေကို မထသအဖြစ် ပြေးဆွဲလာခဲ့တဲ့ နှစ် ၅၀ ကျော် ဆောင်ရွက်ခဲ့မှုတစ်ရပ်ကို ကျွန်တော်တို့ ရပ်ဆိုင်းခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အပြောင်းအလဲဟာ စနစ်အပြောင်းအလဲ ဖြစ်ပါတယ်။ စနစ်ကို စတင်နိုင်ဖို့အတွက် YBS ယာဉ်လိုင်းကို စတင်ခဲ့ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်လာမှုကြောင့် စနစ်တစ်ရပ်လုံးဟာ သုံးရက်တာ ကာလလောက်အတွင်းမှာပဲ စနစ်တကျ ပြောင်းလဲနိုင်ခဲ့**

ပွဲတော်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၅ရက်နေ့မှ ၄ရက်နေ့အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပွဲတော်ကာလအတွင်း စီတန်းလှည့်လည်ပြသပွဲများ၊ ဆပ်ကပ်ပြပွဲများ၊ Street Art ရေးဆွဲဖန်တီးမှုများ စသည်တို့နှင့် အတူ ဝါ၊ ကြိမ်တို့ဖြင့် ပြုလုပ်ထားသော အရုပ်နှစ်ရုပ်တို့ဖြင့် ရန်ကုန်မြို့တွင် လှည့်လည်လမ်းလျှောက်ပြသမှုများ ပါဝင်လျက် ပြည်သူလူထုများစွာ ပျော်ရွှင်စေခဲ့သည့် ပြင်သစ်-မြန်မာ နှစ်နိုင်ငံကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှု (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အစိုးရသစ်ကာလ လုပ်ဆောင်ချက်အဖြစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

**ပန်းခြံများ အဆင့်မြှင့်**

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း အစဉ်အမြဲ စိမ်းလန်းစိုပြည် လှပနေစေရေးနှင့် မြို့တော်နေပြည်သူများ အပန်းဖြေစိတ်လက်ရွှင်သာစွာ ကျန်းမာရေးလိုက်စား

**အချပ်ပို(ဆ)သို့**

**အချပ်ပို(င)မှ**

"ကျွန်တော်တို့ ရန်ကုန်မြို့မှာ ယာဉ်ကြောကျပ်တည်းမှု အခြေအနေတွေ ရှိပါတယ်။ ဒီအခြေအနေတွေကို ဖြေရှင်းနိုင်ဖို့အတွက် လမ်းမပေါ်မှာ ဈေးရောင်းနေတဲ့သူတွေကို စနစ်တကျ နေရာချထားရေးအစီအစဉ်တွေ ဆောင်ရွက်ခဲ့ပါတယ်။ ဈေးသည်တွေကို စမတ်ကတ်တွေထုတ်ပေးပြီး နေရာချထားပေးခဲ့ပါတယ်။ ရေ၊ မီး၊ သန့်ရှင်းမှုအတွက် အိမ်သာကစပြီး စနစ်တကျတည်ဆောက်ပေးခဲ့ပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

**ဘဝအမောများပြေစေ**

ပြည်သူလူထု တစ်နေ့တာဘဝအမောများပြေစေပြီး မိသားစုများနှင့် ညဈေးတန်းတွင် နားနေနိုင်စေရန် ရန်ကုန်မြို့၌ အောင်မြင်သည့် ညဈေးတန်းကြီး ပေါ်ပေါက်လာစေရန်လည်း စွမ်းဆောင်ကြိုးပမ်းနိုင်ခဲ့ကြသည်။

ကမ်းနားလမ်း၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ဘဏ်လမ်းများ၌ ညဈေးတန်းများ ဖွင့်လှစ်ကာ တစ်မူထူးခြားသည့် မြို့ပြ၏ အလှအဖြစ် ဆန်းသစ်စေခဲ့သည်ဆိုလျှင် မမှားပေ။

မိသားစုများ စိတ်လက်ချမ်းသာစွာ အနားယူနိုင်ခြင်း၊ မြို့ထဲအလုပ်ဆင်းသူများ အလွယ်တကူ ဝင်ရောက်စားသောက်နိုင်ခြင်း၊ ညဈေးတန်းရှိနေသော်လည်း လမ်းလည်းမပိတ်၊ စည်းကမ်းကျနပြီး ရောင်းချသူ၊ စားသုံးသူ၊ နှစ်ဦးနှစ်ဖက် အေးချမ်းစွာ ရောင်းဝယ်စားသောက်နိုင်ကြသည်။

ညဈေးတန်းအဖြစ် ဖော်ဆောင်စဉ်အစ သုံးလခန့်ကို အခမဲ့ ရောင်းချခွင့်ပြုပေးခဲ့ပြီး ဈေးရောင်းချသူများအား နေရာချထားပေးရာတွင်လည်း စမတ်ကတ်များနှင့် စနစ်တကျ ရောင်းချခွင့်ပေးခဲ့ခြင်းဖြစ်သည်။

**ညဈေးတန်း**

ဈေးနှုန်းသက်သာသော၊ သန့်ရှင်းသပ်ရပ်မှုရှိသော စနစ်တကျရှိလှသည့် ညဈေးတန်းအဖြစ် ဖော်ဆောင်နိုင်ခဲ့ပြီး ညဈေးတန်းပေါ်ပေါက်လာခြင်းကြောင့် ယာဉ်ကြောကျပ်တည်းခြင်းဆိုသော အခြေအနေတွေကိုလည်း ကျော်လွှားအောင်မြင်ခဲ့ပြီဖြစ်သည်။

ကမ်းနားလမ်း (သခင်မြပန်းခြံလမ်းနှင့် အောင်ရတနာလမ်းကြား)၊ ပုဇွန်တောင်မြို့နယ် ၅၂ လမ်း စသည့် နေရာများကိုလည်း ညဈေးတန်းများအဖြစ် ဆက်လက်တိုးချဲ့ဖွင့်လှစ်နိုင်ရန်လည်း စီစဉ်ဆောင်ရွက်ခဲ့သည်။

"ရန်ကုန်မြို့သူ မြို့သားတွေအတွက် ညနေပိုင်း အပန်းဖြေရာနေရာတစ်ခုအဖြစ်နဲ့ ဖြစ်လာခဲ့ပါတယ်။ ကုန်သေတ္တာတင်ယာဉ်တွေကို ညဘက်မှာထွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီအခြေအနေဟာ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကျပ်တည်းမှုကို အထောက်အကူပြုမယ့် နည်းလမ်းတစ်ရပ် ဖြစ်ပါတယ်။ ရန်ကုန်ရဲ့ဆိပ်ကမ်းတွေ တည်ရှိရာနေရာကနေ ရေကြောင်းလမ်းကသာ သယ်ယူမယ်ဆိုရင် စရိတ်စကလည်း ပိုပြီး သက်သာနိုင်ပါတယ်။ ခရီးမိုင်အားဖြင့်လည်း ပိုပြီး တိုသွားနိုင် ပါတယ်။ အစပိုင်းအပြောင်းအလဲ တစ်ရပ်မှာတော့ အခက်အခဲရှိကောင်းရှိနိုင်ပေမယ့် အခုအချိန်မှာတော့ အောင်မြင်မှုရလဒ်တွေ ကျွန်တော်တို့ ရနေပြီဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

အာရှနိုင်ငံများအချင်းချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုတို့ကို ဖော်ဆောင်ပေါ်လွင်စေသည့် ရန်ကုန်မြို့နှင့် ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၊ ရန်ကုန်မြို့နှင့် ဖိလစ်ပိုင်နိုင်ငံ ကွီဇုန်မြို့များနှင့် ညီအစ်မမြို့တော် (Sister City) စာချုပ်များ ချုပ်ဆိုနိုင်ခဲ့ပြီး လှပသော မော်ကွန်းသစ်အဖြစ် ကမ္ပည်းတင်နိုင်ခဲ့ကြသည်။

သည်လိုဆောင်ရွက်နိုင်ခြင်းက နှစ်ဖက်မြို့တော်များမှ ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားများ အပြန်အလှန်ချစ်ကြည်ရင်းနှီးစွာ လည်ပတ်နိုင်ခြင်း၊ သတင်းအချက်အလက်၊ ယဉ်ကျေးမှုအနုပညာများ အပြန်အလှန်ဖလှယ်မြှင့်တင်နိုင်ခြင်း၊ လူငယ်ရေးရာ၊ အားကစားရေးရာ၊ သိပ္ပံနှင့်နည်းပညာ စသည့်နယ်ပယ်များတွင် အဆင်ပြေချောမွေ့စွာဆက်သွယ်နိုင်ခြင်း စသည့် အကျိုးရလဒ်ကောင်းများကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**ဂုဏ်ယူစရာ**

ပြင်သစ်-မြန်မာ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှု (၅၅)နှစ်မြောက်အထိမ်းအမှတ် "မင်္ဂလာပါ" ပွဲတော်ကြီး ကျင်းပနိုင်ခဲ့ခြင်းကလည်း ဂုဏ်ယူစရာပင်ဖြစ်သည်။

"မင်္ဂလာပါ" ယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးတို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးခိုင်မြဲမှုနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုများ ပြယုဂ်အဖြစ် ကျင်းပခြင်းဖြစ်သည်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ရတနာနှင်းဆီအိမ်ရာစီမံကိန်းပုံစံငယ်ကို ကြည့်ရှုလေ့လာစဉ်

အချပ်ပို(စ)မှ

အားကစားဆောင်ရွက်နိုင်မှုအတွက် ပန်းခြံများ အဆင့်မြှင့်တင်ခြင်း၊ အားကစားကွင်းများ အသစ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အားကစားကွင်း ကိုးကွင်း အသစ်တည်ဆောက်ခြင်း၊ ပန်းခြံနှစ်ခြံအား အဆင့်မြှင့်တင်ခြင်းများကို မြို့နေပြည်သူများအတွက် ဆောင်ရွက်လျက်ရှိပြီး ယခုလို ဆောင်ရွက်နိုင်ခြင်းသည် အများပြည်သူများအတွက် ပညာပေးအခမ်းအနားများ၊ အပန်းဖြေပွဲများ၊ စာပေပွဲတော်များ စသည်ဖြင့် ကျင်းပနိုင်မည့် အကျိုးများကို ရရှိစေမည်ဖြစ်သည်။

ယခုလို ဆောင်ရွက်ရာတွင် မြို့နေရပ်ကွက်အလိုက် တစ်ရပ်ကွက်လျှင် အားကစားကွင်းတစ်ကွင်း တည်ဆောက်ပေးနိုင်ရေး စီမံချက်ဖြင့် မြေလွတ်မြေလပ်ရှိသော နေရာများတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုမိန့်၊ ကြီးကြပ်မှုများဖြင့် အားကစားကွင်းအသစ် ရှာဖွေတည်ဆောက်ပေးနေသည်။

### မှတ်တမ်းပြုစရာ

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုများဖြင့် မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအတွင်း (၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားများ ကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းများကလည်း မှတ်တမ်းပြုစရာများဖြစ်သည်။

အခမ်းအနားများကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကော်မတီရှစ်ခု ဖွဲ့စည်းကာ တာဝန်ပေးအပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နာယကအဖြစ် ဦးဆောင်ပြီး ထိုနေရာများတွင် ဆယ်စုနှစ်ပေါင်းများစွာ ကျင်းပခြင်းမရှိခဲ့သည့် နိုင်ငံတော်အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။

လျှပ်စစ်သည် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် မရှိမဖြစ်အရေးကြီးလှသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်စဉ်ဓာတ်အားသုံးစွဲမှုမှာ ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲလျက်ရှိကြောင်း နှစ်စဉ်ဓာတ်အားသုံးစွဲမှုမှတ်တမ်းများအရ သိရှိရသည်။

### ဆန်းစစ်မှုများ ပြုလုပ်

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ ရရှိနိုင်စေရန် ဆန်းစစ်မှုများပြုလုပ်ကာ ပိုမိုအဆင်ပြေစေရေး


ရေကြီးရေလျှံမှုကာကွယ်ရန် ငမိုးရိပ်ချောင်းရိုးတစ်လျှောက်၌ ရေတားအဖြစ် သဲအိတ်များ ဖို့စဉ်

**ဈေးနှုန်းသက်သာသော၊ သန့်ရှင်းသပ်ရပ်မှုရှိသော စနစ်တကျရှိလှသည့် ညဈေးတန်းအဖြစ် ဖော်ဆောင်နိုင်ခဲ့ပြီး ညဈေးတန်းပေါ်ပေါက်လာခြင်းကြောင့် ယာဉ်ကြောကျပ်တည်းခြင်းဆိုသော အခြေအနေတွေကိုလည်း ကျော်လွှားအောင်မြင်ခဲ့ပြီဖြစ်**


ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေဘေးကျရောက်သည့် ဒေသများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်

လျှပ်စစ်မီးကို လိုသလောက်သုံးနိုင်ရေး၊ ပြည့်ဝသည့် လျှပ်စစ်မီးရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း Master Plan တစ်ခု ဆောင်ရွက်လျက်ရှိသည်။

တိုးတက်သုံးစွဲလာမည့် ဓာတ်အားများ၊ အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် တိုင်းဒေသကြီးအတွင်း၌ရှိသည့် ဓာတ်အားခွဲရုံများ၏ လက်ရှိဝန်အားများ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖော်မာများ အသစ်တိုးချဲ့တပ်ဆင်ခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ရှည်လျား၊ ရှုပ်ထွေး ဆားဗစ်ကြိုးများ ရှင်းလင်းခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်မြို့နယ်၊ ဒလမြို့နယ်၊ တာမွေမြို့နယ်၊ လှိုင်သာယာမြို့နယ် စသည့် မြို့နယ် လေးမြို့နယ်ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ရှည်လျား၊ ရှုပ်ထွေး ဆားဗစ်ကြိုး ရှင်းလင်းခြင်းလုပ်ငန်းများကို ပထမအဆင့် ဦးစားပေးဆောင်ရွက်ခဲ့ပြီး ကျန်မြို့နယ်များတွင်လည်း ပြည်သူပါဝင်သော လုပ်ငန်းအဖြစ် ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ရာ စုစုပေါင်း ရှည်လျား၊ ရှုပ်ထွေးဆားဗစ်ကြိုး ရှင်းလင်းရမည့်နေရာ ၁၁၉၁ နေရာရှိသည့်အနက် ၄၆၇ နေရာရှိ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

### စုစုပေါင်းဘဏ္ဍာငွေ ၃၈ ဒသမ ၂၃၅ ဘီလီယံကျပ်

၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းတိုးတက်ရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ နိုင်ငံခြားငွေ ၁၇ ဒသမ ၀၈၃ ဘီလီယံကျပ်အပါအဝင် စုစုပေါင်းဘဏ္ဍာငွေ ၃၈ ဒသမ ၂၃၅ ဘီလီယံကျပ်ကျခံသုံးစွဲကာ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်တဲ့နေရာမှာ လျှပ်စစ်မီးဟာ အရေးကြီးပါတယ်။ လျှပ်စစ်ရဲ့ ကဏ္ဍသုံးခုဖြစ်တဲ့ ထုတ်လုပ်မှု၊ သွယ်တန်းမှု၊ ဖြန့်ဖြူးမှုအပိုင်းတွေကောင်းမွန်အောင် ကျွန်တော်တို့လုပ်ကြရမှာဖြစ်ပါတယ်။ အိမ်တွေမှာ သွယ်တန်းထားတဲ့ မီးကြိုးတွေကိုလည်း တကယ့်ရှုပ်ထွေးနေတဲ့ ဆားဗစ်ဝိုင်ယာကြိုးတွေကို ကျွန်တော်တို့စနစ်တကျ ဆောင်ရွက်ခဲ့ပါတယ်။ ဒါဟာ အများပြည်သူအတွက် လုံခြုံမှုတစ်ရပ်ကိုရစေနိုင်တဲ့အပြင်ကို ကျွန်တော်တို့ရန်ကုန်တိုင်းအတွင်းမှာ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

"လျှပ်စစ်ကဏ္ဍရဲ့ အထောက်အကူတစ်ရပ်ဖြစ်နိုင်ဖို့နဲ့

အချပ်ပို(ဇ)သို့



**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ချက်နိုင်ငံ သံအမတ်ကြီး H.E.Mr.Jaroslav Dolecek တို့ တွေ့ဆုံဆွေးနွေးစဉ်**

**အချပ်ပို(ဆ)မှ**

စွမ်းအင်ကဏ္ဍမှာ LPG ဆိုင်တွေဖွင့်လှစ်နိုင်မှုကြောင့် LPG နဲ့ မီးဖိုတွေကို အသုံးချနိုင်ဖို့၊ Gas မီးဖိုတွေကို အိမ်တိုင်းမှာ အသုံးချနိုင်ဖို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားဖို့ အတွက် ပြင်ဆင်နေတယ်ဆိုတာကို ဒီနေရာမှာ အသိပေး လိုပါတယ်။

“အိမ်ရာစီမံကိန်းအသစ်တွေ၊ မြို့ပြစီမံကိန်းအသစ်တွေ အထူးစီးပွားရေးဇုန်တွေကို ကျွန်တော်တို့ ဆောင်ရွက်သွားဖို့ရှိပါတယ်။ ရန်ကုန်မြို့မှာ ရှေးဟောင်းအဆောက်အအုံပေါင်း ၂၀၀ ကျော်လောက်ကို ကျွန်တော်တို့ ထိန်းသိမ်းစောင့်ရှောက်မှုတစ်ရပ် ပြုခဲ့ပါတယ်။ ဆူးလေဘုရားဘေးနားမှာရှိတဲ့ ယခင်က တိုးရစ်ဘားမားအဆောက်အအုံ၊ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးသွားခဲ့တဲ့ အတွင်းဝန်များရုံးကိုလည်း ရှေးဟောင်းအမွေအနှစ်တွေအတိုင်း ပြန်လည်ထိန်းသိမ်း ဖို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုက်ရိုက်ကြီးကြပ်ကွပ်ကဲပြီး ဆောင်ရွက်နေဖို့ရှိပါတယ်။

**ရှေးဟောင်းအမွေအနှစ်များအဖြစ် ထိန်းသိမ်း**

ရှေးဟောင်းအဆောက်အအုံတွေကို အပြာရောင်တံဆိပ်ပြားကပ်ပြီးတော့ ဒီအဆောက်အအုံတွေကို ရှေးဟောင်းအမွေအနှစ်များအဖြစ် ထိန်းသိမ်းဖို့ ကြိုးပမ်းနေပါတယ်။ ကျေးလက်ဒေသကို အခြေပြုတဲ့ လူထုအခြေပြု ဒီခရီးသွားလုပ်ငန်းကိုလည်း တွံတေးဘက်မှာ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး Master Plan တစ်ခုကို ရန်ကုန်တိုင်းအတွင်းမှာ ဘယ်လိုရှေ့ဆက်ဆောင်ရွက်မယ်ဆိုတာ ကျွန်တော်တို့ ရေးဆွဲပြီးဖြစ်ပါတယ်။ ညောင်နှစ်ပင်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် အဓိက Center ကြီးတစ်ခု ကြိုးပမ်းဖို့အတွက် Pilot Project တွေကိုလည်း စတင်နေပြီဆိုတာကို ပြောကြားလိုပါတယ်။ အနာဂတ်မှာ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရဘက်က တစ်နှစ်တာကာလအတွင်းမှာ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း အသိပေးလိုပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။

နိုင်ငံတော်အစိုးရသစ်တာဝန်ယူပြီး တစ်နှစ်တာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ရန်ကုန်မြို့ကို ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးရန်၊ မြို့နေပြည်သူလူထုများ၏ လူနေမှုဘဝများ သာယာချမ်းမြေ့သည့် ဘဝအလှများ ပိုင်ဆိုင်နိုင်စေရန် စွမ်းနိုင်သမျှ ဆောင်ရွက်ပေးမှုများကအောင်မြင်သောအသီးအပွင့်ကောင်းများအဖြစ် ပြည်သူများ ခံစားနေကြရပြီဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကလည်း တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍတစ်ခုအဖြစ် အရေးကြီးလှသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျပ်သန်းပေါင်း ၁၀၀၀ လျာထားခဲ့ပြီး တွံတေးမြို့နယ်၊ သုံးခွမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် စသည့် မြို့နယ်များတွင် လမ်းခင်းခြင်း၊ တံတားများတည်ဆောက်ခြင်း၊ သောက်သုံးရေကန်များ တူးဖော်ခြင်းလုပ်ငန်းများကို ဒေသခံပြည်သူလူထုအတွက် ဖော်ဆောင်ပေးနိုင်ခဲ့ကြသည်။

**ဟန်ချက်ညီစွာ ဖွံ့ဖြိုး**

ကျေးလက် မြို့ပြဖွံ့ဖြိုးတိုးတက်မှု အချိုးညီဖွံ့ဖြိုးစေရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်သည့်အတွက်ကြောင့် စည်ပင်သာယာနယ်နိမိတ်များနည်းတူ ရန်ကုန်တိုင်းဒေသကြီး ပြင်ပမြို့နယ်များသည်လည်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးလာတော့မည် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက “ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဟာ ရန်ကုန်မြို့တော်အတွင်း လမ်းပန်းဆက်သွယ်ရေးတွေ ပိုမိုကောင်းမွန်လာဖို့၊ ရေကြီးရေလျှံမှုမရှိစေဖို့၊ နောက်ဖေးလမ်းကြားတွေမှာ ရေကြီးရေလျှံမှုတွေ မဖြစ်စေဖို့ ကျွန်တော်တို့ကြိုးပမ်းခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့ ပြင်ပမှာရှိတဲ့ မြို့နယ် ၁၂ မြို့နယ်ဟာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ပါတယ်။




**ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးရရှိစေရေးအတွက် လမ်းမီးများ တပ်ဆင်နေမှုကို တွေ့ရစဉ်**



**ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေများဖြန့်ဝေပေးနိုင်ရေးအတွက် ရေပိုက်များ သွယ်တန်းနေမှုကို တွေ့ရစဉ်**

**လုပသည်ထက် လှပ**

“ဒါကြောင့်မို့ စည်ပင်သာယာနယ်နိမိတ်ပြင်ပ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အထူးစီမံကိန်းအဖြစ်နဲ့ ၃၂ ဘီလီယံကို စည်ပင်သာယာနယ်နိမိတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်တွေမှာ ကျွန်တော်တို့ သုံးစွဲခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်အတွင်းမှာလည်း မြန်မာနိုင်ငံတစ်ဝန်း ရေကြီး ရေလျှံမှုတွေဖြစ်ခဲ့သော်ငြားလည်း ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးရဲ့အဝင်မှာဖြစ်တဲ့ ငမိုးရိပ်ချောင်းရိုးတစ်ကြောရေကြီးရေလျှံမှုကို တားဆီးနိုင်ခဲ့ပါတယ်။ ရန်ကုန်မြို့ရဲ့ ငမိုးရိပ်ချောင်းရိုးတစ်ကြောမှာရှိတဲ့ လှည်းကူး၊ ဒဂုံမြို့သစ်ဘက်ခြမ်းတို့မှာ ရေကြီးရေလျှံမှုတွေ လျော့ပါးသွားခဲ့ပါတယ်။ တိုက်ကြီး၊ မှော်ဘီဘက်တစ်ကြောမှာပါ ရေကြီးရေလျှံမှု ရှိပါတယ်။ ဒါဟာ ရောဝတီမြစ်ရေနဲ့ သက်ဆိုင်ပါတယ်။ ရန်ကုန်လှိုင်မြစ်နဲ့ ရောဝတီမြစ်အတွင်း ရေကြီးရေလျှံမှုတွေကို တားဆီးနိုင်ဖို့အတွက် ဘဏ္ဍာငွေ ၈ ဘီလီယံလောက်လျာထားပြီး ကြိုးပမ်းဆောင်ရွက်နေပါတယ်”ဟု ပြောသည်။

ရှေ့အနာဂတ်ရက်များတွင်လည်း ပြည်သူတို့ဘဝ လှပသည်ထက် လှပ၊ အောင်မြင်သည်ထက် အောင်မြင်ရန် ကြိုးပမ်းစွမ်းဆောင်လျက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကောင်းမွန်သောစီမံချက်များဖြင့် ဆောင်ရွက်မည်ဟု ယုံကြည်ပါကြောင်း။